www.burmeseclassic.com

မှတ်မှတ်ထင်ထင်

# မြန်မာ့သမိုင်းဝင်ဖြစ်ရပ်များ(၁၀၀)

စန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမှတ်ထင်ထင်

# မြန်မာ့သမိုင်းဝင်ဖြစ်ရပ်များ (၁၀၀)

## နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ❖ ၄၀၀၆၁၁၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၄၀၆၃၇၀၆၁၀

အုပ်ရေ ❖ ၁၀၀၀အုပ်

ထုတ်ဝေသည့်ခုနှစ် ❖ ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ

အဖုံးဒီဇိုင်း ❖ ဝင်းနိုင် (A-7)

အတွင်းဖလင် ❖ A-7 Group (Asia Plaza)

ထုတ်ဝေသူ

ဦးဝင်းမောင်ဦး (မြ-၀၄၀၇၃)
၄၇၃၊ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးနှင့်အတွင်းစာပုံနှိပ်သူ

ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ❖ ၄၀၀ကျပ်

၉၅၉.၁

နန္ဒာမိုးကြယ်

မြန်မာ့သမိုင်းဝင်ဖြစ်ရပ်များ ၁၀၀ / နန္ဒာမိုးကြယ်။ -ရန်ကုန်။
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၀။

၂၁၆ -စာ ၊ ၁၂.၅ x ၁၇.၅စင်တီ။

(၁) မြန်မာ့သမိုင်းဝင်ဖြစ်ရပ်များ ၁၀၀

# မာတိကာ

၁။ ကမ္ဘာ့အရပ်ရှည်ဆုံးတွေထဲမှာ
မြန်မာတွေကော ပါဝင်ပါသလား ၂
၂။ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်
ဘယ်ကလောင်အမည်နဲ့ ကဗျာရေးခဲ့သလဲ ၄
၃။ ကေအင်န်ဒီအိုတို့ရဲ့ လုပ်ကြံခြင်းခံလိုက်ရတဲ့
မင်းသားဆိုတာ ဘယ်သူလဲ ၆
၄။ ကျိုးသဲလေးထပ်ဆရာတော်ရဲ့ သာသနာ့ပြု
စိတ်ဓာတ်ဟာ ဘယ်လိုလဲ ၈
၅။ ကိုလိုနီခေတ်နဲ့ ဂျပန်ခေတ်စစ်ကာလမှာ
မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့တဲ့ လက်ထောက်
ဘုရင်ခံနဲ့ ဘုရင်ခံတွေဟာ ဘယ်သူတွေလဲ ၁၀
၆။ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံနဲ့ဆက်သွယ်ရာမှာ
တာဝန်ရှိ အိန္ဒိယဘုရင်ခံချုပ်တွေက
ဘယ်သူတွေလဲ ၁၂
၇။ ကမ္ဘာ့အိုလံပစ်ပွဲတော်ကို သွားရောက်
ယှဉ်ပြိုင်ခဲ့ရတဲ့ ဦးဇော်ဝိတ် ဘာကြောင့်
ပန်ချာပီခေါင်းပေါင်း ပေါင်းခဲ့ရတာလဲ ၁၄
၈။ ခြောက်ဆယ့်နှစ်နှစ်တာကာလအတွင်း
တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့
အာဇာနည် ဘယ်နှစ်ပါး ပေါ်ထွက်ခဲ့သလဲ ၁၆

www.burmeseclassic.com

www.burmeseclassic.com


၉။ ချမ်းမြေ့ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့ မိတ်ဆွေစစ် (၄)မျိုးဆိုတာ ဘာတွေလဲ ၁၈

၁၀။ ချမ်းမြေ့ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့ မိတ်ဆွေတု (၄)မျိုးဆိုတာ ဘာတွေလဲ ၂၀

၁၁။ ခေတ်စမ်းကဗျာစာဆိုဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့ကို သိပ္ပံမောင်ဝဘယ်လို ဝေဖန်ခဲ့သလဲ ၂၂

၁၂။ ဂျွန်ဆရာစံကို ဘယ်သူတွေ ဘယ်လိုမြင်ကြသလဲ ၂၄

၁၃။ ဂျပန်ခေတ်မှာ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေး ဘယ်လိုအခြေအနေရှိခဲ့လဲ ၂၆

၁၄။ ဂျပန်ခေတ်အတွင်း ‘ဗမာပြည် စာရေးဆရာအသင်း’ကို ဘယ်ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းခဲ့သလဲ ၂၈

၁၅။ ဂျပန်ပြည်မှာ ပထမဦးဆုံးရိုက်ကူးခဲ့တဲ့ မြန်မာရုပ်ရှင်ဇာတ်ကားဟာ တယ်ဇာတ်ကားလဲ ၃၀

၁၆။ ဂျွန်ဦးစောနဲ့ အပေါင်းပါတွေကို ဘယ်လို စီရင်ချက် ချလိုက်သလဲ ၃၂

၁၇။ ‘စာနယ်ဇင်း’ဆိုတဲ့ ဝေါဟာရကို ဘယ်သူ စတင်သုံးစွဲခဲ့သလဲ ၃၄

၁၈။ စုဖုရားလတ်ရဲ့ရှာပနကိုဘယ်လိုကျင်းပခဲ့ကြသလဲ ၃၆

၁၉။ စဥ့်ကူးမင်းဆိုတာ ဘယ်လိုလူစားလဲ ၃၈

၂၀။ စေတီတော်ကို ရှင်းလင်းပြီး ရောင်တော်ဖွင့်ရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်သလဲ ၄၀

၂၁။ ‘စာတတ်ငါးခုန်၊ စာကုန်မန်ကျည်းတော၊ စာပြောသဲအင်း’ဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့် ၄၂

၂၂။ ဆရာကောင်းဆရာမြတ်ရဲ့ အရည်အချင်းဆိုတာ ဘာတွေလဲ ၄၄

၂၃။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ ၄၆

၂၄။ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ ဝေဒနာရှင်တို့အတွက် တောင်တန်းသာသနာပြု ဆရာတော်ကြီးရဲ့ ဆေးနည်းက ဘာတဲ့လဲ ၄၈

၂၅။ ဆရာဇော်ဂျီအနှစ်သက်ဆုံး မြန်မာစာအုပ် (၁၀)အုပ်နဲ့ နိုင်ငံခြားစာအုပ် (၅)အုပ်ဟာ ဘာတွေတဲ့လဲ ၅၀

၂၆။ ဦးဖေမောင်တင်နှစ်သက်တဲ့ မြန်မာစာအုပ်(၁၀) အုပ်နဲ့နိုင်ငံခြားစာအုပ် (၅) အုပ်ကဘာတွေတဲ့လဲ ၅၂

၂၇။ ဦးဘိုးစိန်ကိုပရိသတ်တွေဘာကြောင့်စွဲမက်ရတာလဲ ၅၄

၂၈။ တောင်ပုလုဆရာတော်ဘုရားနဲ့ ပတ်သက်လို့ အံ့ဖွယ်ဘနန်း ဖြစ်ရပ်ဆန်း တစ်ခုဟာ ဘာလဲ ၅၆

၂၉။ တောင်ပုလုဆရာတော်ကြီး ဆောက်တည်ခဲ့တာ ဘယ်ရှုတင်လဲ ၅၈

၃၀။ ဒုလ္လဘရဟန်းတွေရဲ့ တစ်နေ့တာလုပ်ငန်းတွေဆိုတာ ဘာတွေလဲ ၆၀

၃၁။ ဒေါ်ဦးဇွန်းရဲ့ အမှုအကျင့် စိတ်နေသဘောထားဟာ ဘယ်လိုရှိသလဲ ၆၂

၃၂။ နတ်တော်လဆန်း ၁ ရက်နေ့ကို ဘာကြောင့် စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသလဲ ၆၄

၃၃။ ‘နန္ဒိသေနပျို့’ဟာ ငါးရာ့ငါးဆယ်ဇာတကမှာ ဘယ်နိပါတ်ဇာတ်တော်ကို အခြေခံပြီးရေးဖွဲ့တာလဲ ၆၆


www.burmeseclassic.com

www.burmeseclassic.com

၃၄။ နိုင်ငံတော်လုပ်ကြံမှုကြီးမှာ ဘယ်သူတွေ
လွတ်မြောက်ခဲ့ကြသလဲ ၆၈
၃၅။ နယ်ချဲ့အင်္ဂလိပ်တွေ မတရားသိမ်းယူသွားခဲ့တဲ့
မြန်မာနန်းစဉ်ကျောက်ကြီးတွေဆိုတာ ဘာတွေလဲ ၇၀
၃၆။ ပုဂံမင်းလက်ထက်က ဖခင်ရဲ့မျက်နှာမထောက်ဘဲ
အမျိုးသားရေးသစ္စာကိုဖောက်ခဲ့သူဟာ ဘယ်သူလဲ ၇၂
၃၇။ ပထမဆုံး စာဆိုတော်နေ့အခမ်းအနားကို
ဘယ်မှာကျင်းပခဲ့ပါသလဲ ၇၄
၃၈။ ပြည်သူ့ဂျာနယ်ကို တရားစွဲခဲ့တဲ့
ရုပ်ရှင်မင်းသမီးဆိုတာ ဘယ်သူလဲ ၇၆
၃၉။ ပန်းသာမခါဥဝဏ္ဏဟာ
ဘာကြောင့် 'ပန်းသာမစာဥ' ဖြစ်ခဲ့ရတာလဲ ၇၈
၄၀။ ပြင်စည်မင်းသားကြီးရေးစပ်ခဲ့တဲ့
သီချင်းကြီးပေါင်း ဘယ်နှစ်ပုဒ် ရှိသလဲ ၈၀
၄၁။ ပယ်တာကိုလက်ခံပေမဲ့ပြင်ဆင်တာကို လက်မခံသူ
ခေါင်းမာတဲ့ ကာတွန်းဆရာကြီးဆိုတာဘယ်သူလဲ ၈၂
၄၂။ ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ခဲ့တာ
တပေါင်းလထဲလား၊ တန်ခူးလထဲလား ၈၄
၄၃။ ဖိုးဝဇီရကို အင်တာဗျူးရတဲ့ အခက်အခဲနဲ့
ပတ်သက်ပြီး ဆရာကြီးမဟာဆွေဘယ်လို
မှတ်တမ်းတင်ခဲ့သလဲ ၈၆
၄၄။ ဗုဒ္ဓသာသနာအလံကို တီထွင်ခဲ့တာ ဘယ်သူလဲ ၈၈
၄၅။ 'ဗမာ့လွတ်လပ်ရေး စီစဉ်မှုအဖွဲ့'ကို ဂျပန်အာဏာ
ပိုင်တွေက ဘယ်သူတွေနဲ့ ဖွဲ့စည်းပေးခဲ့သလဲ ၉၀
၄၆။ ဗုဒ္ဓဘုရားရှင်ဟာ အဘိဓမ္မာတရားတော်ကို
တာဝတိံသာမှာ ဘာကြောင့် ဟောကြားခဲ့သလဲ ၉၂
၄၇။ ဗူးဘုရားကို ဗြိတိသျှတို့ ဘယ်လိုမြင်ခဲ့ကြသလဲ ၉၄
၄၈။ ဗားနတ် ပိဋကတ်စာကြည့်တိုက်လို့
ဘာကြောင့် အမည်တွင်ရတာတဲ့လဲ ၉၆
၄၉။ ဘိုးတော်ဘုရားလက်ထက် ပုပ္ပါးမှာ
ဘာပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့သလဲ ၉၈
၅၀။ ဘယ်ကာလတွေမှာ မုန်တိုင်းဖြစ်ပေါ်တတ်သလဲ ၁၀၀
၅၁။ ဘုန်းတော်ကြီး ဦးသီလနဲ့ ပတ်သက်ပြီး
ဘာထူးဆန်းတာတွေ ဖြစ်ခဲ့လဲ ၁၀၂
၅၂။ ဘာသာရေးအတုနဲ့အစစ်ကို မဟာဂန္ဓာရုံ
ဆရာတော်ကြီး ဘယ်လိုခွဲခြားပြသလဲ ၁၀၄
၅၃။ ဘုရားကိုးဆူပူဇော်ပွဲအတွက် ရုပ်ပွားတော်
တွေကို ဘယ်နေရာတွေမှာ ထားရမလဲ ၁၀၆
၅၄။ မုန်တိုင်းအင်အားနဲ့ ဦးတည်ရာနေရာအလိုက်
အရောင်တွေ ဘယ်လိုသတ်မှတ်ထားသလဲ ၁၀၈
၅၅။ မြန်မာ့လွတ်လပ်ရေးအတွက် တပ်လှန့်နှိုးဆော်
ခဲ့တာ ဘယ်စာအုပ်တွေလဲ ၁၁၀
၅၆။ မြို့နယ်ဒေသ အသီးသီးက ရေနံမြေ
သပိတ်တပ်ကြီးကို ဘယ်လိုမျိုး ကူညီမှုတွေ
ပေးခဲ့ကြသလဲ ၁၁၂
၅၇။ မြန်မာစာပေသမိုင်းမှာ တွေ့ဆုံမေးမြန်းခန်း
တွေကို အစောဆုံး စတင်ခဲ့တဲ့
စာရေးဆရာနှစ်ဦးဟာ ဘယ်သူတွေလဲ ၁၁၄

www.burmeseclassic.com

www.burmeseclassic.com


၅၈။ မြန်မာစာနယ်ဇင်းသမိုင်းမှာ ပထမဆုံးလုပ်ကြံ
သတ်ဖြတ်ခံရတဲ့ သတင်းစာဆရာ
အယ်ဒီတာဆိုတာ ဘယ်သူလဲ ၁၁၆

၅၉။ မန္တလေး ၁၃၀၀ ပြည့်အရေးတော်ပုံမှာ ကျဆုံး
ခဲ့တဲ့ အာဇာနည် (၁၇)ဦးဟာ ဘယ်သူတွေလဲ ၁၁၈

၆၀။ မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့နေ့မှာ
ဘယ်လိုထူးခြားမှုတွေ ရှိခဲ့သလဲ ၁၂၀

၆၁။ မြန်မာ့ရာဇဝင်မှာ သက်တော်ရာကျော်တဲ့
ဘုရင်တွေဆိုတာ ဘယ်သူတွေပါလဲ ၁၂၂

၆၂။ မဟာဗန္ဓုလကျောက်တိုင်ကို ဘယ်တုန်းက
အုတ်မြစ်ချပြီး ဘယ်ကာလမှာ ဖွင့်လှစ်ခဲ့သလဲ ၁၂၄

၆၃။ မြန်မာနိုင်ငံရဲ့ ပထမဆုံး ဇာတ်လမ်းရုပ်ရှင်ဟာ
ဘယ်ရုပ်ရှင်ဇာတ်ကားလဲ ၁၂၆

၆၄။ မြင်းကွန်းမင်းသားကြီးရဲ့ နာရေးဖိတ်ကြားစာကို
သူရိယသတင်းစာတိုက်က ဘယ်လိုဖော်ပြခဲ့သလဲ ၁၂၈

၆၅။ မြန်မာနိုင်ငံရဲ့ပထမဦးမီးရထားလမ်းဟာ
ဘယ်မီးရထားလမ်း ဖြစ်သလဲ ၁၃၀

၆၆။ မုန်းသူကို ချစ်လာအောင် မင်းကွန်း
ဆရာတော်ကြီး ဘယ်လိုလုပ်ခဲ့သလဲ ၁၃၂

၆၇။ မိန်းမတွေကို မြွေလိုသဘောထားပြီး ရှင်ဇနကာ
ဘိဝံသ ရေးစပ်ခဲ့တာ ဘယ်တေးထပ်လဲ ၁၃၄

၆၈။ မြန်မာနိုင်ငံကို ပထမဆုံးရောက်လာတဲ့
ဥရောပတိုက်သားဆိုတာ ဘယ်သူလဲ ၁၃၆

၆၉။ ယော်မင်းကြီး ဦးဘိုးလှိုင်ကို မင်းတုန်းမင်းကြီးက
ဘာကြောင့် လုံနဲ့ထိုးဖို့ ရွယ်ရသလဲ ၁၃၈

၇၀။ ရေနံမြေသပိတ်အရေးအခင်းနဲ့ ပတ်သက်ပြီး
သခင်ဘိုးလှကြီးက မေတ္တာရပ်ခံစာ
ဘယ်လို ထုတ်ပြန်ခဲ့သလဲ ၁၄၀

၇၁။ ရဟန္တာစစ်မှန်ရင် ဘယ်အရာတွေကို
ရှောင်ကြဉ်ကြသလဲ ၁၄၂

၇၂။ ရတနာပုံခေတ်က သက်တော်ရှည်ဆရာတော်ကြီး
၉ ပါး ဘာကျင့်စဉ်တွေ ကျင့်ခဲ့ကြသလဲ ၁၄၄

၇၃။ ရသေ့ကြီး ဦးခန္တီ မင်းတုန်းမင်းဝင်စားတာ
ဟုတ်ပါသလား ၁၄၆

၇၄။ ရွှေတိဂုံဘုရားမှာရှိတဲ့ ထူးခြားတဲ့
(၉)ဌာနဆိုတာ ဘာတွေလဲ ၁၄၈

၇၅။ ရသေ့ကြီး ဦးခန္တီဟာ ဘယ်မြို့၊ ဘယ်နေရာ၊
ဘယ်ဌာနတွေမှာ သာသနိက
အဆောက်အဦတွေ လှူခဲ့သလဲ ၁၅၀

၇၆။ ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံတည်ဖို့
အကြံပေးခဲ့တာ ဘယ်သူလဲ ၁၅၂

၇၇။ ရုပ်ခန္ဓာပျောက်ဆုံးပြီး ဘဝသိမ်းသွားခဲ့တဲ့
ဆရာတော်ကြီးဆိုတာ ဘယ်သူလဲ ၁၅၄

၇၈။ လယ်တီဆရာတော်ကြီး ပြုစုခဲ့တာ
ကျမ်းတွေ ဘယ်လောက်တောင် ရှိသလဲ ၁၅၆


www.burmeseclassic.com

www.burmeseclassic.com


၇၉။ လယ်တီဆရာတော်ကြီးရဲ့ အံ့ဖွယ်ဝိသေသ
တွေဟာ ဘာတွေလဲ ၁၅၈

၈၀။ ဝါတော် ၄၅ ဝါလုံး ဘုရားရှင် ဘယ်တွေမှာ
ဘယ်လောက် သီတင်းသုံးခဲ့သလဲ ၁၆၀

၈၁။ ဝေဘူဆရာတော်ကြီးက သံသရာက လွတ်
မြောက်အောင် ဘယ်လိုတရားကို ဟောခဲ့သလဲ ၁၆၂

၈၂။ ဝိဇ္ဇာဘယ်နှစ်မျိုးရှိသလဲ၊
ဘယ်ဝိဇ္ဇာက အမြတ်ဆုံးလဲ ၁၆၄

၈၃။ သပြေညိုကဗျာနဲ့ ပတ်သက်ပြီး
အံ့ဖွယ်တိုက်ဆိုင်မှုတွေ ဆိုတာဘာတွေလဲ ၁၆၈

၈၄။ သုဓာတာကို 'ဘုရားရှင် ဟောကြားခဲ့တဲ့
ဇနီးမယား (၇) မျိုးဟာ ဘာတွေလဲ ၁၇၀

၈၅။ သမထနဲ့ ဝိပဿနာ
ဘာတွေ ဘယ်လို ကွဲပြားသလဲ ၁၇၂

၈၆။ သီပေါဘုရင်ရဲ့သမက်က အင်္ဂလန်ဘုရင်ခံကို
ဘယ်လို စိန်ခေါ်ခဲ့သလဲ ၁၇၄

၈၇။ သေနတ်မီးမကူး ကျည်မထွက်ဘူးဆိုတဲ့
ဆရာတော်ဟာ ဘယ်ဆရာတော်ဖြစ်ပါသလဲ ၁၇၆

၈၈။ သီပေါမင်းလက်ထက် ထင်ရှားတဲ့
ဝန်ကြီးမှူးကြီးတွေဟာ ဘယ်သူတွေလဲ ၁၇၈

၈၉။ သခင်ရယ်လို့ စတင်ဖြစ်လာအောင်
တည်ထောင်လိုက်တာ ဘယ်အဖွဲ့အစည်းလဲ ၁၈၀

၉၀။ သီပေါမင်းလက်ထက် တိုင်းပြည်ကို
ဌာန ဘယ်နှစ်ခုထားပြီး ဖွဲ့စည်းအုပ်ချုပ်ခဲ့သလဲ ၁၈၂

၉၁။ အနှာမျိုး (၉၆)ပါးဆိုတာ ဘာတွေလဲ ၁၈၄

၉၂။ အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်း
နတ်တွေဆိုတာ ဘာတွေတဲ့လဲ ၁၈၆

၉၃။ အမျိုးသားနေ့ ဖြစ်ပေါ်လာဖို့
အဆိုတင်သွင်းခဲ့သူဟာ ဘယ်သူဖြစ်သလဲ ၁၈၈

၉၄။ အရိယာဝိဇ္ဇာလမ်း ပေါက်ရောက်ထမြောက်ဖို့
ဘယ်အင်္ဂါရပ်တွေလိုသလဲ ၁၉၀

၉၅။ အရက်တက်တာ
ဘယ်လတွေမှာ ဘယ်အချိန်လဲ ၁၉၂

၉၆။ အလောင်းမင်းတရားကြီးလက်ထက်က
ကျမ်းပြုပညာရှင် စာဆိုတော်တွေဟာ
ဘယ်သူတွေပါလဲ ၁၉၄

၉၇။ အမတ်ကြီးဦးပေါ်ဦး၊ လယ်တီပဏ္ဍိတ
ဦးမောင်ကြီးနဲ့ ရွှေစကြာ ဦးစိုးမြင့်တို့
သေတမ်းစာ ဘယ်လိုရေးခဲ့ကြသလဲ ၁၉၆

၉၈။ အင်္ဂလိပ်ခေတ်က အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ
လူပညာရှိ ငါးဦးဟာ ဘယ်သူတွေလဲ ၁၉၈

၉၉။ ဦးသန့်ကို ကုလသမဂ္ဂအထွေထွေ
အတွင်းရေးမှူးချုပ် အဖြစ် ဘယ်တုန်းက
စပြီး အစမ်းခန့်အပ်ခဲ့တာလဲ ၂၀၀

၁၀၀။ ဥပသကာစစ်စစ်ဖြစ်ဖို့
ဘယ်လိုအရည်အချင်းတွေ လိုအပ်သလဲ ၂၀၃


www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့အရပ်ရှည်ဆုံးတွေထဲမှာ မြန်မာတွေကော ပါဝင်ပါသလား

ယနေ့ ကမ္ဘာ့ဂင်းနစ်စံချိန်တွင် အရပ်အရှည်ဆုံးလူသား စံချိန်ကို တင်ထားကြသူတို့မှာ နိုင်ငံခြားတိုင်းပြည်များမှ ဖြစ်နေပါသည်။ စင်စစ် ထိုသူတွေထက် မိမိတို့ မြန်မာနိုင်ငံတွင် အရပ်မြင့်သူများ ရှိခဲ့သည်ဆိုလျှင် ယုံတမ်းစကားဟူ၍ ထင်ကြပါလိမ့်မည်။

တကယ်တော့ ယုံတမ်းစကား မဟုတ်ပါ။ အမှန်တကယ် ရှိခဲ့သည်ဆိုသော အထောက်အထားများ ရှိနေပါသည်။ ထို အထောက်အထားများမှာ မိမိတို့မြန်မာနိုင်ငံ ကုန်းဘောင်ခေတ် လက်ထက်တော်ကြီးအခါက ရှေးပညာရှင်များ စနစ်တကျ အထောက်အထား သာဓက ခိုင်ခိုင်မာမာနှင့် ပြုစုထားသော နန်းတွင်း ပရပိုဒ်ဖြူလာ မှတ်တမ်းအချက်အလက်များ ဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက်တော်ကြီးအခါက တိုင်းပြည်လူထုတွင် ထူးထူးကဲကဲ ဆန်းဆန်းပြားပြား ဖြစ်ပေါ်လာတတ်သော အကြောင်းအရာများကို နန်းစဉ်ပုရပိုဒ်ဖြူများ၌ ပညာရှိအများက ရေးမှတ်ထားရလေ့ရှိသည်။ သာဓကအားဖြင့် ထူးဆန်းသော အတိတ်နိမိတ်ပေါ်ခြင်း၊ သဘာဝလွန်တိရစ္ဆာန်များ၊ လူသားများ တွေ့ရှိခြင်းစသော ထူးခြားဖြစ်ရပ်များကို ရက်၊ လ၊ အတိအကျနှင့် မှတ်တမ်းတင် ပြုစုထားကြရသည်။ ဤကဲ့သို့ ထူးကဲစွာဖြစ်သော အကြောင်းအရာများကို မှတ်တမ်းတင်ရာတွင် ဓာတ်ပုံရိုက်ကူးသော ကင်မရာများ ပေါ်ပေါက်ခြင်းလည်း မရှိသေးသဖြင့် နန်းတွင်းပန်းချီကျော်များက ပုံတူကူးဆွဲ မှတ်တမ်းတင်ထားပြီး နန်းတွင်းသူ၊ နန်းတွင်းသားများ အထူးစည့်သည်



တော်များသည် ဤပရပိုဒ်ဖြူ မှတ်တမ်းများကို လေ့လာကြည့်ရှုနိုင်ကြသည်ဟုဆိုသည်။ ဤမှတ်တမ်းများအရ မြန်မာသက္ကရာဇ် ၁၁၅၃ ခုနှစ်ဘိုးတော်မင်းတရားကြီးလက်ထက်တွင် ရတနာသိင်္ဃမြို့နယ် ကအုကျေးရွာမှ အရပ် ၇ တောင်မြင့်သော ကအုံလူကြီးတစ်ဦးသည် ဘိုးတော်မင်းတရားထံ အမှုတော်ထမ်းရန် ရောက်လာခဲ့သည်ဟု သိရ၏။

ယင်း ကအုံလူကြီးသည် အရပ် ၇ တောင် ရှိသည်ဆို၍ ယနေ့အတိုင်းအတာအားဖြင့်တိုင်းသော် ၁၀ ပေ၊ ၆ လက်မ ရှိနေသည်ကို အံ့ဩစွာတွေ့ရှိရပေ၏။ ယင်းနန်းတွင်း ပုရပိုက်ဖြူမှတ်တမ်းမှာပင် မြန်မာသက္ကရာဇ် ၁၁၈၃ ခုနှစ်တွင် ဘကြီးတော်မင်းတရားလက်ထက်တွင် အထက်ဖော်ပြပါ ရတနာသိင်္ဃမြို့နယ် ကအုံကျေးရွာမှ ကအုံလူကြီး၏ မြေးတော်သူ အရပ်ခြောက်တောင်တစ်ဝိုက်ရှိသော လူတစ်ဦးသည် ဘကြီးတော်မင်းတရားထံ အမှုတော်ထမ်းရန် လာရောက်ခဲ့သည်ဟု မှတ်တမ်းတင်ထားခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၀၃ ခုနှစ်၊ ရွှေဘိုမင်းလက်ထက်တော်ကြီးတွင် ဒလမြို့ သမြင်တို အရပ်မှ မင်းတရားထံ အမှုတော်ထမ်းရောက်ရန်လာသော မိအံ့ကြီးဆိုသူမှာလည်း ဒ၊ ရပ် ၅ တောင် ရှိသည်ဟု သိရ၏။ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ၏ ပုံသဏ္ဍာန်များကို နန်းတွင်းပန်းချီကျော်များက မှတ်တမ်းတင်ရေးဆွဲထားခဲ့သည်။ ဤနန်းတွင်း ပရပိုက်ဖြူမှတ်တမ်းအရ ဆိုရသော် ယနေ့ကမ္ဘာ့စံတော်ချိန် မှတ်တမ်းများအရ ကမ္ဘာ့အရပ်ရှည်လူသားများသည် မိမိတို့မြန်မာနိုင်ငံမှ အရပ်ရှည်ဆုံး မှတ်တမ်းတင်သူများကို ကျော်လွန်နိုင်ခြင်း မရှိသေးဟု ဆိုရမည် ဖြစ်ပါကြောင်း။ ❒

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူး ဦးသန့် ဘယ်ကလောင်အမည်နဲ့ ကဗျာတွေ ရေးခဲ့သလဲ

ဦးသန့်သည် စာပေအနုပညာအပေါ်၌ မြတ်နိုးနှစ်သက်သူ၊ မြန်မာစာပေကို ကြီးပွားတိုးတက်စေလိုသူ၊ ၎င်းကိုယ်တိုင်လည်း စာပေရေးသားခြင်း အားထုတ်နေသူဖြစ်ပါသည်။ ခေတ်စမ်းကဗျာလောကကို ဦးဆောင်နေကြသော ဆရာဦးဝန် (မင်းသုဝဏ်)နှင့် ဆရာဦးသိန်းဟန် (ဇော်ဂျီ)တို့၏ တိုက်တွန်းမှု၊ ကိုယ်တိုင်ကလည်း စာကဗျာ ရေးသားလိုမှုတို့က စေ့ဆော်တိုက်တွန်းလာသဖြင့် ဦးသန့်သည် ဂန္ထလောကမဂ္ဂဇင်း၌ 'မငိုနဲ့ကွယ်'ဆိုသည့် လေးချိုးသံချိုကဗျာ တစ်ပုဒ်ကို ရေးဖွဲ့ခဲ့ပါသည်။ ဦးသန့်၏ ကလောင်အမည်ကား 'သီလဝ' ဖြစ်၏။ ထိုကလောင်အမည်ဖြင့် ခေတ်စမ်းကဗျာများ ရေးဖွဲ့ခဲ့သည်။

### မငိုနဲ့ကွယ်

အို အေအေ အမေချော့လို့
တိတ်ပါတော့ မယ့်သည်းချာ။
ခိုပြာ ခိုဖြူနဲ့
တကူကူ ကျီးတွေ ရောက်ပါလို့



မိဿိလာ ကန်တော်အောက်ဆီက
ဖားကောက်ဖို့ အမေမှာ။
အေအိုအို ကြောင်ကြီးက
အမြီးခပ်တိုတို
မေ့သားကို လာ၍ ကိုက်ပါလိမ့်
မေရိုက်မယ် မောင်မငိုနဲ့
ဒီကြောင်အို အဆိုးစားပါလို့
အသားကို သူမျိုတတ်တယ်ကွဲ့
ရုပ်တော့အသာ။
အိုအေအေ ပါးပြင်နုမှာလ
ပုလဲဥ မျက်ရည်ယို
သည့်တိုင်းသာ အငိုဆက်ရင်ဖြင့်
ခက်လေပြီ သည်တမိမှာတော့
ကလေးဘော ဘယ်မှာရှိလေဘိ
သိချင်လှ စိတ်မကြည်
ဘယ်ဆီမှာ မရှာအား။
အေအိုအို အသာပိုက်ပါလို့
ရွှေနို့ချို အမေတိုက်မယ်ကွဲ့
ငိုရှိုက်ခါ မောင်မနေနဲ့
ကလေးဘော ပြန်လာရောက်ခါမှ
စားသောက်ရန် ချိုချဉ်လှိုင်၍
နှစ်ယောက်ပြိုင် အတူချော့မယ်ကွဲ့
တိတ်တော့ မေ့သား။

www.burmeseclassic.com

www.burmeseclassic.com



## ကေအင်ဒီအိုတို့ရဲ့ လုပ်ကြံခြင်း ခံလိုက်ရတဲ့ မင်းသားဆိုတာ ဘယ်သူလဲ

ကေအင်ဒီအိုတို့၏ လုပ်ကြံခြင်းကိုခံလိုက်ရသော မင်းသားကြီးဆိုသူမှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ သားတော်ဖြစ်သော လင်းပင်မင်းသားကြီးနှင့် ရေနံ့သာခင်ခင်ကြီးတို့မှ ဖွားမြင်သည့် အငယ်ဆုံးသားတော် ခရိုင်ဝန်ထိပ်တင်ဒွေး ဖြစ်ပါသည်။

မင်းသားထိပ်တင်ဒွေးသည် ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့၌ ကေအင်န်ဒီအိုတို့၏ လုပ်ကြံမှုကို ခံခဲ့ရကြောင်း စက်တင်ဘာလ ၁၆ ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ဖော်ပြခဲ့၏။

လင်းပင်ထိပ်တင်ဒွေးသည် အိန္ဒိယနိုင်ငံ၊ အလ္လဟာဗက်မြို့၌ ၁၉၀၅ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် လင်းပင်မင်းသားကြီးနှင့် ရေနံ့သာခင်ခင်ကြီးတို့မှ ဖွားမြင်ခဲ့သော အငယ်ဆုံးသားတော်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်၌ ပညာဆည်းပူးခဲ့သူ ဖြစ်ပါသည်။



၎င်းသည် ထားဝယ်ခရိုင် သရက်ချောင်းမြို့အုပ်၊ အခွန်ဝန်၊ အင်းစိန် နယ်ပိုင်ဝန်ထောက်ရာထူးများဖြင့် အမှုထမ်းခဲ့ဖူးပြီး မြိတ်ခရိုင်ဝန်အဖြစ် ခန့်ထားခြင်း ခံခဲ့ရသူဖြစ်၏။

ထို့ပြင် သီဟသူရဘွဲ့ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသူဖြစ်ပါသည်။

မြိတ်ခရိုင်ဝန် ထိပ်တင်ဒွေး၏ ဈာပနအခမ်းအနားသို့ တရားဌာနာဝန်ကြီး ဦးခင်မောင်လတ်၊ ချင်းရေးရာဝန်ကြီး ဦးဝမ်သူမောင်၊ သာသနာ့နှင့်ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ငြိမ်းတို့ တက်ရောက်ခဲ့ကြကြောင်း (၁၆–၉–၁၉၅၁) ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာ၌ ဖော်ပြခဲ့ပါသည်။ လင်းပင်ထိပ်တင်ဒွေးသည် မန္တလေးနန်းတွင်း အရေးတော်ပုံဖြစ်သော မြင်းကွန်းမြင်းခုန်တိုင် ပုန်ကန်မှု၌ လုပ်ကြံခြင်း ခံခဲ့ရသော ခေတ်မီမြန်မာနိုင်ငံတော်ကြီးကို ထူထောင်လိုသည့် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ မြေးတော် အရင်းအချာဖြစ်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ကျီးသဲလေးထပ် ဆရာတော်ရဲ့ သာသနာပြုစိတ်ဓာတ်ဟာ ဘယ်လိုလဲ

ကျီးသဲလေးထပ်ဆရာတော်အား ခံတော်ဦးအောင်မင်း (တရားသူကြီး)နှင့် ဒေါ်ဂျမ်းဘုံတို့မှ ၁၁၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့တွင် ရွှေတောင်မြို့၊ ကျီးသဲရွာ ရှမ်းတန်းကလေးရပ်တွင် ဖွားမြင်ခဲ့သည်။ ဆရာတော်၏ ရဟန်းဘွဲ့မှာ အရှင်မုနိန္ဒာဘိဓဇ ဖြစ်ပြီး။ ကျမ်းပေါင်း (၃၇) ကျမ်း ကျော်ကို ရေးသား ပြုစုခဲ့သည်။

နယ်ချဲ့မိစ္ဆာလက်အောက်ခံဘဝကို မျက်မြင်ကိုယ်တွေ့ဖြစ်လာရသော ကျီးသဲလေးထပ်ဆရာတော်သည် မြန်မာတိုင်းရင်းသားအပေါင်း၏ အသိစိတ်ဓာတ် နိုးကြားလာစေရန်နှင့် သာသနာ့အန္တရာယ်ကို သုတ်သင် ဖယ်ရှားတတ်ကြစေရန် 'ဒုဋ္ဌာဂါမဏိပြဇာတ်'ကို ရေးသားလှူ့ဒါန်းခဲ့၏။ ဤတွင် မန္တလေး၌ပုဂံမင်းကို ပုန်ကန်ခြားနားပြီး မင်းတုန်းမင်း နန်းတက်လာခဲ့၏။ မင်းတုန်း



မင်းကြီးကား သာသနာပြုမင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်သည့်နှင့်အညီ မြန်မာနိုင်ငံ၏အကြီးဆုံး စာအုပ်ဟု ခေါ်ဆိုရမည့် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ခဲ့၏။

ထိုအတွင်း ကျီးသဲလေးထပ်ဆရာတော်၏ ဇိနတ္ထပကာသနီကျမ်းကို ကြားနာမိရာမှ ကြည်ညိုစိတ်အတိုင်းမသိ ဖြစ်ပေါ်လာပြီး မန္တလေးရတနာပုံနေပြည်တော်သို့ ပင့်ခေါင်ကိုးကွယ်လိုစိတ်ပေါ်လာကာ သင်္ဂဇာဆရာတော်အား လျှောက်ထားတောင်းပန်ခဲ့လေ၏။ သင်္ဂဇာဆရာတော်သည် ရွှေတောင်မြို့သို့ ရောက်လေသော် ကျီးသဲလေးထပ်ဆရာတော်နှင့် ပရိယတ်၊ ပဋိပတ်ဆိုင်ရာ အမေးအဖြေများ ပြုလုပ်ကြပြီးနောက် လာရင်းကိစ္စကို လျှောက်ထားလေ၏။ သာမန်ဆိုလျှင် ဤကိစ္စသည် ဝမ်းမြောက်ဝမ်းသာစွာ လက်ခံသင့်သောကိစ္စ ဖြစ်သည်။ သို့ရာတွင် ကျီးသဲလေးထပ်ဆရာတော်ကား တုန်လှုပ်ခြင်းမရှိဘဲ ၎င်း၏ သာသနာပြု စိတ်ဓာတ်ကား အောက်ပါအတိုင်း ခပ်ရှင်းရှင်းပင် ပြန်လည်တင်ပြခဲ့ပါသည်။

"နေပြည်တော်တွင် စွယ်စုံပညာရှင် အလုံအလောက်ရှိနေကြောင်း ကုလားဖြူမိစ္ဆာတို့ လက်အောက်ရှိ မြန်မာတိုင်းရင်းသားများမှာ ဘာသာ၊ သာသနာ ယဉ်ကျေးမှုရိုးရာဓလေ့ ကွယ်မေ့ကြပြီး မိစ္ဆာဝါဒီများ ဖြစ်သွားကြမည်ကို စိုးရိမ်ရကြောင်း၊ တောသူ တောင်သား၊ လယ်သမား ဆင်းရဲသားတို့၏ တောထမင်းဟောဟင်းကိုသာစားပြီး သာသနာပြုလိုပါကြောင်း"

❐

www.burmeseclassic.com

www.burmeseclassic.com



## ကိုလိုနီခေတ်နဲ့ ဂျပန်ခေတ် စစ်ကာလမှာ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့တဲ့ လက်ထောက်ဘုရင်ခံနဲ့ ဘုရင်ခံတွေဟာ ဘယ်သူတွေလဲ

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား နည်းအမျိုးမျိုးဖြင့်နယ်ချဲ့သိမ်းပိုက်ခဲ့သည်။ ထို့နောက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအတွက် ဦးစွာ လက်ထောက်ဘုရင်ခံများ ထားရှိအုပ်ချုပ်စေခဲ့၏။ လက်ထောက်ဘုရင်ခံ စုစုပေါင်းမှာ (၈)ဦးရှိပြီး ၁၈၉၇ ခုနှစ်မှ ၁၉၂၂ ထိ အောက်ပါအတိုင်းဖြစ်ပါသည်။

| လက်ထောက်ဘုရင်ခံအမည် | အုပ်ချုပ်သည့်ကာလ |
|---|---|
| ၁။ ဆာ အိုင်ဒဗလျူအာ ဒရိုင်းယား | ၁၈၉၇-၁၉၀၃ |
| ၂။ ဆာ အိတ်(ချ်) အားနက်(စ်) | ၁၉၀၃-၁၉၀၅ |
| ၃။ ဆာ အိတ်(ချ်) တီဝိုက် | ၁၉၀၅- ၁၉၁၀ |
| ၄။ ဆာ ဟာဗေး အဒင်(မ်)ဆင် | ၁၉၁၀-၁၉၁၅ |
| ၅။ ဆာ ဂျော့ရှော (ခေတ္တ) | ၁၉၁၅ |
| ၆။ ဆာ အိတ်(ချ်)ဘတ္တလာ | ၁၉၁၅-၁၉၁၇ |
| ၇။ မစ္စတာဒဗလျူအက်(ဖ်)ရိုက်(ခ်)(ခေတ္တ) | ၁၉၁၈ |
| ၈။ ဆာ အာ(ရ်) ဂရက်ဒေါက် | ၁၉၁၈-၁၉၂၂ |



ထို့နောက် ၁၉၂၂ ခုနှစ်မှစ၍ ဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်ခဲ့လေ၏။ ၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်ထိ ဘုရင်ခံ စုစုပေါင်း (၈)ဦး ရှိခဲ့၏။

| ဘုရင်ခံအမည် | အုပ်ချုပ်သည့်ကာလ |
|---|---|
| ၁။ ဆာ အိပ်(ချ်) ဘတ္တလာ | ၁၉၂၂- ၁၉၂၇ |
| ၂။ ဆာ ဒဗလျူဂျေ ကိ(သ်) | ၁၉၂၆ |
| ၃။ ဆာ ချား(လ်) (စ) အင်းနစ် | ၁၉၂၇-၁၉၃၂ |
| ၄။ ဆာ ဂျေအေမောင်ကြီး | ၁၉၃၁ |

(ဆာ ချားလ်စ်အင်းနစ် ပြန်သွားခိုက် ခေတ္တဘုရင်ခံအဖြစ် အုပ်ချုပ်ခြင်းဖြစ်၏။)

| | |
|---|---|
| ၅။ ဆာအိတ်(ချ်) စတီဗင်ဆင် | ၁၉၃၂-၁၉၃၆ |
| ၆။ ဆာတီကူးပါး | ၁၉၃၅ |
| ၇။ ဆာ အေဒီကော့ကရိန်း | ၁၉၃၆-၁၉၄၁ |
| ၈။ ဆာ အာ(ရ်) ဒေါမန်စမစ် | ၁၉၄၁ |

ဂျပန်ခေတ် ကာလခွဲမှု (၁) ဆာအာ(ရ်) ဒေါမန်စမစ် (၁၉၄၅-၁၉၄၆)။ (၂) ဆာအိတ်(ချ်)နိုက် (၁၉၄၆)နှင့် (၃)ဆာဟူး ဘတ်ရန့်(စ်) (၁၉၄၆-၁၉၄၇)တို့ ဖြစ်ပါကြောင်း။

❒

www.burmeseclassic.com

www.burmeseclassic.com



## ကုန်းဘောင်ခေတ် မြန်မာနိုင်ငံနဲ့ ဆက်သွယ်ရာမှာ တာဝန်ရှိ အိန္ဒိယဘုရင်ခံချုပ်တွေဟာ ဘယ်သူတွေလဲ

မြန်မာဘုရင်များ နောက်ဆုံးစိုးစံခဲ့သည့် ကုန်းဘောင်ခေတ်၌ မြန်မာနိုင်ငံနှင့် အဆက်အသွယ်ပြုရာတွင် တာဝန်ရှိဘုရင်ခံချုပ် စုစုပေါင်း (၂၄)ဦး ရှိ၏။ ၎င်းတို့မှာ

| အိန္ဒိယဘုရင်ခံချုပ်အမည် | ဆက်သွယ်ရာကာလ |
|---|---|
| ၁။ ဝါရင်ဟေ့စတင်း | ၁၇၇၄–၁၇၈၅ |
| ၂။ ဆာဂျွန်မက်ဖာဆန် | ၁၇၈၅–၁၇၈၆ |
| ၃။ လော့ကွန်ဝါလစ် | ၁၇၈၆–၁၇၉၃ |
| ၄။ ဆာဂျွန်ရှိုး | ၁၇၉၃–၁၇၉၈ |
| ၅။ လော့ဒီဝယ်လက်စလေး | ၁၇၉၈–၁၈၀၅ |
| ၆။ လော့ကွန်ဝါလစ် (ဒုတိယအကြိမ်ခန့်) | ၁၈၀၅ |
| ၇။ ဆာဂျော့ဘာလို | ၁၈၀၅–၁၈၀၇ |
| ၈။ လော့မင်တို | ၁၈၀၇–၁၈၁၃ |
| ၉။ လော့ဟေ့စတင်း | ၁၈၁၃–၁၈၂၃ |
| ၁၀။ လော့အမ်ဟတ်(စ်တ်) | ၁၈၂၃–၁၈၂၈ |
| ၁၁။ လော့ဒဗလျူ စီဘင်တစ် | ၁၈၂၈–၁၈၃၅ |
| ၁၂။ ဆာချားလ်စ်မက်ကာဖီ | ၁၈၃၅–၁၈၃၆ |
| ၁၃။ လော့အောက်လင်း | ၁၈၃၆–၁၈၄၂ |
| ၁၄။ လော့အဲလင်ဘာရာ | ၁၈၄၂–၁၈၄၄ |
| ၁၅။ ဆာဟင်နရီဟာဒင်း | ၁၈၄၄–၁၈၄၈ |
| ၁၆။ လော့ဟာဒါလဟိုဇီ | ၁၈၄၈–၁၈၅၆ |
| ၁၇။ လော့ကင်းနင်း | ၁၈၅၆–၁၈၆၂ |
| ၁၈။ လော့အဲဂျင် | ၁၈၆၂–၁၈၆၃ |
| ၁၉။ ဆာဂျွန်လောရင့် | ၁၈၆၄–၁၈၆၉ |
| ၂၀။ လော့မေယို | ၁၈၆၉–၁၈၇၂ |
| ၂၁။ လော့နော့(သ်)ဘရွတ်(ခ်) | ၁၈၇၂–၁၈၇၆ |
| ၂၂။ လော့လစ်တန် | ၁၈၇၆–၁၈၈၀ |
| ၂၃။ လော့ရစ်ပွန် | ၁၈၈၀–၁၈၈၄ |
| ၂၄။ လော့ဒပ်(ဖ်)ရင် | ၁၈၈၄–၁၈၈၀ |

□

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့အိုလံပစ်ပွဲတော်ကို သွားရောက်ယှဉ်ပြိုင်ခဲ့ရတဲ့ ဦးဇော်ဝိတ် ဘာကြောင့် ပန်ချာပီခေါင်းပေါင်း ပေါင်းခဲ့ရတာလဲ

ဦးဇော်ဝိတ်သည် မြန်မာနိုင်ငံတွင်သာ လူသန်ကြီးအဖြစ် ထင်ရှားသည်မဟုတ်။ အိန္ဒိယနိုင်ငံနှင့် ဗြိတိသျှအင်ပါယာ တစ်ခုလုံး၌လည်း လူသန်ကြီးအဖြစ် ထင်ရှားသူဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံသာမက အိန္ဒိယနိုင်ငံနှင့် ဗြိတိသျှအင်ပါယာ တစ်ခုလုံးတွင်ပါ အလေးမတံခွန်စိုက်ဘွဲ့ကို ရခဲ့သောကြောင့် ဖြစ်ပေသည်။ ထို့ပြင် ကမ္ဘာ့အိုလံပစ် အားကစားပွဲတော်သို့ မြန်မာလူမျိုးများ သွားရောက်ယှဉ်ပြိုင်ရန် အိပ်မက်မျှပင် မမက်ဖူးစဉ် ဦးဇော်ဝိတ်သည် မြန်မာလူမျိုးများထဲမှ ပထမဆုံး သွားရောက် ယှဉ်ပြိုင်ခွင့်ရခဲ့သူလည်း ဖြစ်ပေသည်။

ဦးဇော်ဝိတ်ကို ၁၉၁၁ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့နယ်အပိုင် နတ်စင်ကုန်းရွာ၌ မွေးဖွားခဲ့သည်။ မိဘနှစ်ပါးမှာ ကရင်တိုင်းရင်းသားများ ဖြစ်ကြပြီး အဖ ဦးပေတော၊ အမိ ဒေါ်လေးမေတို့ဖြစ်၍ လယ်ပိုင်ယာပိုင်များဖြစ်ကြ၏။ ဦးဇော်ဝိတ်၏ဆရာမှာ ကာယဗလဦးရှိန်ဖြစ်လေသည်။ ၁၉၃၅ ခုနှစ် ဖေဖော်ဝါရီလ၌ ကာလကတ္တားမြို့တွင် ကျင်းပသော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမဗိုလ်လုပွဲကြီး၌ အိန္ဒိယ တစ်ပြည်လုံးရှိ အလေးမဝီရများအားလုံးကို ဦးဇော်သည် စံချိန်ချိုးနိုင်ခဲ့၏။



၁၉၃၆ ခုနှစ် ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်ကို ဂျာမနီပြည်၌ ကျင်းပပြုလုပ်သောအခါ အရှေ့တိုင်းမှ လူသန်ကြီးဖြစ်သူ ဦးဇော်ဝိတ်သည် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့၏။ မြန်မာလူမျိုးများထဲမှ ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ခွင့် ရခြင်းလည်းဖြစ်၏။ ယှဉ်ပြိုင်ခွင့်ရသော်လည်း ယခုခေတ်ကဲ့သို့ အငြိမ့်သား သွားနိုင်သည်မဟုတ်။ သွားရန် ရန်ပုံငွေမရှိသဖြင့် ဂျူဗလီဟော၌အလေးမပွဲများ၊ ကပွဲများလုပ်ကာ ရန်ပုံငွေရှာရသည်။ တိုင်းပြည်ကလည်း တက်တက်ကြွကြွ အားပေးကြသည်။ အိုလံပစ်ပွဲသို့ ဦးဇော်ဝိတ်နှင့် သူ၏ဆရာ ကာယဗလ ဦးရှိန်တို့သည် ပန်ချာပီခေါင်းပေါင်းများပေါင်း၍ သွားခဲ့ရ၏။

ထိုစဉ်က မြန်မာနိုင်ငံသည် အိန္ဒိယပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေရသဖြင့် အိန္ဒိယပြည်သားအသွင် ပန်ချာပီခေါင်းပေါင်း ပေါင်းခဲ့ရခြင်းဖြစ်၏။ မြန်မာပြည်သား စစ်စစ်ဖြစ်ပါလျက် မြန်မာအဖြစ် မဝင့်ကြွားနိုင်ခဲ့ရခြင်းမှာ လွတ်လပ်ရေး ဆုံးရှုံးရခြင်း၏ ရင်းမြစ်ပင် ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ခြောက်ဆယ့်နှစ်နှစ်တာ ကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဘယ်နှစ်ပါး ပေါ်ထွက်ခဲ့သလဲ

၆၂ ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့ အာဇာနည်ပေါင်း ၁၂ ပါးသာ ပေါ်ထွန်းခဲ့ပါသည်။

၁။ ၁၃၁၅ ခုနှစ် (ခရစ်နှစ် ၁၉၅၃ ခုနှစ်)တွင် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်မှ **ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ**

၂။ ၁၃၂၀ ခုနှစ် (ခရစ်နှစ် ၁၉၅၉ ခုနှစ်)တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်မှ **ဆရာတော်ဘဒ္ဒန္တ နေမိန္ဒ**

၃။ ၁၃၂၅ ခုနှစ် (၁၉၆၃ ခုနှစ်)တွင် ပြည်မြို့နှင့် လှသိမ်ကုန်းကျောင်းတိုက်မှ **ဆရာတော်ဘဒ္ဒန္တ ကောသလ**

၄။ ၁၃၃၅ ခုနှစ် (၁၉၇၂ ခုနှစ်)တွင် ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ **ဆရာတော်ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ**

၅။ ၁၃၄၆ ခုနှစ် (၁၉၈၄ ခုနှစ်)တွင် ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ **ဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ**



၆။ ၁၃၅၆ ခုနှစ် (၁၉၉၄ ခုနှစ်)တွင် စစ်ကိုင်းမြို့၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ **ဆရာတော်ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ**

၇။ ၁၃၆၁ ခုနှစ် (၁၉၉၉ ခုနှစ်)တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊တိပိဋကကျောင်းတော်မှ **ဆရာတော်ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ** နှင့် စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ **အရှင်ဝံသပါလာလင်္ကာရ** နှစ်ပါး

၈။ ၁၃၆၂ ခုနှစ် (၂၀၀၀ ပြည့်နှစ်)တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိပိဋကကျောင်းတော်မှ **ဆရာတော်ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ**

၉။ ၁၃၆၅ ခုနှစ် (၂၀၀၃ ခုနှစ်)တွင် ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်မှ **ဆရာတော်ဘဒ္ဒန္တ သုနန္ဒ** နှင့် ဒဂုံမြို့နယ်၊ တိပိဋကကျောင်း တော်မှ **ဆရာတော်ဘဒ္ဒန္တ ကုမုဒ္ဓပါလ**

၁၀။ ၁၃၇၁ ခုနှစ် (၂၀၁၀ ပြည့်နှစ်) (၆၂) ကြိမ်မြောက်ကျင်းပ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ **ဆရာတော်ဘဒ္ဒန္တ အဘိဇာတာဘိဝံသ**

(တိပိဋကဓရ၊ တိပိဋကကောဝိဒ မထေရ်မြတ်များ ပေါ်ထွန်းရာ တိုင်းပြည်ကား ကမ္ဘာပေါ်၌ မြန်မာနိုင်ငံတစ်နိုင်ငံသာ ရှိသည်။ အခြား မည်သည့်နိုင်ငံမှာမှ မရှိရာ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော မိမိတို့နိုင်ငံအတွက် များစွာဂုဏ်ယူကြရပါသည်။)

□

www.burmeseclassic.com

www.burmeseclassic.com



## ချမ်းမြေ့ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့ မိတ်ဆွေစစ် (၄) မျိုးဆိုတာ ဘာတွေလဲ

ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ကြီးက အမျိုးသားအမျိုးသမီး ယောဂီများအား ပေါင်းဖော်နိုင်ကြစေရန် မိတ်ဆွေစစ် (၄) မျိုးကို အောက်ပါအတိုင်း သတ်မှတ်မိန့်ကြားခဲ့ပါသည်။

**၁။ ကျေးဇူးပြုသော မိတ်ဆွေစစ်**

(က) မေ့လျော့သူအား စောင့်ရှောက်တတ်သူ၊

(ခ) မေ့လျော့သူ၏ စည်းစိမ်ဥစ္စာကို စောင့်ရှောက်တတ်သူ၊

(ဂ) ကြောက်ရွံ့နေသူအတွက် အားကိုးအားထားထိုက်စရာ ပြု သောသူ၊

(ဃ) ပြုဖွယ်ကိစ္စရှိလာလျှင် လိုအပ်သည်ထက် နှစ်ဆမက ကူညီတတ်သောသူ။

**၂။ ဆင်းရဲအတူ ချမ်းသာအမျှ မိတ်ဆွေစစ်**

(က) သူတစ်ပါးလျှို့ဝှက်ထားသော အကြောင်းကိစ္စကို မိမိအားသာပြောသောသူ၊

(ခ) မိမိ၏ လျှို့ဝှက်ထားသော အကြောင်းကိစ္စကို သူတစ်ပါးအား မပြောကြားဘဲ နှုတ်လုံသူ၊

(ဂ) အခက်အခဲ ဘေးအန္တရာယ်နှင့်ကြုံတွေ့လာလျှင် မိမိကို စွန့်ခွာမသွားသည့်သူ၊

(ဃ) မိမိအကျိုးအတွက် အသက်ကိုပင် စွန့်လွှတ်နိုင်သူ။



**၃။ အကျိုးစီးပွားပြောကြားသော မိတ်ဆွေစစ်**

(က) မကောင်းမှုပြုလုပ်ရန် တားမြစ်သူ၊

(ခ) ကောင်းမှုပြုလုပ်ရန် တိုက်တွန်းသူ၊

(ဂ) မကြားဖူးသော သိမ်မွေ့နက်နဲသည့် အကြောင်းအရာကို ပြောကြားသည့်သူ၊

(ဃ) နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန် ညွှန်ပြပြောဆိုသူ။

**၄။ စောင့်ရှောက်သော မိတ်ဆွေစစ်**

(က) မိမိ၏ ဆုတ်ယုတ်ပျက်စီးမှုကို မနှစ်သက်သူ၊

(ခ) မိမိ၏ တိုးတက်ကြီးပွားမှုကိုသာ နှစ်သက်သူ၊

(ဂ) မိမိအကြောင်း မကောင်းပြောသူကို တားမြစ်သူ၊

(ဃ) မိမိ၏ ဂုဏ်ကျေးဇူးပြောဆိုသူကို ချီးမွမ်းသူ။

(လောကီလောကုတ်နှစ်ဖြာ တိုးတက်ကြီးပွားရာ ကြီးပွားကြောင်းအလို့ငှာ အဆိုပါမိတ်ဆွေစစ် ၄ မျိုးကို ရှာဖွေပေါင်းဖော်သင့်ပါ၏)။

□

www.burmeseclassic.com

www.burmeseclassic.com



# ချမ်းမြေ့ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့ မိတ်ဆွေတု (၄) မျိုးဆိုတာ ဘာတွေလဲ

ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ကြီးက အမျိုးသားအမျိုးသမီး ယောဂီများ ရှောင်ကြဉ်နိုင်ကြစေရန် မိတ်ဆွေတု (၄) မျိုးကို အောက်ပါအတိုင်း ခွဲခြားမိန့်ကြားခဲ့ပါသည်။

**၁။ ကိုယ်ကျိုးကြည့်သော မိတ်ဆွေတု**

(က) သူတစ်ပါးထံမှသာယူ၍ မိမိကမူ မပေးကမ်းသူ၊
(ခ) နည်းနည်းသာပေး၍ များများရယူလိုသူ၊
(ဂ) ဘေးရောက်သည့်အခါ ခိုကိုးရာအဖြစ် သူတစ်ပါးထံ သွား၍ လုပ်စရာရှိသမျှ လုပ်ကိုင်ပေးသူ၊
(ဃ) ကိုယ်ကျိုးအတွက် သူတစ်ပါးနှင့် ဆက်ဆံ ပေါင်းသင်းသူ။

**၂။ အပြောသမား မိတ်ဆွေတု**

(က) ရှေးက ဖြစ်ထွန်းခဲ့ဖူးသည့် စည်းစိမ်ဥစ္စာကို မပေးခဲ့ရခြင်းကြောင့် စိတ်မကောင်းကြောင်း ပြောလေ့ရှိသူ။
(ခ) နောင်အခါကျမှသာ ဖြစ်ထွန်းလာမည့် ဥစ္စာစည်းစိမ်ကို ပေးမည်ဟု ပြောလေ့ရှိသူ။
(ဂ) အကျိုးမရှိသောအရာဖြင့် ချီးမြှောက်သူ။



(ဃ) ပေး၍ဖြစ်နိုင်သော အရာများကို တစ်စုံတစ်ရာ ပျက်စီးနေဟန် အကြောင်းပြ၍ ပေးရန်မဖြစ်ဟု ပြောလေ့ရှိသူ။

**၃။ ချစ်ဖွယ်ဆိုတတ်သော မိတ်ဆွေတု**

(က) မကောင်းမှုပြုသည်ကို သဘောတူလေ့ရှိသူ၊
(ခ) ကောင်းမှုပြုသည်ကိုလည်း သဘောတူလေ့ရှိသူ၊
(ဂ) ရှေ့မျက်မှောက်တွင်သာ ချီးမွမ်းသူ၊
(ဃ) နောက်ကွယ်ကျလျှင် ကဲ့ရဲ့တတ်သူ။

**၄။ အပါယ်ဖော် မိတ်ဆွေတု**

(က) အရက်သေစာသောက်စားရာ၌ အဖော်လိုက်သူ၊
(ခ) ညအချိန် အခါမဲ့သွားရာ၌ အဖော်လိုက်သူ၊
(ဂ) ပွဲလမ်းသဘင်ကြည့်ရှုရာ၌ အဖော်လိုက်သူ။

(လောကီလောကုတ်နှစ်ဖြာ တိုးတက်ကြီးပွားရာ ကြီးပွားခြင်းအလို့ငှာ အဆိုပါ မိတ်ဆွေတု ၄ မျိုးကို ရှောင်ရှားသင့်လှပါ၏)။

❐

www.burmeseclassic.com

www.burmeseclassic.com



## ခေတ်စမ်းကဗျာစာဆို ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့ကို သိပ္ပံမောင်ဝ ဘယ်လိုဝေဖန်ခဲ့သလဲ

လွန်ခဲ့သော ၁၉၃၄ ခုနှစ်က ခေတ်စမ်းကဗျာစာအုပ် ပေါ်ထွက်လာခဲ့၏။ ခေတ်စမ်းကဗျာများကို ရေးသူမှာ ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ ဖြစ်ကြသည်။ ဤတွင် ခေတ်စမ်းစကားပြေဆရာ သိပ္ပံမောင်ဝက ထိုကဗျာစာအုပ်နှင့် ပတ်သက်၍ ဝေဖန်သည်မှာ အောက်ပါအတိုင်းဖြစ်၏။

"ဦးသိန်းဟန် (ဇော်ဂျီ)၏ ကဗျာများမှာ အလွန်ခေတ်ဆန်သော ကဗျာများဖြစ်သည်။ ဦးသိန်းဟန်သည် ရှေးအခါက မရေးသား မစပ်ဆိုသေးသော အကြောင်းအရာများကို ဖွဲ့ဆိုလေ့ရှိ၏။ အကယ်၍ ရှေးအခါက စပ်ဆိုခဲ့ပြီးသော အကြောင်းအရာများကို ဖွဲ့ဆိုပြန်သောအခါလည်း ရှေးကဗျာဆရာများဖွဲ့ဆိုသော စိတ်ကူးမျိုးနှင့် ဖွဲ့ဆိုသည်မဟုတ်ဘဲ မိမိကထွင်ကာ တစ်မျိုးဆန်းလာအောင် ဖွဲ့ဆိုလေ့ရှိသောကြောင့် ဦးသိန်းဟန်အား ချီးမွမ်းရပေတော့သည်။ အများအားဖြင့် ဦးသိန်းဟန်၏ ကဗျာများမှာ နက်နဲ



လေသည်။ ရုတ်တရက်ဖတ်သွားလိုက်လျှင် အဓိပ္ပာယ်များစွာ မပေါ်ပေ။ ထပ်ကာထပ်ကာ တွေးတွေး တွေးပြီးဖတ်မှ အရသာ တငွေ့ငွေ့ ပေါ်၍လာလေ့ရှိသည်။ ကဗျာတိုတိုလေးများတွင်ပင် အလွန်နက်နဲ၍ တွေးဖွယ်အချက် အမြောက်အမြားပါနေ၏။ ဦးသိန်းဟန်၏ ကဗျာတို့ကား နက်နက်နှင့် ကောင်းပေသည်။

ကိုဝန် (မင်းသုဝဏ်)သည် ကလေးများနှင့် သင့်လျော်သော ကဗျာများကို ဖွဲ့ဆိုရန် များစွာသင့်လျော်သော ပုဂ္ဂိုလ်ဖြစ်လေသည်။ အလွန်လွယ်ကူ၍ နေ့စဉ်သုံးစွဲနေကြသော မြန်မာစကားရိုးရိုးများပင် ဖြစ်လင့်ကစား ကိုဝန်ဖန်တီး၍ ဖွဲ့ဆိုလိုက်သောအခါ အသက်ဝင်လာကြပြီးလျှင် ဆန်းကြယ်၍လာကြကုန်၏။ ဆန်းကြယ်သော စိတ်ကူးများ ပေါ်ရှင်အောင် နေ့စဉ်သုံးစွဲနေကြသော စကားလုံးရိုးရိုးများနှင့် ဖွဲ့ဆိုနိုင်ခြင်းသတ္တိမှာ တော်တော့သတ္တိမဟုတ်။ တကယ့်သတ္တိဖြစ်လေသည်။ ကိုဝန်၏ ကဗျာများမှာ နုနုယဉ်ယဉ် သိမ်သိမ်မွေ့မွေ့ ပြေပြေပြစ်ပြစ်ရှိလှပေ၏။ လွယ်လွယ်ကလေးနှင့် ကောင်းသောကဗျာများပေတည်း"

ဤကား ခေတ်စမ်းကာလ ကဗျာဝေဖန်ချက်ပေတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဂဠုန်ဆရာစံကို ဘယ်သူတွေ ဘယ်လိုမြင်ခဲ့ကြသလဲ

နယ်ချဲ့တော်လှန်ရေး သမိုင်းစဉ်ကို ပြန်လည်ငုံ့ကြည့်လိုက်လျှင် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့ညတွင် သာယာဝတီနယ်၊ ရေတိုက်ရွာမှ အစပြု၍ နယ်ချဲ့တို့ကို စတင် ဆန့်ကျင်တော်လှန်ပုန်ကန်ခဲ့ကြပြီး မြန်မာပြည်တစ်ဝန်းလုံး ထင်ရှားခဲ့သည်ကား 'ဆရာစံ ဦးဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံ' ဖြစ်လေသည်။

ဆရာစံကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဒီပဲရင်းမြို့နယ်၊ သရက်ကန်အရှေ့ရွာ၌ ဖခင်ဖြစ်သူ တောင်သူကြီးဦးကျေးနှင့် မိခင်ဖြစ်သူ ဒေါ်ဖက်တို့မှ ၁၂၃၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ ဆရာစံမှာ ငါးမည်ရသော ပုဂ္ဂိုလ်ဖြစ်၏။ ရာကျော်၊ စံရှား၊ ဆရာစံ၊ ဆရာမြိုင်နှင့် ဦးဉာဏ တို့ ဖြစ်ကြသည်။

ဆရာစံသည် ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ဖြူးမြို့၏ အရှေ့ဘက် ၆ မိုင်ခန့်အကွာ၌ တည်ရှိသော ငါးခေါင်းအင်တောင်ရွာသို့ ရောက်ခဲ့ကာ ၎င်းရွာမှ ဒေါ်ကေနှင့် အိမ်ထောင်ကျခဲ့သည်။ ငါးခေါင်းအင်းရွာသူကြီးထံ၌ စာရေးအလုပ်ကို လုပ်ကိုင်ရင်း လယ်သမားများ၏ ဆင်းရဲကြပ်တည်းလှသော ဘဝ၊ နယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများအပြင် ငွေရှင်ကြေးရှင် ချစ်တီးတို့က လယ်သမားများကို အတိုးနှုန်းကြီးကြီးဖြင့် ငွေချေး၍ အကြွေးများ ပြန်မဆပ်နိုင်သောအခါ စက်ဘက်ဆိုင်ရာ အရာရှိများ၊ စစ်ပုလိပ်



များနှင့် ပေါင်းပြီး လယ်သမားများထံမှ လယ်မြေများ၊ ခြံများ၊ အိမ်များ၊ နွားများကို မတရားသိမ်းယူခြင်း စသည့် ခါးသီးသော အတွေ့အကြုံများကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လာပြီး နယ်ချဲ့အစိုးရအား မုန်းတီးသည့်စိတ်များ၊ ဆန့်ကျင်တော်လှန်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့ပြီး နောက်ဆုံး၌ ၎င်းဦးဆောင်၍ တောင်သူလယ်သမားအရေးတော်ပုံကို ဆင်နွှဲခဲ့သည်။

ဆရာစံနှင့် စပ်လျဉ်း၍ နယူးယောက်တိုင်းမ် သတင်းစာက–

"သူပုန်များ၏ ခေါင်းဆောင်သည် ထူးခြားလှ၏။ အခြားသူများနှင့် နှိုင်းစာလျှင် အရပ်မြင့်ပြီး ယောကျ်ားကောင်းပီသသော ရုပ်လက္ခဏာရှိသည်။ တစ်ကိုယ်လုံးတွင်လည်း ဆေးမင်ကြောင်များ ခေါင်းမှခြေဖျားအထိ အပြည့်ထိုးထားသည်။ သူသည် စစ်ပရိယာယ် အတော်အတန် ကြွယ်ဝပုံရသည်။ သူ၏သတ္တိ၊ သူ၏ စစ်ပရိယာယ်များမှာ တစ်မူထူးခြားလှသည်။ သူ၏ တိုက်ရည်ခိုက်ရည် ရဲစွမ်းသတ္တိသည် အာရှေဗျူမှ သူရဲကောင်း လောရင့်ကဲ့သို့ပင် ဖြစ်သည်"

ဟု ဖော်ပြခဲ့သည်။ နယ်ချဲ့ခေတ် ရန်ကုန်အရေးပိုင်ဟောင်း ဗြိတိသျှစာရေးဆရာကြီး 'မောရစ်ကောလစ်'ကလည်း–

"၁၉၃၀ ပြည့်နှစ် အောက်တိုဘာလ ၂၈ ရက်နေ့ ဆရာစံ၏ သုပဏ္ဏက ဂဠုန်ရာဇဘွဲ့ခံယူသောနေ့သည် နှစ်ဆယ်ရာစုနှစ်တွင် မြန်မာနိုင်ငံ၏ တစ်မူထူးခြားသော နေ့တစ်နေ့ဖြစ်သည်"

ဟု မှတ်တမ်းတင်ခဲ့သည် 'သုပဏ္ဏက ဂဠုန်ရာဇာ'ဆိုသည်မှာ 'လက်ပံပင်မှ ဂဠုန်ငှက်မင်း' ဟူ၍ အဓိပ္ပာယ်ရပြီး မြန်မာဆေဒင်နက္ခတ်ကျမ်းများအရ 'ဂဠုန်' ဟူသည်မှာ နိမိတ်ကောင်းသော စကားဖြစ်ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဂျပန်ခေတ်မှာ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေး ဘယ်လိုအခြေအနေ ရှိခဲ့သလဲ

ဂျပန်ခေတ် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးအခြေအနေမှာ များစွာ ပျက်စီးဆုတ်ယုတ်ခဲ့သည်။

ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး လူသုံးကုန်ပစ္စည်းများ ရှားပါးခဲ့၍ လူနေမှုအဆင့်အတန်း နိမ့်ကျခဲ့သည်။ အဝတ်အထည် ရှားပါးသဖြင့် အလုပ်သမားများမှာ တောင်သူလယ်သမားများနည်းတူ ပိတ်ခြင်ထောင်အဟောင်းများကို လုံချည်ချုပ်၍ ဝတ်ခဲ့ကြရသည်။ ဘုန်းတော်ကြီးသင်္ကန်းများကိုပင် အင်္ကျီလုံချည်အဖြစ် အရောင်ဆိုး၍ ဝတ်ဆင်ကြရသည်။ နောက်ဆုံးတွင် ဂုံနီအိတ်များကိုပင် အင်္ကျီလုံချည်ချုပ်၍ ဝတ်ဆင်ခဲ့ရသည်။ အချို့ရပ်ရွာများတွင် လင်မယားနှစ်ယောက်အဖို့ လုံချည်တစ်ထည်သာရှိ၍ တစ်ယောက်တလဲ ဝတ်ဆင်သွားလာနေရသည်အထိ အခြေအနေဆိုးရွားခဲ့သည်။ စားဝတ်နေရေး ကျပ်တည်းလာသည်နှင့်အမျှ အကျင့်စာရိတ္တလည်း ပျက်ပြားလာခဲ့သည်။



ဆေးဝါးလည်း မလုံလောက်သဖြင့် အလုပ်သမားများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ အခြေအနေမှာ နိမ့်ကျလာခဲ့သည်။ လူတိုင်းလိုပင် ပွေး၊ ဝဲ၊ ယားနာ စသောရောဂါများ စွဲကပ်ခဲ့သည်။ ကျောက်ကြီးရောဂါ အန့်အပြား ကူးစက်ခဲ့သဖြင့် တောင်သူလယ်သမားများနည်းတူ အလုပ်သမားအမြောက်အမြား သေကျေ ပျက်စီးခဲ့ရသည်။ ဂျပန်စစ်တပ် ဆေးပေးဌာနသည်လည်း ယင်းတို့၏ စစ်သားများအဖို့သာ ဖြစ်ခဲ့ပြီး အလုပ်သမားများအတွက် တာဝန်ယူခြင်း မရှိခဲ့ချေ။ မြန်မာ့ဆေးဝါးများသည်လည်း ဘယဆေးကုန်ကြမ်းများ ရှားပါးမှုကြောင့် အလုပ်သမားများအဖို့ ထိရောက်သောအကူအညီကို မပေးနိုင်ခဲ့ချေ။ ပညာရေးဘက်တွင်လည်း များစွာလစ်ဟင်းခဲ့သည်။ စက်မှုစီးပွားရေးနှင့် လယ်ယာစီးပွားရေး နှစ်ရပ်လုံးပင် ခေတ်နောက်ပြန်ဆုတ်ခဲ့သည်။ စပါးဈေးကျဆင်းခဲ့ခြင်းကြောင့် လယ်ယာစီးပွားရေးမှာ နာလန်မထူနိုင်ခဲ့ပေ။

သယ်ယူပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ မီးရထားလုပ်ငန်း၊ ရောဝတီသင်္ဘော လုပ်ငန်းတို့မှာလည်း ပျက်စီးခဲ့သည်။ တန်ဖိုးမရှိသော ဂျပန်ငွေစက္ကူများကြောင့် မြန်မာ့စီးပွားရေးမှာ များစွာဆုတ်ယုတ်ပျက်ယွင်းခဲ့ရလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်ခေတ်အတွင်း "ဗမာပြည်စာရေးဆရာအသင်း" ကို ဘယ်ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းခဲ့သလဲ

'ဓားသွားထက် ကလောင်သွားထက်'ဟု ဆိုကြသည်။ ခေတ်အဆက်ဆက် စာပေပညာရှင်တို့သည် မိမိတို့တတ်ကျွမ်းရာ စာပေပညာရပ်ဖြင့် တိုင်းပြည်နှင့်လူမျိုးအပေါ်တွင် အကျိုးပြုခဲ့ကြသည်။ မြန်မာစာပေ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက် သော်လည်းကောင်း၊ ယဉ်ကျေးမှု အဆောက်အအုံကြီး တိုးတက်ဖွံ့ဖြိုးစေရန်အတွက် လည်းကောင်း ကလောင်သွားဖြင့် သယ်ပိုးဆောင်ရွက်ခဲ့ကြသည်။

မြန်မာစာပေပညာရှင်များအနေဖြင့် ရှေးယခင်က ပြန့်ကြဲနေသော စာရေးဆရာများကို တစ်စုတစ်စည်းတည်း ဖြစ်စေရန် စာရေးဆရာအသင်းကို တည်ထောင်ခဲ့ကြရာ 'မြန်မာပြည် စာရေးဆရာများအသင်း'ကို ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထိုကာလမှာ မြန်မာနိုင်ငံအား ဖက်ဆစ်များ မင်းမူကြီးစိုးနေသောကာလ ဖြစ်သည်။

'ဗမာပြည် စာရေးဆရာများအသင်း'တွင် နာယကကြီးများအဖြစ် ဆရာကြီးသခင်ကိုယ်တော်မှိုင်း (ဦးလွန်း)၊ မြန်မာ



အလင်းဦးစိန်း၊ သူကြီးဂေဇက်ဦးခင်မောင်တို့ ဖြစ်ကြသည်။ အဆိုပါ 'ဗမာပြည်စာရေးဆရာများ အသင်း'၌–

၁။ သူရိယ ဦးသိမ်းမောင် – ဥက္ကဋ္ဌ
၂။ ဒဂုန်နတ်ရှင် (ဦးမောင်မောင်ကြီး) – ဒုတိယဥက္ကဋ္ဌ
၃။ ဇဝန (ဦးသိန်း) – အကျိုးဆောင်
၄။ သိရိမောင် – တွဲဖက်အကျိုးဆောင်
၅။ မြို့မဆရာဟိန် – ငွေထိန်း
၆။ မြန်မာ့ရုပ်ရှင်ဦးမောင်မောင် – စာရင်းစစ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင် – အမှုဆောင်
၈။ မြို့မမောင် (ဦးအောင်မြင့်) – အမှုဆောင်
၉။ တောကဲ့သာဒွန်း (ဦးသွင်) – အမှုဆောင်
၁၀။ ဒဂုန်ဆရာတင် – အမှုဆောင်
၁၁။ သဓါ (ဦးတင်မြင့်) – အမှုဆောင်
၁၂။ ဆရာကျော် (ကွမ်းရွှံတန်းဆရာကျော်) – အမှုဆောင်
၁၃။ ဒဂုန်ခင်ခင်လေး – အမှုဆောင်
၁၄။ ခင်မျိုးချစ် (ဒေါ်ခင်မြ) – အမှုဆောင်

စသည့် ပုဂ္ဂိုလ်များ ပါဝင်ခဲ့ကြပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်ပြည်မှာ ပထမဦးဆုံး ရိုက်ကူးခဲ့တဲ့ မြန်မာ့ရုပ်ရှင်ဇာတ်ကားဟာ ဘယ်ဇာတ်ကားလဲ

ဂျပန်ပြည်၌ ပထမဦးဆုံး ရိုက်ကူးခဲ့သော မြန်မာရုပ်ရှင်ဇာတ်ကားမှာ 'ဂျပန်ရင်သွေး' ဖြစ်၏။ ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့၌ ရန်ကုန်မြို့လယ်ရှိ အိုလီပီယာနှင့် ဘုရင့်ရုပ်ရှင်ရုံတို့၌ တစ်ပြိုင်နက်ပြသခဲ့၏။ အဆိုပါဇာတ်ကားတွင် မင်းသားအဖြစ် ဦးညီပုနှင့် မောင်မောင်စိုးတို့က လည်းကောင်း၊ မင်းသမီးအဖြစ် ဂျပန်ရုပ်ရှင်မင်းသမီး တာကိုအိုမိစ်ကိုး (အေးမိစံ) က လည်းကောင်း၊ ဂျပန်စကားပြန်အဖြစ် တြိရတနာ ဦးသိန်းမောင်၏သား မောင်စံညွန့်ကလည်းကောင်း ပါဝင်သရုပ်ဆောင်ထား၏။ ဒါရိုက်တာအဖြစ် ဦးညီပုနှင့် မောင်မောင်စိုးတို့ ညီအစ်ကိုပင်လျှင် ဂျပန်နိုင်ငံ၌ ရုပ်ရှင်ပညာရပ်များ လေ့လာဆည်းပူးနေစဉ်အတွင်း ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး 'လေးလရာသီ ဂျပန်ပြည်' ရုပ်ရှင်ဇာတ်ကားနှင့် ပူးတွဲပြသခဲ့ခြင်း ဖြစ်၏။

ဂျပန်ရင်သွေးဇာတ်ကားကို ၁၉၃၄ ခုနှစ် မေလအတွင်းက ဂျပန်ပြည်၌ပင် ရုပ်ရှင်ရိုက်ကူးခဲ့သည်။ ဂျပန်အစိုးရက များစွာ သဘောကျခဲ့လေ၏။ ဂျပန်ရင်သွေးဇာတ်ကားသည် ဂျပန်ပြည်၌ ပထမဆုံးရိုက်ကူးခဲ့သော ဇာတ်ကားဖြစ်သကဲ့သို့ ပထမဆုံး နိုင်ငံရပ်ခြားတွင် ရိုက်ကူးခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားလည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြသချိန်နှင့် တစ်ပြိုင်နက်တည်းတွင် ဂျပန်နှင့် ထိုင်းနိုင်ငံတို့၌ ပြသခဲ့သည်။ ဂျပန်ရင်သွေးဇာတ်ကားကို ဂျပန်ပရိသတ်များက စိတ်ဝင်တစား ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့မှမက ဂျပန်သတင်းစာများကလည်း ချီးကျူးဂုဏ်ပြုကြကာ တခမ်းတနား ဖော်ပြကြ၏။ ထူးခြားချက်တစ်ရပ်မှာ မောင်ညီပုသည် ဂျပန်နိုင်ငံ၌ ရုပ်ရှင်ပညာရပ်များ ဆည်းပူးနေစဉ်ကာလအတွင်း ၁၂. ၈. ၁၉၃၅ ရက်နေ့တွင် ဂျပန်မင်းသမီး တာကာကိုဆူဇူကီး (Takako Suzuki) နှင့် တိုကျိုမြို့၌ လက်ထပ်ခဲ့ကြခြင်း ဖြစ်သည်။

မောင်ညီပု၏ ဇနီး ဂျပန်အမျိုးသမီး (မြန်မာအမည်) ဓနန်းရင်အား ဂျပန့်ရင်သွေးဇာတ်ကားမှ မင်းသမီးအေးမိစံဟု သတ်မှတ်ကာ ဇနီးမောင်နှံ မြန်မာပြည်ရောက်စက လာရောက်ကြည့်ရှုသူများဖြင့် ပြည့်နှက်နေသည်ဟု ဆိုခဲ့ကြချေ၏။

□

www.burmeseclassic.com

www.burmeseclassic.com



## ဂျွန်ဦးစောနှင့် အပေါင်းအပါတွေကို ဘယ်လိုစီရင်ချက် ချလိုက်သလဲ

အမျိုးသားလွတ်လပ်ရေး ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် နိုင်ငံတော် ခေါင်းဆောင်ကြီးများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ရာ၌ ဦးစီးဦးဆောင်ပြုခဲ့သူ ဂျွန်ဦးစောနှင့် အပေါင်းအပါတို့အား သက်ဆိုင်ရာမှ ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် ကြိုးဒဏ်စီရင်လိုက်ကြောင်း ၉.၅.၁၉၄၈ ရက်နေ့ထုတ် သတင်းစာများ၌ ဖော်ပြထားပါသည်။

ဂျွန်ဦးစောသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် နိုင်ငံခေါင်းဆောင်ကြီးများကို လုပ်ကြံ သတ်ဖြတ်ပြီးကြသည့်နောက် ယင်းညနေမှာပင် အပေါင်းအပါ ကျူးလွန်သူတပည့်များနှင့်အတူ ဖမ်းဆီးခြင်းကို ခံခဲ့ရ၏။ မြန်မာပြည်ဘုရင်ခံသည် ၂၀.၉.၁၉၇၄ ရက်နေ့တွင် အထူးခုံတရားရုံးတော် ဖွဲ့စည်းရန် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် အောက်တိုဘာ ၈ ရက်နေ့တွင် အမှုကို စတင်စစ်ဆေးခဲ့၏။ ဂျွန်ဦးစောသည် ကိုယ်လွန်ရန်းရန်အတွက် လန်ဒန်မြို့နေ ရှေ့နေ မစ္စတာဘီဆာရ်ဗာတင်းနက်စ်အား ငှားရမ်းခဲ့၏။



ဂျွန်ဦးစောသည် ဧပြီလ ၂၇ ရက်နေ့တွင် တရားလွှတ်တော်ချုပ်မှ အယူခံပယ်ချခြင်း ခံခဲ့ရ၏။ နောက်တစ်နေ့ ၂၈.၄.၁၉၄၈ ၌ပင် အကျဉ်းထောင်အတွင်း၌ ဇနီးဖြစ်သူ ဒေါ်သန်းခင်၊ သမီးမေသန်းစောတို့နှင့်အတူ မိုးညင်းသီဂိကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိစ ထံမှောက်၌ လက္ခဏာရေးသုံးပါး တရားတော်ကို နာယူခဲ့သည်။ မေလ ၅ ရက်နှင့် ၆ ရက်နေ့များတွင် တရားခံ ခင်မောင်ရင်၊ မောင်နီနှင့် သုခတို့အပေါ် ချမှတ်ထားသော သေဒဏ်အမိန့်ကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲပေးခဲ့ပြီးသော်လည်း မေလ ၈ ရက်နေ့တွင် တရားခံများဖြစ်ကြသော ဂျွန်ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှုကြီး၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့အား ကြိုးဒဏ်စီရင်ခဲ့သည်။

▢

www.burmeseclassic.com

www.burmeseclassic.com



## စာနယ်ဇင်းဆိုတဲ့ ဝေါဟာရကို ဘယ်သူ စတင်သုံးစွဲခဲ့သလဲ

'စာနယ်ဇင်း'ဆိုသည်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဆိုသည့် စာပေမီဒီယာသုံးရပ်ဟာ တစ်ပေါင်းတစ်စပ်တည်းဖြစ်အောင် ကျစ်လစ်စွာသုံးစွဲလိုက်သည့် ဝေါဟာရအတိုကောက်ဖြစ်သည်။

အဆိုပါ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့အား ပေါင်းစည်းလိုက်သည့် 'စာနယ်ဇင်း'ဟူသည့် ဝေါဟာရအား စတင်သုံးစွဲခဲ့သူမှာ တိုးတက်ရေးမဂ္ဂဇင်းကို ဦးစီးထုတ်ဝေခဲ့သည့် တိုးတက်ရေး ဦးစိန်ခေါ် ဦးပဂျိုင် ဖြစ်လေသည်။ ဆရာကြီး ဦးပဂျိုင်သည် တိုးတက်ရေးမဂ္ဂဇင်း၌ 'စာနယ်ဇင်း' ဟူ၍ တီထွင်သုံးစွဲလိုက်ခြင်း ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ရန်ကုန်မြို့၌ သူရိယသတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ ဂျာနယ်ကျော် စသည်တို့ အသီးသီး ပြန်လည်ထုတ်ဝေကြသည်။ ဤတွင် ဆရာကြီးဦးပဂျိုင်သည်လည်း ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်၊ စနေနေ့တွင် တိုးတက်ရေးဂျာနယ်ကို စတင်ထုတ်ဝေခဲ့၏။



ထို့နောက် လွတ်လပ်ရေးခေတ်တွင် ဆရာကြီးဦးပဂျိုင်သည် တိုးတက်ရေးဂျာနယ်အဖြစ်မှ တိုးတက်ရေးသတင်းစာအဖြစ်သို့ ပြောင်းလဲကာ နေ့စဉ်ထုတ်ဝေခဲ့ရာ ၁၉၅၄ ခုနှစ်အထိ ဖြစ်၏။ ဆရာကြီးဦးပဂျိုင်သည် ၁၉၃၆ ခုနှစ် ဇွန်လ ၆ ရက်၊ စနေနေ့မှစ၍ ဘားမားဂျာနယ်ကိုလည်း ထုတ်ဝေခဲ့သေး၏။ ဘားမားဂျာနယ်မှာ တစ်ပတ်တစ်ကြိမ်ထုတ်ဖြစ်ပြီး ၁၉၃၈ ခုနှစ်ထိ ထုတ်ဝေခဲ့သည်။

ဆရာကြီးဦးပဂျိုင်သည် 'စာနယ်ဇင်း'ဆိုသော ဝေါဟာရအပြင် 'ဖတ်ကြဲလုပ်'ဆိုသော ဝေါဟာရကိုလည်း တီထွင်ခဲ့ပြန်သေး၏။ ဆရာကြီးဦးပဂျိုင်သည် နတ္တလင်းဇာတိဖြစ်ပြီး အဘဦးဘိုးဆိတ်၊ အမိဒေါ်ဖွားစိန်တို့မှ ၁၈၉၇ ခုနှစ်တွင် ဖွားမြင်ခဲ့၏။ မွေးချင်း ၉ ယောက်အနက် တတိယမြောက်ဖြစ်၏။ ငယ်စဉ်က နတ္တလင်းမြို့ဆရာချက်၏ လောကဓာတ်ကျောင်း၌ စတင်ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့ အစိုးရဟိုက်စကူးကျောင်း၌ ၇ တန်းအထိ ပညာသင်ကြားခဲ့၏။

ခေတ်ဟောင်းစာနယ်ဇင်း ဆရာကြီး ဦးပဂျိုင် (ခေါ်) တိုးတက်ရေး ဦးစိန်သည် ၅.၁၀.၁၉၇၈ ခုနှစ်၌ ကွယ်လွန်ခဲ့၏။ ကွယ်လွန်ချိန်တွင် အသက် (၈၁) နှစ်ရှိပြီ ဖြစ်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## စုဖုရားလတ်ရဲ့ ဈာပနကို ဘယ်လို ကျင်းပခဲ့ကြသလဲ

စုဖုရားလတ် ဆိုသည်မှာ ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းကြီးနှင့် ဆင်ဖြူမရှင်မိဖုရားကြီးတို့မှ ဖွားမြင်သော သမီးတော်ဖြစ်၏။ ငယ်စဉ်ကပင် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူဖြစ်သည့်အလျောက် ကုန်းဘောင်၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းသားနှင့် ဖူးစာဖက်ကာ နိုင်ငံရေးလောကကို ဝင်ရောက်စွက်ဖက်နိုင်ခဲ့၏။ တစ်လင်တစ်မယားစနစ်ကိုလည်း ထူထောင်နိုင်ခဲ့သော မိဖုရားဖြစ်၏။

သီပေါမင်းနှင့် စုဖုရားလတ်တို့သည် အင်္ဂလိပ်နယ်ချဲ့တို့၏ ဖမ်းဆီးခြင်းကိုခံရကာ အိန္ဒိယနိုင်ငံရှိ ရတနာဂီရိသို့ အကျဉ်းခံအဖြစ် ပို့ဆောင်ခြင်းကို ခံခဲ့ရ၏။ အိန္ဒိယနိုင်ငံ ရတနာဂီရိတွင် စံနေလျက်ရှိသည့် သီပေါဘုရင် နတ်ရွာစံပြီးသည့်နောက်ပိုင်း စုဖုရားလတ်လည်း မြန်မာနိုင်ငံသို့ ပြန်လာခွင့်ရကာ ရန်ကုန်မြို့၌ နေထိုင်ခဲ့လေ၏။ ယင်းသို့ နေထိုင်စဉ်အတွင်း ၁၉၂၅ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်၌ နှလုံးရောဂါဖြင့် ကံတော်ကုန်ခဲ့ရသည်။

မိဖုရားကြီး၏ ဈာပနအခမ်းအနားကို ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ မွန်းလွဲ ၁း၀၀ နာရီတွင် သေနတ်ပစ်ဖောက်ကာ ချာချီလမ်း (ကိုယ့်မင်းကိုယ်ချင်းလမ်း) စံအိမ်တော်မှ ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ဂူသွင်းသင်္ဂြိုဟ်မည့်နေရာသို့ ပို့ဆောင်ခဲ့ကြ၏။ ရှေ့ဆုံးမှ မြင်းစီးပုလိပ်များက ကြီးကြပ်လမ်းပြကြပြီး နောက်မှ မိဖုရားကြီး သက်စေ့အလှူတော်ပစ္စည်းများ တင်ဆောင်ထားသည့် လှည်း ၆၆ စီး လိုက်ပါခဲ့သည်။ ထို့နောက် စည်တော်အဖွဲ့၊ သိုင်း၊ ယမားကိုင်အဖွဲ့များ လိုက်ပါကြ၏။



မိဖုရားကြီး၏ အလောင်းတော်ကို ထီးဖြူ ၈ လက်မိုးလျက် ယမားကြိုးကို ဆွေတော်မျိုးတော်တို့က ဆွဲကြရ၏။ ကန်တော့မင်ဥယျာဉ်အတွင်း ဂူသွင်းသင်္ဂြိုဟ်စဉ် အမြောက် ၂၁ ချက် ပစ်ဖောက်အရိုအသေပြုကြသည်။ အခမ်းအနားသို့ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာကိုယ်တိုင် တက်ရောက်ခဲ့ပြီး ဗြိတိသျှဘားမားရုပ်ရှင်နှင့် လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီတို့က ရုပ်ရှင်ရိုက်ကူး မှတ်တမ်းတင်ခဲ့ကြပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## စဥ့်ကူမင်းဆိုတာ ဘယ်လိုလူစားလဲ

စဥ့်ကူမင်းသည် မြေဒူးမင်းခေါ် ဆင်ဖြူရှင်မင်းတရားကြီး၏ သားတော်ဖြစ်ပြီး ကုန်းဘောင်နန်းဆက်၌ စတုတ္ထမြောက်ဖြစ်လေ၏။ ၎င်းသည် တိုင်းရေးပြည်ရေး နိုင်ငံတော်အရေးအခင်းများကို ဥပေက္ခာပြုလျက် သူ့ဘာသာ သူ့သဘော စိတ်အတိုင်း ထင်သလို ပြုမူနေထိုင်ခဲ့သောမင်း ဖြစ်၏။

၎င်းမင်းအဖြစ်ကိုရလျှင် ဘခွေးတော် အမြင့်မင်းသားကြီးအား ထီးနန်းလုယူရန် ကြံရွယ်သည်ဟု ထင်မှတ်လျက် အဆုံးစီရင်၏။ ဘခွေးတော် ပဒုံမင်းသားကြီး ဘိုးတော်ဦးဝိုင်းအား စစ်ကိုင်းဘက်သို့ ပို့၏။ ဘခွေးတော် ပုခန်းမင်းသားကြီးကို ပင်းယမြို့သို့ပို့၏။ ဘခွေးတော် ပင်းတလဲမင်းသားကြီးကိုလည်း မန္တလေးအထက် ရွာသစ်ကြီးသို့ ပို့ထားခဲ့၏။ ဘကြီးတော် ကွယ်လွန်သူ (နောင်တော်ကြီးမင်း)၏ သားတော်လေး ဖောင်းကားစား မောင်မောင်ကိုလည်း နေပြည်တော်မှ ဖောင်းကားရွာသို့ ပို့၏။ ဗိုလ်မှူးဝန်ကြီး မဟာသီဟသူရအားလည်း ရာထူးမှနှုတ်ပြီး စစ်ကိုင်းဘက်သို့ ပို့၏။



စဥ့်ကူးမင်း၏ မလေ့စရိုက်ကို တင်ပြရသည်ရှိသော်–

၁။ အားကိုးလောက်သော ပညာရှိအမတ်တို့ကို ရာထူးမှချခြင်း၊ လှုံစ်လျူရှုခြင်း၊ ၎င်းအသစ်ခန့်ထားသော မှူးငယ်မတ်ငယ်တို့နှင့်အတူ ရောနှောကာ အမြဲနေထိုင်လေ့ရှိ၏။

၂။ အရက်သေစာများကို သောက်စားမူးယစ်လျက် သတိလွတ်ကင်းအောင် နေထိုင်လေ့ရှိ၏။

၃။ အပျော်အပါးလွန်၍ တောလိုက်ခြင်း၊ ငါးမျှားခြင်း အလုပ်တို့ဖြင့်သာ အချိန်ကုန်လေ့ရှိ၏။

၄။ ၎င်းကိုယ်တိုင် မူးယစ်သောက်စားနေသောအခါ အနီးရှိ မှူးငယ်မတ်ငယ်တို့သည် အလားတူ မူးယစ်ကြသောကြောင့် တိုင်းပြည်အရေးအခင်း အားလုံးတို့အပေါ်တွင် သတိမမူနိုင်ခဲ့။

၅။ အထက်ပါ မကောင်းသောအမှုကိစ္စများကို ပြုမူသော အလေ့အကျင့်ရှိသော်လည်း တစ်ခါတစ်ရံတွင်မူ ဥပုသ်ရက်ရှည်စောင့်ထိန်းခြင်း အလုပ်ကိုလည်း ဝါသနာထုံသေး၏။

၆။ ၎င်းအပြင် အခြံအရံ အခမ်းအနားမပါဘဲ ၎င်းဘုရင်တစ်ပါးတည်း နန်းတော်မှထွက်၍ အချိန်မတော်ကျခါမှ မြို့တံခါးမှ ၎င်းတစ်ပါးတည်း ဝင်လာလေ့ရှိ၏။

ထိုသို့သော အပြုအမူတို့ကြောင့် အညာသီဟတောဘုရားသို့ ရက်ရှည်သွားရောက်စံတော်မူစဥ် ဖောင်းကားစားမောင်မောင်၏ ထီးနန်းသိမ်းပိုက်ခြင်းကို ခံလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## စေတီတော်ကို ရှင်းလင်းပြီး ရောင်တော်ဖွင့်ရ ဘယ်လို အကျိုးကျေးဇူးတွေ ရနိုင်သလဲ

စေတီတော်ဆိုသည်မှာ ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင်တို့ အထွတ်အမြတ်ထား ကိုးကွယ်ပူဇော်ရာ ဖြစ်ပါသည်။ ဤသို့ မိမိတို့ အထွတ်အမြတ်ထားသော စေတီတော်အား သပ္ပာယ် ကြည်ညိုဖွယ်ရာဖြစ်အောင် သန့်ရှင်းပြီး ရောင်တော်ဖွင့်ပေးပါက အောက်ပါကောင်းကျိုးများ ရရှိနိုင်ပါသည်။

၁။ ပစ္စုပ္ပန်၌ပင် အနာရောဂါကင်းရှင်း၍ အသက်ရှည်စွာနေရခြင်း၊

၂။ သေလွန်သော် နတ်ပြည်သို့လားရ၍ အစောက်ယူဇနာ ခြောက်ဆယ်၊ အချင်းယူဇနာသုံးဆယ်၊ အထွတ်သုံးရာရှိသော ဗိမာန်ပေါက်ရောက်ပြီး နတ်သမီးတစ်ထောင် ခြံရံလျက် စံစားရခြင်း၊

၃။ သိကြားမင်းအဖြစ် အကြိမ်သုံးရာဖြစ်ခြင်း၊

၄။ စကြာဝတေးမင်းအဖြစ် နှစ်ဆယ့်ငါးကြိမ်ဖြစ်ခြင်း၊

၅။ ပဒေသရာဇ်မင်း၊ ကေရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်အောင် ဖြစ်ရခြင်း၊

၆။ ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်မလားဘဲ နတ်ပြည်၌သာ ကျင်လည်ရခြင်း၊



၇။ သံသရာကျင်လည်ရသမျှ ကာလပတ်လုံး စည်းစိမ်ဥစ္စာ ပြည့်စုံစွာဖြင့် နေရပြီး စည်းစိမ်ဥစ္စာ ယုတ်လျော့ပျက်စီးမှု မရှိခြင်း၊

၈။ သွားလေရာအရပ်တို့တွင် ဆင်၊ မြင်း၊ ယာဉ်၊ ရထားတို့နှင့် ပြည့်စုံရခြင်း၊

၉။ သွားလေရာအရပ်တို့၌ လူအများ၏ ပူဇော်မှုကို ခံယူရခြင်း၊

၁၀။ သွားလေရာအရပ်တို့၌ ဆူး၊ ငုတ်၊ ခလုတ်တံသင်းတို့ကို မမြင်ရခြင်း၊

၁၁။ နူနာ၊ အိုင်းအနာ၊ နူဖြူအနာ၊ ဝက်ရူးနာ၊ ပွေးနာ၊ ဝဲနာ ကင်းရခြင်း၊

၁၂။ လူ၊ နတ်ဘဝ၌ အံ့ဖွယ်သော စည်းစိမ်ကို စံစားရခြင်း၊

၁၃။ လူ၊ နတ်ဘဝ၌ ရွှေအဆင်းကဲ့သို့ အသားအရေဝင်းပခြင်း၊

၁၄။ နှစ်သက်ဖွယ် မကောင်းသော အရာများကို မတွေ့မမြင်ရခြင်း၊

၁၅။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပမှုရှိခြင်း၊

၁၆။ ကိုယ်ခန္ဓာ သန့်ရှင်းစင်ကြယ်၍ စိတ်တည်ကြည်ရခြင်း စသော အကျိုးကျေးဇူးများကို ရရှိခံစားရမည် ဖြစ်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## "စာတတ်ငါးခုန်၊ စာကုန်မန်ကျည်းတော၊ စာပြောသဲအင်း" ဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့်

ဗုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံ၏ပရိယတ္တိသာသနာဝင်တွင် 'ဗုဓ်အစ၊ ဗုဓ်အလယ်၊ ဗုဓ်အဆုံး' ဟူသည့် ဥဒါန်းစကား ရှိ၏။ အဓိပ္ပာယ်မှာ ဗုဒ္ဓဘာသာ သာသနာတော်တွင် ပညာအရာ၌ 'ဗုဒ္ဓဘုရားရှင်အစ၊ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ အလယ်၊ ညောင်ကန်ဆရာတော်ဦးဗုဓ်အဆုံး' သုံးပါးသာရှိသည်ဟု ဆိုလိုရင်း ဖြစ်၏။ ယခုလည်း 'စာတတ်ငါးခုန်၊ စာကုန်မန်ကျည်းတော၊ စာပြောသဲအင်း' ဟူသည် ဥဒါန်းစကား ရှိ၏။ ထိုအဓိပ္ပာယ်ကား အောက်ပါအတိုင်းဖြစ်ပါ၏။

(၁) ဥဒ္ဒကပါဠိ၊ ဋီကာပါဠိ၊ ကာရိကာနိဿယသစ် အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူခဲ့သော "အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မရာဇာဂုရု' ဘွဲ့တံဆိပ်တော်ရ ပထမ ငါးခုန်ဆရာတော် ဘုရားကြီးကား စာပေကျမ်းဂန် တတ်မြောက်လှသူ ဟူ၍ သာသနာတော်တွင် လွန်စွာမှ ကျော်စောထင်ရှား၏။

ထို့ကြောင့် **'စာတတ်ငါးခုန်'** ဟု ဆိုလိုခြင်းဖြစ်ပေ၏။

(၂) 'သီရိဂုဏာဘိလင်္ကာရ မဟာဓမ္မရာဇာဂုရု' ဘွဲ့တံဆိပ်တော်ရ မန်ကျည်းတော ဆရာတော် အရှင်သာသနာဇောတမှာ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာတို့ကို တစ်ကျမ်းပြီး တစ်ကျမ်း လှည့်လည်၍ အထပ်ထပ်အခေါက်ခေါက် ချပို့၊ ကြည့်ရှုမပြတ် ပရိစယပြုသဖြင့် မကြည့်ဖူးသည့် စာပေ မရှိလောက်အောင် ကျမ်းဂန်အရာ၌ နှံ့စပ်လှ၏။

ထို့ကြောင့် **'စာကုန်မန်ကျည်းတော'** ဟု ဆိုလိုခြင်းဖြစ်၏။

(၃) 'သူရိယာဝံသာဘိ သိရီပဝရာ လင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယကား ပုဒ်စစ်၊ ပါဠိစစ်၊ ဝါကျခွဲ၊ ဉာသ်ကောက်၊ နေတ္တိကောက်၊ စုဒ်စောဒနာ၊ သံဝဏ္ဏနာ အာဘော်မှစ၍ စာပြောကောင်းလှ၏။

ထို့ကြောင့် **'စာပြောသဲအင်း'** ဟူ၍ ဆိုလိုရင်းဖြစ်ပေ၏။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဆရာကောင်းဆရာမြတ်ရဲ့ အရည်အချင်းဆိုတာ ဘာတွေလဲ

ဆရာဆိုသည်ကို ဗုဒ္ဓဘာသာဝင်တိုင်းလိုပင် ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ လေးစားကြည်ညိုကြပါသည်။

ဆရာနှင့် စပ်လျဉ်းပြီ မြန်မာစာအဘိဓာန်၌–

"ဆရာဟူသည် သွန်သင်လမ်းပြ ဆုံးမတတ်သော ပုဂ္ဂိုလ်၊ ပညာသင်ကြားပို့ချပေးသော ပုဂ္ဂိုလ်၊ အတတ်ပညာတစ်ခုခု၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သောပုဂ္ဂိုလ်ကို ဆရာ"

ဟု ခေါ်ကြောင်း ဖော်ပြထားပါသည်။ အင်္ဂလိပ်စာပေတွင်

"လောကကို ပညာဖြင့် အလှဆင်သူ၊ လောကကို ကရုဏာဖြင့် ဖြေဖျောက်သူ၊ ကိုယ်ကျိုးစွန့်၍ အများအကျိုးကို ဆောင်ရွက်တတ်သောသူမျိုးကို ဆရာ"

ဟု ခေါ်ဆိုကြောင်း ဖော်ပြထားပါသည်။ ဆရာကို အင်္ဂလိပ်ဝေါဟာရဖြင့် (TEACHER) ဟု ရေးထားသည်။

T=TALENTED (လုပ်ရည်ကိုင်ရည်ရှိရမည်)၊ E=EXPERT (မိမိသင်ကြားပေးရမည့် ဘာသာရပ်အတွက် အထူးကျွမ်းကျင်ရမည်)၊ A=ACTION (တပည့်တို့အတွက် အမြဲတက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်နေရမည်)၊ C=CLEVER (လိမ္မာပါးနပ်ပြီး တော်ရ၊ တတ်ရမည်)၊ H=HONEST (ဖြူစင်ရိုးသားဖြောင့်မတ်ရမည်)၊ E=EXPERINCE (အတွေ့အကြုံဗဟုသုတရှိရမည်)၊ R=RESEARCH (သေချာစွာ စူးစမ်းရှာဖွေပြီး သုတေသနမှတ်တမ်း ပြုထားတတ်ရမည်) ဟူ၍ တစ်လုံးစီကို အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။ ဆရာကောင်းဆရာမြတ်ဖြစ် နိုင်ရန်–



၁။ ဥယျာဉ်မှူးကောင်းသဖွယ် ဖြစ်ရမည်။

၂။ ကြည်လင်သော စမ်းရေအိုင်သဖွယ် ဖြစ်စေရမည်။

၃။ ထွန်းလင်းတောက်ပစေနိုင်သော မီးပြတိုက်သဖွယ် ဖြစ်ရမည်။

၄။ စာပေကျမ်းဂန်တတ်ကျွမ်းနှံ့စပ်၍ အကျင့်သီလပါ ပြည့်စုံရမည်။

၅။ တပည့်များကို တတ်မြောက်ကျွမ်းကျင်စေလိုသော စေတနာထားရမည်။

၆။ ကိုယ်ကျိုးစွန့်လွှတ်၍ သည်းခံခွင့်လွှတ် အနစ်နာခံစိတ်ရှိရမည်။

၇။ တပည့်များအပေါ် ဆိုဆုံးမနိုပ်ကွပ်ရာ၌ မျက်နှာကြီး ငယ်မရွေး တိကျပြတ်သားသောစိတ်ထား ရှိရမည်။

၈။ ချီးမြှောက်သင့်သည်ကို ချီးမြှောက်၍ အဂတိလေးပါး ကင်းစင်သူ ဖြစ်ရမည်။

(ဆရာဟူသည် အိုးထိန်းသူနှင့် တူ၏။ အိုးတစ်လုံး၏ အကောင်းအဆိုး အယုတ်အညံ့တို့သည် အိုးပြုလုပ်သူ အိုးထိန်းသူတွင် တာဝန်အရှိဆုံး ဖြစ်သကဲ့သို့ တပည့်တစ်ယောက် လမ်းမှန်[illegible]ကောင်းရောက်ပြီး လူတစ်လုံးသူတစ်လုံးအဖြစ် ရောက်ရှိ[illegible]မှာ ဆရာ၏တာဝန်ပင် ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီးသခင်ကိုယ်တော်မှိုင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ငြိမ်းချမ်းရေးဖခင်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ မူလက ရွှေတောင်ဆရာလွန်း (ဆရာကြီး၏ အမည်ရင်းမှာ ဦးလွန်းဖြစ်၏) အမည်ဖြင့် ပြဇာတ် စာအုပ်ငယ်များစွာ ရေးသားခဲ့ဖူးသည်။ သည့်နောက်မှ 'မစ္စတာမောင်မှိုင်း' ဆိုသော ကလောင်အမည်ကို ပြောင်းလဲခဲ့၏။ ထိုသို့ ပြောင်းလဲလိုက်ခြင်းအတွက် မြန်မာတစ်မျိုးသားလုံး လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားကြ၏။ မစ္စတာမောင်မှိုင်းဖြစ်ရခြင်းနှင့် စပ်လျဉ်းပြီး ဆရာအောင်သင်းက ၎င်း၏ ကိုယ်တွေ့ကို ဖော်ထုတ်တင်ပြခဲ့ပါသည်။

'ဘယ်လိုလုပ်ပြီး မစ္စတာမောင်မှိုင်းဖြစ်လာရသည်ကို ဆရာကြီးက ပရိသတ်အား စင်ပေါ်ကပြောပြောသည်ကို ကျွန်တော် မှတ်မိသမျှ တင်ပြလိုက်ပါသည်'ဟူ၍ စကားခံလျက် –

"ဒီတုန်းအခါက အင်္ဂလိပ်ကို အားကျတဲ့သူတွေက သူတို့ကိုသူတို့ မစ္စတာဘယ်သူ၊ မစ္စတာဘယ်ဝါနဲ့ နာမည်တပ်ကြတာကိုး။ ကိုယ့်မှာလည်း ဦးတို့ခေါ်တို့ ရှိနေပါလျက်နဲ့ ဒီမစ္စတာကြီးကို တပ်ထားလေ့ရှိတော့ တယ်ပြီး အမြင်ကတ်တာကလား။

ဒါနဲ့ပဲ ဒီလူတွေရဲ့ မစ္စတာဆိုတဲ့ အမြီးကြီးကို ဘယ်လိုဖြတ်ရပါ့မလဲဆိုတာပဲ စဉ်းစားနေခဲ့မိတယ်။ ဒီအခိုက်မှာပဲ ဟို 'ဦးကြီး'



ဆိုတဲ့ လူက 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း'ဆိုတဲ့ စာအုပ်ကို ရေးလိုက်ပါလေရော။ အဲဒီထဲက မောင်မှိုင်းဆိုတဲ့ ကောင်ကလည်း ပွေလိုက်တာ မပြောပါနဲ့တော့။ သွားလေရာ အိမ်ထောင်ကျရပါစေရဲ့ ဆုတောင်းပြည့်တဲ့ ကောင်မျိုးပေါ့။ တစ်ခုလပ်ရော၊ မုဆိုးမရော၊ အပျိုကြီးရော၊ အပျိုလေးရော၊ တရုတ်၊ ကုလားမ စုံနေတာပဲ။ လှေမှောက်လို့ ရေထဲမျောတာတောင် လာပြီးကယ်တဲ့ ကရင်မလေးနဲ့ ညားလိုက်သေးတယ်။ အလွန်ဆိုးတဲ့ ပွေတဲ့ကောင်ပေါ့။ ဒါနဲ့ပဲ ဒီမစ္စတာကို မောင်မှိုင်းနဲ့တွဲလိုက်ရင် ကောင်းမယ်ဆိုပြီး မစ္စတာမောင်မှိုင်းလို့ နာမည်တပ်လိုက်တော့သတဲ့။ သူတို့ အဖိုးအနဂ္ဃတန်တဲ့ မစ္စတာကို စုတ်တီးစုတ်ပဲ့ မောင်မှိုင်းနဲ့ တွဲရမလားလို့ ရန်ထောင်ပြီး ရေးသားကြသေးတယ်။ ဒါပေမဲ့ ကိုယ်ကလည်း မလျှော့ဘူး၊ ရေးတာပဲ။

နောက်တော့ သူတို့လည်း မစ္စတာဆိုတဲ့အမြီး ပြုတ်သွားရော။ ကိုယ်လည်း မောင်မှိုင်းလို့တွင်ပြီး ကျန်ရစ်တော့တာပဲ။

ဆရာကြီး၏ စကားဆုံးသွားသောအခါ ပရိသတ်တွေ တအုန်းအုန်း ပွဲကျသွားပါလေတော့သည်။ နောက် တို့ဗမာ အစည်းအရုံးပေါ်လာတော့ သခင်ဘွဲ့ကိုခံယူပြီး 'သခင်ကိုယ်တော်မှိုင်း'အဖြစ် အမည်ပြောင်းလိုက်သည်။ အောက်ဆုံးတန်း နိမ့်ကျလှသည့် မောင်မှိုင်းအဖြစ်မှ ထိပ်ဆုံးသို့ရောက်သွားအောင် တင်ပေးလိုက်သည့် ဆရာကြီး၏ စိတ်ကူးဉာဏ်ရည်ကို ကျွန်တော်ဖြင့် တွေးမိတိုင်း အံ့သြမိသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဆီးချိုသွေးတိုး နှလုံးရောဂါဝေဒနာရှင်တို့အတွက် တောင်တန်းသာသနာပြု ဆရာတော်ကြီးရဲ့ဆေးနည်းက ဘာတဲ့လဲ

တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရအား ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြပါသည်။ ဘုရားရှင်၏ တန်ခိုးပရိတ်တော်ဖြင့် ပရိတ်ရေများ ပွက်ပွက်ဆူခဲ့သောကြောင့် ပရိတ်ရေဆူ ဆရာတော်ကြီးအဖြစ်လည်း သိရှိကြပါသည်။ ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဝေးလံခေါင်းပါးသည့်၊ ကြမ်းတမ်းခက်ခဲသည့် ချင်းတောင်ဒေသတို့ တစ်ပါးတည်းကြွကာ သာသနာပြုခဲ့သော အရှင်သူမြတ်ကြီးလည်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် သာသနာပြုရင်း စာပေများကိုလည်း ရေးသားခဲ့ပါသည်။ ထိုစာပေများ၌ သာသနာပြုလုပ်ငန်းများ အပြင် မြေပြန့်သားတို့ အရောက်အပေါက်နည်းလှသော တောင်တန်းဒေသမှ ဆေးဖက်ဝင်သည့် အစွမ်းထက်ဆေးဝါးပင်များ အကြောင်းကိုလည်း ရေးသားခဲ့ရာ ကျောက်တုံးကျောက်ခဲများ အစွမ်းထက်မှုနှင့် ပတ်သက်ပြီး ဆီးချိုဝေဒနာရှင်၊ သွေးတိုး



ဝေဒနာရှင်တို့အတွက် ဆေးနည်းကလေးတစ်ရပ်ကို ပေးခဲ့ပါသည်။ အဆိုပါဆေးနည်းမှာ–

"စမ်းချောင်းများတွင် လည်းကောင်း၊ အိုင်များတွင် လည်းကောင်း နစ်မြုပ်နေသော ကျောက်တုံး (ရှောက်သီးလုံးခန့်ကို ရှာဖွေယူငင်၍ မီးဖိုတွင် မီးရဲအောင် ဖုတ်ရသည်။

ထိုကျောက်တုံး မီးရဲနေသောအခါ 'အဝကျယ်ရေအိုးတွင် တဖြည်းဖြည်း နစ်မြှုပ်ရသည်။ ထိုအခါ ရေများဆူလာပါလိမ့်မည်။ ထိုကျောက်တုံးကို ၎င်းရေအိုးတွင် စိမ်ထားရပါမည်။ အေးလာသည့်အခါ ကျောက်တုံးရေစိမ်ထားသည့်ရေအား ဆီးချိုဝေဒနာရှင်၊ သွေးတိုးဝေဒနာရှင်၊ နှလုံးဝေဒနာရှင်တို့ နေ့စဉ်သောက်ပေးရပါမည်။ ကျောက်တုံးရေစိမ်ကုန်သွားပါက ထပ်မံ၍ စမ်းချောင်းထဲမှ သော်လည်းကောင်း၊ အိုင်များထဲမှ သော်လည်းကောင်း ရှောက်သီးလုံးခန့် ကျောက်ခဲကို ရှာဖွေပြီး ဤနည်းအတိုင်းပြုလုပ်ကာ သောက်ပေးပါက အထက်ပါဝေဒနာများ ပျောက်ကင်းချမ်းသာပါလိမ့်မည်။

ဆရာတော်ကြီးပေးသော ဆေးနည်းကား ဆေးရုံတက်စရာမလိုပါ။ ခွဲစိတ်စရာ မလိုပါ။ ငွေကုန်ကြေးကျ မရှိပါ။ အဆိုပါနည်းကို သိရှိပြီး စမ်းသပ်လုပ်ဆောင်ကြည့်သူများ အကျိုးအာနိသင်ကို ခံစားကြရပါပြီ။ လောက၌ မသိသူတွေ ကျော်လွှားသွားကြသော်လည်း သိသူတွေဖော်စားနေကြပါပြီ။

သဘာဝစွမ်းအင်သတ္တိတို့မှာ ထူးကဲနေသည်က အမှန်ဖြစ်ပါ၏။

▢

www.burmeseclassic.com

www.burmeseclassic.com



## ဆရာဇော်ဂျီအနှစ်သက်ဆုံး မြန်မာစာအုပ် (၁၀) အုပ်နဲ့ နိုင်ငံခြားစာအုပ် (၅) အုပ်ဟာ ဘာတွေတဲ့လဲ

စာရေးဆရာတို့မည်သည် စာပေဗဟုသုတအလို့ငှာ လည်းကောင်း၊ ရသခံစားလို၍ လည်းကောင်း၊ ပြည်တွင်းပြည်ပမှ လက်လှမ်းမီသမျှ စာပေတို့အား လေ့လာဖတ်ရှုကြလေ့ရှိစမြဲဖြစ်သည်။ ဤ၌ မိမိအကြိုက်သဘောတွေ့သော စာရှိသကဲ့သို့ အကြိုက်သဘောမတွေ့သော စာတို့လည်း ရှိတတ်ကြစမြဲဖြစ်၏။ အကြိုက်သဘောတွေ့သော စာတို့အနက် အချို့စာအုပ်များဆိုလျှင် ဘယ်အကြိမ် ပြန်ဖတ်ဖတ် ရိုးအီ၍ မသွားပေ။ သည့်အတွက်ကြောင့် မိမိတို့ ကိုယ်ပိုင်စာအုပ်စင်၌ အမြတ်တနိုးထားရှိကြကုန်၏။

တစ်ခါက ငွေတာရီမဂ္ဂဇင်းမှ တာဝန်ရှိသူတို့က မြန်မာစာပေ ပညာရှင် ဆရာဇော်ဂျီထံ ချဉ်းကပ်လျက် ဆရာဇော်ဂျီ အနှစ်သက်ဆုံးဖြစ်သော မြန်မာစာရေးဆရာတို့၏ စာအုပ် (၁၀) အုပ်နှင့် အခြားနိုင်ငံခြားစာအုပ် (၅) အုပ်ကို မေးမြန်း တောင်းဆိုကြ၏။ ဤတွင် ဆရာဇော်ဂျီက မြန်မာစာရေးဆရာတို့ ရေးသား



သည့် စာအုပ်များအနက်မှ ၎င်းလွန်စွာနှစ်သက်မိသည့် စာအုပ် (၁၀) အုပ်အား အောက်ပါအတိုင်းပေးလိုက်၏။

၁။ တောလားရတု (ရှင်ဥတ္တမကျော်)
၂။ ဟတ္ထိပါလ တောထွက်ခန်းပျို့ (ရှင်မဟာရဋ္ဌသာရ)
၃။ တျာချင်းများ (ဝန်ကြီးပဒေသရာဇာ)
၄။ မဟာရာဇဝင်ကြီး – ပထမတွဲ (ဦးကုလား)
၅။ ဝေါဟာရတ္ထ ပကာသနီ (ဒုတိယကျော်အောင်စံထား ဆရာတော်)
၆။ ဆဒ္ဒန်ဆင်မင်းဝတ္ထု (စလေဦးပုည)
၇။ ရွှေပြည်စိုး (ဦးလတ်)
၈။ မှာတော်ပုံဝတ္ထု (ပ + ဒု – တွဲ) (ဆရာကြီး သခင်ကိုယ်တော်မှိုင်း)
၉။ ဟင်းလေးအိုး (မှော်ဘီဆရာသိန်းကြီး)
၁၀။ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ (ပ + ဒု – တွဲ) (ဆရာကြီး ရွှေဥဒေါင်း)

ကြိုက်နှစ်သက်သော နိုင်ငံရပ်ခြားစာအုပ် ၅ အုပ်မှာ–

1. ထေရထေရီဂါထာ
2. The Book of Job
3. Apology and Crito by Plato
4. King Lear by Shakespeare
5. The Gentleman From Sanfrancisco by Ivan Bunin

တို့ ဖြစ်ကြသည်ဟု သိရှိရပါကြောင်း။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီးဦးဖေမောင်တင် နှစ်သက်တဲ့ မြန်မာစာအုပ် (၁၀)အုပ် နဲ့ နိုင်ငံခြားစာအုပ် (၅)အုပ်ဟာ ဘာတွေတဲ့လဲ

ဆရာကြီးဦးဖေမောင်တင်သည် ပထမဆုံးသော မြန်မာလူမျိုး ပါမောက္ခဖြစ်လေ၏။ ဆရာကြီးသည် ခရစ်ယာန်ဘာသာဝင် ဖြစ်သော်လည်း အင်္ဂလန်၌ ပညာဆည်းပူးစဉ်ကပင် အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းနှင့် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်းတို့ကို မူရင်းပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သူဖြစ်၏။ ၁၉၆၅– ခုနှစ်၊ စာဆိုတော်နေ့၌ ဆရာကြီးဦးဖေမောင်တင်ကို ဆရာကြီးရွှေဥဒေါင်းက ရှိခိုးကန်တော့ခဲ့လေသည်။ ထိုသို့ကန်တော့ရခြင်းမှာ ဝိသုဒ္ဓိမဂ်ကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်သောကြောင့် ဟူ၏။

ဆရာကြီးသည် တက္ကသိုလ်၌ ပါမောက္ခလုပ်စဉ် မြန်မာဝေါဟာရများ ထွန်းကားအောင် ကြိုးပမ်းခဲ့ပေသည်။ 'ခေတ်စမ်းစာပေ'ကို ဖြေတောင်မြှောက်ပေးခဲ့သည်။ ထို့ကြောင့်လည်း သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မောင်သန့်စင်၊ မင်းသုဝဏ်၊ မောင်ထင်၊ တက်ဘုန်းကြီးသိန်းဖေတို့ ပေါ်ထွက်သွားခဲ့ကြသည်။ ဆရာကြီး၏ ဦးလေးတော်သူမှာ ထင်ရှားလှသည့် 'အင်္ဂလိပ်– မြန်မာအဘိဓာန်'ကို ပြုစုခဲ့သည့် စာတော်ပြန်ဝန်ထောက် ဦးထွန်းငြိမ်းဖြစ်ပေသည်။ ဆရာကြီးသည် နိုင်ငံခြားသား ပါမောက္ခများအကြားဝယ် ပုဆိုးတောင်ရှည်၊ ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်းတို့ကိုသာ ဝတ်ဆင်လေ့ရှိ၏။ ထိုအဝတ်အစားဖြင့်ပင် စာပေပို့ချလေ့ရှိ၏။



တစ်ခါက ငွေတာရီမဂ္ဂဇင်းက ဆရာကြီးအနှစ်သက်ဆုံးဖြစ်သော မြန်မာစာအုပ် ၁၀ အုပ်နှင့် နိုင်ငံခြားစာအုပ် ၅ အုပ်တို့၏ စာရင်းကို သိလိုသဖြင့် မေတ္တာရပ်ခံတောင်းပန်သောအခါ ဆရာကြီးက အောက်ပါအတိုင်း ပြန်ကြားပေးပို့ခဲ့သည်။ မြန်မာစာအုပ် ၁၀ အုပ်မှာ–

၁။ ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထု

၂။ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့

၃။ ဦးကုလား၏ မဟာရာဇဝင်ကြီး

၄။ ဦးတိုး၏ ရာမရကန်

၅။ နတ်ရှင်နောင်၏ ရတုများ

၆။ စလေဦးပုည၏ ရေသည်ပြဇာတ်

၇။ လယ်တီဆရာတော်၏ ဒီပနီကျမ်းများ

၈။ ကျုံးဝန် ဘုမ္မဇေယျ၏ မနုကျယ်ဓမ္မသတ်

၉။ လှိုင်ထိပ်ခေါင်တင်၏ ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီး

၁၀။ ဦးလတ်၏ ရွှေပြည်စိုးဝတ္ထု

တို့ ဖြစ်ကြပြီး နိုင်ငံခြား စာအုပ် ၅ အုပ်မှာ

1. Ashvaghosa's Buddhacarita (Sanskrit)
2. Buddhaghosa's Visudd- himagga (Pali)
3. English Bible
4. Shakespeare's A Midsummer Night's Dream
5. Milton's Paradise Lost

တို့ ဖြစ်ကြပါကြောင်း။

□

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်မင်းသားကြီး ဦးဘိုးစိန်ကို ပရိသတ်တွေ ဘာကြောင့် စွဲမက်ရတာလဲ

ဇာတ်မင်းသားကြီး ဘုရားဒကာဦးဘိုးစိန်မှာ မြန်မာ့သဘင်လောက၌ တစ်ယောက်ဆိုတစ်ယောက် ထွန်းပေါက်ခဲ့သော ဇာတ်မင်းသားကြီး ဖြစ်၏။ ဇာတ်မင်းသားကြီး ဦးဘိုးစိန်အား ပရိသတ်များစွဲမက်ရခြင်း၌ အကြောင်းရှိ၏။ ထိုအကြောင်းမှာ 'တစ်ဦးမေတ္တာတစ်ဦးမှာ' ဆိုသကဲ့သို့ ၎င်းကိုယ်တိုင်က ပရိသတ်အပေါ် အထူးချစ်ခင်လေးစားမှုကြောင့် ဖြစ်ပေသည်။ သူသည် ပရိသတ်ကို မည်သို့သောအခါမျှ မထီမဲ့မြင် မပြုခဲ့။ သူ့ကိုယ်သူ မပိုင်၊ ပရိသတ်ကသာ သူ့ကိုပိုင်သည်ဟု စွဲစွဲမြဲမြဲ ယုံကြည်သူ အနုပညာရှင်ကြီး ဖြစ်လေသည်။

သို့ဖြစ်၍လည်း ပရိသတ်က ၎င်းအပေါ် စွဲမက်ချစ်ခင်ကြခြင်း ဖြစ်လေသည်။ လူမျိုးမရွေး၊ တောနေ မြို့နေမရွေး၊ လူတန်းစားမရွေး၊ ကျားမ မရွေး၊ ပိုျအိုမရွေး၊ ကလေးလူကြီးမရွေး အားလုံးကြည့်ကြသည်သာ ဖြစ်၏။ နေရာကွာဝေးလျှင်သော်မှ ဝါကျူးတက သွားရောက်ကြည့်ရှုကြ၏။ ထိုခေတ်က ကောလိပ်



ကျောင်းသားများသည်ပင်လျှင် ဘိုးစိန်ပွဲကပြီဆိုလျှင် အဆောင်မှ ခိုးထွက်၍ပင် ကြည့်တတ်ကြသည်ဟု ဆို၏။

ဦးဘိုးစိန်ကား သဏ္ဍာန်လုပ်လျှင် သရုပ်တူအောင် သရုပ်ဆောင်တတ်၏။ ပဒိုကန္ဒရားဇာတ်၌ ပဒိုကန္ဒရားမင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ရာတွင် ရွှေဦးထုပ်အစစ်၊ စုရတီဝှေ့စ်ကုတ်၊ ရွှေချည်ထိုး စုရတီဘောင်းဘီရှည်၊ ဖိနပ်ပြိုးပြိုးပြောင်ပြောင်ကို ဝတ်စားဆင်ယင်သည်။ ထိုဇာတ်ကပြီးသောအခါ ကျားမ မရွေး စုရတီလုံချည်များ ဝတ်ကြသည်မှာ နေရာအနှံ့ပင် ဖြစ်သည်ဟု ဆိုကြသည်။ ဦးဘိုးစိန်ပွဲကြည့်ရသည်ကို ဂုဏ်ရှိသည်။ ၎င်းနှင့် စကားပြောခွင့်ရလျှင် ဝမ်းမြောက်မဆုံး။ ရပ်ရွာများကလည်း [illegible]မ်းတနား ဖိတ်ခေါ်ခြေ့ခံကျွေးမွေးကြသည်။ ကြေးရတတ်များနှင့် ရာထူးရာခံရှိသူများသည် ပွဲထိုင်သွားသကဲ့သို့ပင် ဝတ်ကောင်းစားလှနှင့် စိန်ရွှေတန်ဆာတို့ကို ဝတ်ဆင်လျက် ဦးဘိုးစိန်ပွဲကို သွားကြည့်ကြသည်ဟု ဆိုသည်။

မြန်မာတို့သာမက တရုတ်၊ ကုလား၊ ပသျှူး၊ အင်္ဂလိပ် [illegible]လူမျိုးများကပါ ဦးဘိုးစိန်ကို ချစ်ခင်စွဲလမ်းကြသည်။ မေတ္တာထားကြသည်။ အမျိုးသမီးအချို့သည် ဦးဘိုးစိန်အတွက် ဆေးလိပ်ထဲ၌ ရွှေဒင်္ဂါးလက်ဆောင်ပင် ထည့်ပေးကြသည်။ ဤသို့ ဦးဘိုးစိန်သည် ပရိသတ်အပေါင်း၏ နှစ်သက်စွဲမက်ချစ်ခင်မှုကို [illegible]သည်။

□

www.burmeseclassic.com

www.burmeseclassic.com



## တောင်ပုလုဆရာတော်ဘုရားနဲ့ ပတ်သက်လို့ အံ့ဖွယ်ဘနန်း ဖြစ်ရပ်ဆန်းတစ်ခုက ဘာလဲ

တောင်ပုလုဆရာတော် လောင်းလျာကို သက္ကရာဇ် ၁၂၅၈ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် စနေနေ့တွင် ဝမ်းတွင်းမြို့ နယ်၊ တဲစုရွာ၌ အဖ ဦးရံ၊ အမိ ဒေါ်ရွှေသဲတို့မှ ဖွားမြင်ခဲ့၏။ ငယ်မည်မှာ မောင်ပေါ်လာဖြစ်သည်။ မောင်ပေါ်လာသည် တဲစု ရွာ ရေဝန်းကျောင်းဆရာတော်ထံ၌ လောကုတ္တရာအခြေခံ စာပေ တို့ကို သင်ယူခဲ့ပြီး ဆရာအော်ကိုပင် ဥပဇ္ဈာယ်ပြုလျက် ရှင်သာ မဏေဖြစ်ခဲ့၏။ ထို့နောက်ရဟန်းဘောင်သို့ ရောက်ခဲ့၏။ ဘွဲ့ အမည်ကား အရှင်နန္ဒိယဖြစ်၏။

အရှင်နန္ဒိယသည် မန္တလေး၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ပျဉ်းမနား၊ ရှမ်းစုကျောင်းတိုက်၊ ပခုက္ကူမြို့တို့၌ ပိဋကတ် ကျမ်း စာများကို နည်းစုံလင်အောင် လေ့လာသင်ယူတတ်မြောက်ခဲ့ပါ သည်။ ကျောက်ဆင်တောရ၊ သပြေချောင်းနှင့် တောင်ပုလု တောရ၌ သီတင်းသုံးမွေ့လျော်ရာမှ ကျောက်ဆင်တောရ တောင်ပုလုဆရာတော်ဟူ၍ ဂုဏ်သတင်း မွှေးခဲ့၏။

ဆရာတော်သည် နိုင်ငံခြားတိုင်းပြည်များစွာသို့ လှည့်လည် ကြွမြန်း၍ တရားတို့အား ဟောဖော်ပြသပေးခဲ့သည်။ တစ်ခါ



ဆော် ပြည်ပ၌ တောင်ပုလု သတင်းဆန်းတစ်ခု ထွက်ပေါ်လာ ခဲ့၏။ ဖြစ်ရပ်ကား ဤသို့တည်း။

ဆန်ဖရန်စစ္စကိုမှ လော့စ်အိန်ဂျလိစ်သို့ လေယာဉ်တစ်စင်း သည် ပျံသန်းနေခဲ့သည်။ လေယာဉ်စထွက်ကတည်းက အစစ အရာ အဆင်ပြေချောမွေ့နေသော လေယာဉ်သည် ဆင်းရမည့် ကွင်းသို့ ရောက်ခါနီးတွင် အင်ဂျင်တစ်လုံးပျက်သွား၏။ ထို့ ကြောင့် လေယာဉ်၏ဘီးကို ချ၍မရဖြစ်နေ၏။ လေယာဉ်မှူးကြီး ၏ စိတ်အာရုံက အင်ဂျင်ပျက်ပေါ်သို့ ရောက်ရှိနေရာ အမှတ်တမဲ့ ဆိုသလို ကြည့်လိုက်မိ၏။ ဤတွင် လေယာဉ်၏အတောင်ပံပေါ် ထိုင်လျက် ပျက်သွားသော အင်ဂျင်ကို လက်ညှိုးဖြင့်ထိုးနေသော ဘော်ရုံအဝါနှင့် ပုဂ္ဂိုလ်တစ်ဦးကို မြင်တွေ့လိုက်ရသဖြင့် ပါးစပ် အဟောင်းသားဖြစ်သွား၏။ ဤ၌ လက်ထောက်လေယာဉ်မှူး ကိုခေါ်၍ ပြ၏။ ထိုအဝါရောင်ဝတ် ပုဂ္ဂိုလ်အား လေယာဉ်မှူး ကြီးကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့နေရပါသော်ငြား လက် ထောက်လေယာဉ်မှူးမှာမူ မတွေ့မမြင်ဘဲ ဖြစ်နေ၏။ ထိုစဉ် မှာပင် အံ့သြဖွယ်ရာ ပျက်နေသော အင်ဂျင်မှာ ပြန်ကောင်းလာပြီး လေယာဉ်ဘီးကို ချနိုင်လျက် အန္တရာယ်ကင်းစွာ ကွင်းထဲသို့ ဆင်းသက်နိုင်ခဲ့၏။ ဤတွင် လေဆိပ်မှ လမ်းလျှောက်ထွက်လာ တော်မူသော တောင်ပုလုဆရာတော်ကို လေယာဉ်မှူးကြီး မြင် လိုက်သည့်ခဏ ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။

အကြောင်းမူ လေယာဉ်တောင်ပံပေါ်မှ ပုဂ္ဂိုလ်သည် တောင်ပုလုဆရာတော် ဖြစ်နေသောကြောင့်ပါလေ။

❐

www.burmeseclassic.com

www.burmeseclassic.com



## တောင်ပုလုဆရာတော်ကြီး ဆောက်တည်ခဲ့တာ ဘယ်ဈာန်လဲ

ဈာန်ဆိုသည်မှာ 'ကိလေသာကို ခါတွက်ပစ်နိုင်သော အကျင့်' ဟု အဓိပ္ပာယ်ရလေသည်။ ဈာန်ပေါင်း တစ်ဆယ့်သုံးပါးရှိသည့်အနက် တောင်ပုလုဆရာတော်ကြီး ဆောက်တည်ခဲ့သော ဈာန်မှာ 'နေသဇ္ဇိက ဈာန်' ဖြစ်လေ၏။ နေသဇ္ဇိက ဈာန်ဆိုသည်မှာ မလဲမလျောင်းဟူသည့် အဓိပ္ပာယ်ရသည်။

တောင်ပုလုဆရာတော်ကြီးတွင် အိပ်ရာမရှိပါ။ အိပ်ရာလည်း မထားပါ။ ဆရာတော်ကြီးသည် မည်သည့်အခါမျှ မလဲမလျောင်းဘဲ ထိုင်လျက် ကျိန်းစက်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်၏။ ဤကဲ့သို့ ဝိသေသထူးနှင့် ပြည့်စုံသော တောင်ပုလုဆရာတော်ဘုရားကြီး၏ နေသဇ္ဇိကဈာန် ဆောက်တည်ပုံအကြောင်းကို စာရေးဆရာဗိုလ်မင်းဟံက ကိုယ်တိုင်လျှောက်တင်မှတ်တမ်းပြုခဲ့သည်။ တစ်နေ့သ၌ ဗိုလ်မင်းဟံက ဆရာတော်ကြီးအား ဖူးမြင်ပြီး–

"ကျောချလဲလျောင်း အိပ်စက်ခြင်း မပြုသည်မှာ အနှစ် ၂၀ ကြာမြင့်ပြီဟု သိရကြောင်း၊ ကျင့်ကြံနေထိုင်ခြင်းမှာ ဘယ်ကစ၍ ဘယ်လိုကျင့်တယ်ဆိုတာကို သိရှိခွင့်ရှိပါက သိလိုပါကြောင်း"



လျှောက်ထားတောင်းပန်ခဲ့ရာ တောင်ပုလုဆရာတော်ကြီးက

"ဒီကျင့်စဉ်ကို ပထမစကျင့်တော့ အအိပ်ကို တဖြည်းဖြည်း လျှော့ပြီးလာရတယ်။ တစ်နေ့အိပ်ချိန်ကို လျှော့နိုင်သမျှ လျှော့ပြီး တရားထိုင်ရတယ်။ အဲဒီလို ကျင့်လာလို့ လပေါင်းအတော်ကြာလာတဲ့အခါမှာ အိပ်ချိန်ဟာ တဖြည်းဖြည်းနည်းသွားတယ်။ အဲဒီလို အိပ်ချိန်နည်းသွားပေမဲ့ ခန္ဓာကိုယ်မှာ ကျန်းမာရေးမထိခိုက်၊ ဘာမျှမဖြစ်တဲ့အခါကျတော့ နောက်ပိုင်းမှာ မအိပ်ဘဲနေနိုင်အောင် ဆက်ကျင့်ရတယ်။ မအိပ်ဘဲနေနိုင်လာတဲ့အခါ မလဲလျောင်းဘဲနေနိုင်အောင် တစ်ဆင့်တက်ပြီး ကျင့်ရတယ်။ အဲဒီလို တဖြည်းဖြည်းချင်း ကျင့်လို့ ခံနိုင်ရည်ရှိလာတော့ ငါ ဒီကနေ့ကစပြီး ကျောချလဲလျောင်း အိပ်စက်ခြင်း မပြုတော့ဘူးလို့ အဓိဋ္ဌာန်တင်ပြီး ကျင့်တယ်"

ဤသို့လျှင် တောင်ပုလုဆရာတော်ကြီးသည် နှစ်ပေါင်း ၂၀ ကျော်မျှ လျောင်း၍အိပ်စက်ခြင်းကိုပယ်ကာ ထိုင်၍ အိပ်လေ့ရှိသော ပုဂ္ဂိုလ်အဖြစ် ကုသိုလ်စေတနာကို တည်ဆောက်ခြင်းမည်သော နေသဇ္ဇိကဈာန်ကို ဆောက်တည်တော်မူခဲ့ပေ၏။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဒုလ္လဘရဟန်းတွေရဲ့ တစ်နေ့တာလုပ်ငန်းတွေဆိုတာ ဘာတွေလဲ

'ဒုလ္လဘ' ဆိုသည်မှာ ရတောင့်ရခဲသောအဖြစ်ဟူ၍ လူတော်တော်များများ နားလည်ထားကြပါသည်။ သို့ဆိုလျှင် 'ဒုလ္လဘရဟန်း'ဟူသည် ရတောင့်ရခဲ ရဟန်းဟု ဆိုရပါလိမ့်မည်။

စင်စစ် ဒုလ္လဘရဟန်းတို့မည်သည် သင်္ကန်းစည်းလိုက်သည်နှင့် တစ်ပြိုင်နက် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား ဘာသိဘာသာ မနေသင့်ကြပါပေ။ ရဟန်း၏ဝိနည်းနှင့် လျော်ညီစွာ ကျင့်ကြံနေထိုင် ကြရပါလိမ့်မည်။ သည့်အတွက် ဒုလ္လဘရဟန်းခံပြီးပြီဆိုပါက ဒုလ္လဘရဟန်းတို့၏ ကျင့်ကြံအား ထုတ်လုပ်ဆောင်ကြရမည့် တစ်နေ့တာလုပ်ငန်းများကို တင်ပြလိုပါသည်။

၁။ နံနက်စောစော ကျိန်းစက်ရာမှ လေးနာရီထိုးလျှင် ထရပါမည်။
(မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင်ကာ သင်္ကန်းသပ္ပာယ်လျှင် ဉာဏ်ဖြင့် သပ္ပာယ်ရပါမည်။)

၂။ နံနက် ငါးနာရီထိုးလျှင် ဆွမ်းခံစုရပ်သို့ သွားရောက်ကာ အရုဏ်ဆွမ်းခံခြင်းအလုပ်ကို လုပ်ရပါမည်။



၃။ နံနက် ခုနစ်နာရီမထိုးမီ အရုဏ်ဆွမ်းဘုဉ်းပေးရပါမည်။
(ဆွမ်းဘုဉ်းပေးရာတွင်လည်း ဆင်ခြင်ဉာဏ်အသိဖြင့် ဆွမ်းဘုဉ်းပေးရပါမည်။)

၄။ နံနက် ရှစ်နာရီမှ ဆယ်နာရီထိ၊ ပရိယတ္တိစာ (ဗုဒ္ဓခြေတော်ရာများ စသည်) သင်ယူရပါမည်။

၅။ နံနက်ဆယ့်တစ်နာရီတွင် နေ့ဆွမ်းဘုဉ်းပေးရပါမည်။ (ဆွမ်းဘုဉ်းမပေးမီ မေတ္တာပို့ခြင်းအမှုကို ပြုရပါမည်။)

၆။ ညနေတစ်နာရီခွဲမှ သုံးနာရီထိ ပရိယတ္တိစာပေ (ပဋ္ဌာန်းအနက် + မွေစကြာ + ပဋိစ္စသမုပ္ပါဒ် + ပဋ္ဌာန်းစသော သင်တန်း) များကို တက်ရောက်ကြရပါမည်။

၇။ ညခုနစ်နာရီမှ ကိုးနာရီထိ ဘုရားဝတ်ပြုခြင်း၊ နံနက်နေ့လယ်မှ ပရိယတ္တိစာပေများကို ဘုရားဒေသနာတော်မှ လာသည့်အတိုင်း ဆရာတော်က တရားဟောပြ၍ တရားနာယူခြင်း၊ တရားထိုင်ခြင်းစသော ပဋိပတ္တိအလုပ်များကို လုပ်ရပါမည်။

၈။ ညကိုးနာရီခွဲတွင် အိပ်ရာဝင်ရပါမည်။
(အိပ်ရာဝင်ချိန်၌ ငါသည် သင်္ကန်းဝတ်ဖြင့်နေသည်။ ခြင်၊ [illegible]၊ ကြမ်းပိုးများကို မသတ်ဘဲ စိတ်ကြည်လင်စွာဖြင့် ဘုန်းကြီးကျောင်းမှာ နေနေသည်ကို ဆင်ခြင်ကာ တရားမှတ်လျက် အိပ်ရာဝင်ရမည်။)

❐

www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်ဦးဖွန်းရဲ့ အမူအကျင့်၊ စိတ်နေသဘောတားဟာ ဘယ်လို ရှိသလဲ

ဒေါ်ဦးဖွန်းဆိုသည်မှာ ယနေ့ မြန်မာနိုင်ငံ၌ ထမြောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ခိုကိုးရာမဲ့ အဘိုးအဘွားများ (ဝါ) လူအိုများ စောင့်ရှောက်ရေး လူမှုဝန်ထမ်းလုပ်ငန်းကို မြန်မာနိုင်ငံသားများထဲမှ ပထမဦးစွာ မျိုးစေ့ချခဲ့သူ ဖြစ်ပေသည်။ မင်းကွန်းလူအိုရုံကို စတင်တည်ထောင်ခဲ့သူမှာ ဒေါ်ဦးဖွန်း ဖြစ်ပေ၏။

ဒေါ်ဦးဖွန်း၏ အမူအကျင့်၊ စိတ်နေသဘောထားနှင့် ပတ်သက်၍ စာပေဗိမာန်ထုတ် "ဖွားဦးဖွန်း အတ္ထုပ္ပတ္တိ"၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"ဒေါ်ဦးဖွန်းသည် အာဇာနည်အမျိုးသမီး ဖြစ်သည်။ သူ့၌ နူးညံ့သိမ်မွေ့သော စိတ်ဓာတ်ရှိသည်။ သို့သော် တစ်စုံတစ်ရာကို ပြုမည်ဟု ပြဋ္ဌာန်းလိုက်သည်ရှိသော ထိုအရာကို မဖြစ်မနေ ပြုလုပ်တတ်သော သံမဏိစိတ်ဓာတ်လည်း ရှိပေသည်။ ဒေါ်ဦးဖွန်းသည် ငယ်ရွယ်စဉ်က ပွဲလမ်းသဘင် အပျော်အပါးတို့ကို မလိုက်စားခဲ့ချေ။ အဝတ်အစား၌လည်း အခြားသော အမျိုးသမီးများကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင် ဝတ်စားဆင်ယင်ခြင်း လုံးဝမရှိဘဲ ပင်နီမျှလောက်နှင့်ပင် ရောင့်ရဲတင်းတိမ်ခဲ့၏။ သာမှုနာမှု သွားသောအခါ၌ပင် ပင်နီချော အမရပူရ လုံချည်မျှသာ ဆင်ယင်၍ စိန်ရွှေ စသည်တို့ကို အလျှင်းမဝတ်ဘဲ သွားလေ့ရှိသည်။ သို့ရာတွင် ကောင်းမှုကုသိုလ်ပြုမည်ဟု မိမိစိတ်က ပြဋ္ဌာန်းလိုက်လျှင် ထိုပြဋ္ဌာန်းချက်အတိုင်း အထမြောက်အောင် ဆောင်ရွက်ရသည်တို့၌ကား စိတ်ပျော်ရွှင်မှုဖြစ်သည်ဟု ယူဆလေ့ရှိသည်။

ဒေါ်ဦးဖွန်းသည် ဗဟုသုတကြွယ်ဝသည် လူပေါင်းဆံ့သည်။ ခရီလာတရားတော်နှင့်အညီ ခြိုးခြိုးခြံခြံ ကျင့်သုံး၍ ပေးထိုက်၊ လှူသင့်လှူထိုက်သောအရာ၌ ရက်ရက်ရောရော ပေးကမ်း လှူဒါန်းတတ်သည်။ ခြိုးခြံရမည့်နေရာတွင် မိမိအဖို့ ထမင်းတစ်နပ်နှင့်ပင် ရောင့်ရဲတင်းတိမ်နိုင်သည်။"

ဒေါ်ဦးဖွန်းကား ဘိုးဘွားများ အေးချမ်းစွာ နေထိုင်စားသောက်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းခဲ့သော လူမှုထူးချွန် အာဇာနည်အမျိုးသမီးကြီးပင် ဖြစ်လေတော့သည်တကား။

❐



www.burmeseclassic.com

www.burmeseclassic.com



## နတ်တော်လဆန်း ၁ ရက်နေ့ကို ဘာ့ကြောင့် စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသလဲ

မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ စာပေပညာရှင်များသည် ခရစ်နှစ် ၁၉၄၄ ခုနှစ် မေလ ၈ ရက်နေ့တွင် စာဆိုတော်နေ့ဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြသည်။

ထိုအစည်းအဝေးကို ထိုစဉ်က ပညာရေး၊ ကျန်းမာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးလှမင်း၏ ရုံးချိန်၌ ကျင်းပခဲ့ရာ ဆရာကြီးဦးဖေမောင်တင် စသည့် စာပေပညာရှင် ၁၁ ဦး တက်ရောက်ခဲ့ကြသည်။ ဤတွင် အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် ဆရာကြီးဦးလင်းက 'အသွားအလာခက်ခဲသည့် မိုးရာသီတွင် စာဆိုတော်နေ့ကို မရွေးချယ်ရန်၊ မသတ်မှတ်ရန်' စာဖြင့် မေတ္တာရပ်ခံခဲ့သည်။

ဂျာနယ်ကျော်ဦးချစ်မောင်က "ရှေးမြန်မာဘုရင်များလက်ထက်၌ နတ်တော်လတွင် စစ်ဖက်၊ စာပေဖက်၌ ထင်ရှားထူးချွန်သော ပညာရှင်များနှင့် မင်းညီမင်းသား၊ မှူးမတ်များအား ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်သည့် အစဉ်အလာရှိခဲ့ပါသည်။ ထိုအစဉ်အလာအတိုင်း နတ်တော်လ၏ နေ့တစ်နေ့ကို စာဆိုတော်နေ့အဖြစ် ရွေးချယ်သင့်ပါသည်" ဟူ၍ အဆိုပြုခဲ့သည်။



ဂျာနယ်ကျော်ဦးချစ်မောင်၏ အဆိုပြုချက်ကို (ထိုစဉ်က စာရေးဆရာအသင်း ဥက္ကဋ္ဌဖြစ်သော) သူရိယဦးသိမ်းမောင်က ထောက်ခံပြီး အများကလည်း လက်ခံသဘောတူညီကြသဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ကို မြန်မာ့စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးမှပင် ၁၂. ၅. ၄၄ ရက်စွဲပါ စာအမှတ် ၉၁/ ၅၂၀ ၄၄ ဖြင့် ဆုံးဖြတ်ချက် ၇ ရပ် ချမှတ်ခဲ့သည်။

အစည်းအဝေးမှ ဦးဆောင်နာယကများအဖြစ် သခင်ကိုယ်တော်မှိုင်း၊ ဦးဖေမောင်တင်၊ ဒေါက်တာဘဟန်၊ ဆရာကြီးဦးလင်း၊ ဒီးဒုတ်ဦးဘချို့နှင့် ဦးကြီးဖေတို့ကို လည်းကောင်း၊ အလုပ်အမှုဆောင်များအဖြစ် ဦးတင်၊ ဦးဘလွန်း၊ မြို့မဆရာဟိန်၊ ဦးကောင်း၊ ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးဧမောင်၊ ဒေါက်တာထင်အောင်၊ ဦးသန်းတင် (ရှုဝ)၊ ဦးဘိုးချိန်၊ ဦးထွန်းဖေ၊ ဦးသိမ်းမောင်၊ သခင်တင်မောင်ကြီး၊ ဦးထွန်းမြင့်၊ ဒေါ်ချစ်၊ ဒေါ်ရီကြိန်တို့ကို လည်းကောင်း၊ သဘာပတိအဖြစ် ဦးဖေမောင်တင်၊ ခော်ကြသူ အဖြစ် ဂျာနယ်ကျော်ဦးချစ်မောင်တို့ကို ရွေးချယ်ခဲ့သည်။

သို့ဖြင့် ပထမဆုံးသော အဆိုတော်နေ့အထိမ်းအမှတ် အခမ်းအနားကို ခရစ်နှစ် ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## နန္ဒိသေနပျို့ဟာ ငါးရာငါးဆယ်ဇာတကမှ ဘယ်နိပါတ်ဇာတ်တော်ကို အခြေခံပြီး ရေးဖွဲ့တာလဲ

နန္ဒိသေနပျို့သည် သာမန်စစ်ပွဲမဟုတ်ဘဲ စစ်မက်အင်အားကြီးမားသော နိုင်ငံက ဗိုလ်ကျစိုးမိုးလို၍ ရန်စတိုက်ခိုက်လာမည့် အန္တရာယ်ကို ပြည်သူတို့နှင့် တပ်မတော်တို့ ပေါင်းစည်းလျက် အင်အားကျစ်လျစ်စွာဖြင့် တရားသောစစ်ကို ဆင်နွှဲတိုက်ခိုက်ရင်း အနိုင်ယူခဲ့သည့် အဖြစ်အပျက်အား အခြေခံကာ ရေးစပ်ဖွဲ့ဆိုထားသော ပျို့ဖြစ်၏။

နန္ဒိသေနပျို့၏ လက်ရာရှင်မှာ လက်ဝဲသုန္ဒရအမှတ်ကြီး ဦးမြတ်စံဖြစ်၏။ မဲဇာသို့ အပို့ခံရသဖြင့် စာပေသမိုင်း၌ ထင်ရှားလှသော 'မဲဇာတောင်ခြေ' ရတုကို ဖန်တီးသူ စာဆိုဝိဇ္ဇူကြီးလည်း ဖြစ်၏။ လက်ဝဲသုန္ဒရအမတ်ကြီးကို အလောင်းမင်းတရားကြီး၏ ပြည်ထောင်ဘက် သူရဲကောင်းအဖြစ်ထက် ပျို့စာဆို၊ ရတုစာဆို အဖြစ် အသိများ ထင်ရှား၏။ မဲဇာတောင်ခြေရတု၊ မဟော်ပျို့၊ အာသာမုခပျို့၊ သာဓိနပျို့၊ စကြာမင်းပျို့၊ သောဏပျို့၊ ဝိနိစ္ဆသပကာသနီ ဓမ္မသတ်လင်္ကာ၊ ရွှေပြည်ကြီးလာ မော်ကွန်း၊



ရွှေပြည်ဝင်မော်ကွန်း၊ မဟာဝိဇယသိမ်စည်းခုံတော်မော်ကွန်း၊ ညောင်ဝတီနိုင်ငံမော်ကွန်း၊ မြန်မာသံယောဂဒီပနီသတ်ပုံ၊ မင်းကွန်းစေတီတော် မော်ကွန်း၊ အမရပူရ ပထမမြို့တည် မင်းတရားကြီးမုဒ္ဒါဘိသိက်မော်ကွန်းတို့အပြင် စစ်မက်ရေးရာအတွက် လွန်စွာမှ တန်ဖိုးကြီးမားလှသည့် 'နန္ဒိသေနပျို့'ကို သက္ကရာဇ် ၁၁၂၈ ခုနှစ်တွင် လည်းကောင်း၊ 'သေနင်္ဗျူဟာပျို့'ကို သက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် လည်းကောင်း၊ 'ဗျူဟာစက္ကိပျို့'ကို သက္ကရာဇ် ၁၁၅၂ ခုနှစ်တွင် လည်းကောင်း စပ်ဆိုရေးဖွဲ့ခဲ့ပါသည်။

ဗျူဟာစက္ကိပျို့နှင့် သေနင်ပျို့နှစ်စောင်မှာ စစ်ဆင်စစ်တက်၊ စစ်ဖျက်၊ စစ်ချီး စစ်ထိုးခြင်း စသော စစ်ပညာကျမ်းများဖြစ်၏။ နန္ဒိသေနပျို့မှာမူ စစ်ပညာရပ် အနည်းငယ်သာပါပြီး တပ်မတော် အရာရှိ အရာခံ အကြပ်တပ်သားများ လိုက်နာရမည့် စစ်သည်တော် ကျင့်ဝတ်များ ပါဝင်သည်။

အဆိုပါ သမိုင်းတန်ဖိုးကြီးမားလှသော နန္ဒိသေနပျို့အား ဖြစ်တော်စဉ် ငါးရာငါးဆယ်နိပါတ်တော်မှ စတုတ္ထနိပါတ် (၃၀၁) ခုမြောက် စူဠကလိင်္ဂဇာတ်တော်ကို အခြေခံလျက် ရေးသားဖွဲ့ဆိုခဲ့ခြင်း ဖြစ်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော် လုပ်ကြံမှုကြီးမှ ဘယ်သူတွေ လွတ်မြောက်ခဲ့ကြသလဲ

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ကား မြန်မာနိုင်ငံ၏ သမိုင်း၌ အမည်းကွက် ထင်ခဲ့လေသော နေ့တစ်နေ့ဖြစ်၏။ ထိုနေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် အစည်းအဝေးလုပ်နေကြစဉ် ဂဠုန်ဦးစောနှင့်တကွ လက်ပါးစေတို့၏ လုပ်ကြံမှုကြောင့် နိုင်ငံ့ခေါင်းဆောင် အာဇာနည်တို့ ကျဆုံးခဲ့ရ၏။ ကျဆုံးခဲ့ရသော သူတို့ကား ဗိုလ်ချုပ်အောင်ဆန်း၊ သခင် မြ၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်း၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ဖြစ်ကြ၏။ ဤသို့ နိုင်ငံတော်လုပ်ကြံမှုကြီး ဖြစ်ပွားစဉ် ထိုအစည်းအဝေးခန်းမအတွင်း ကျည်ဆန်မိုးများ ဖွဲဖွဲရွာနေသည့် အကြားမှ ကံကောင်းထောက်မစွာ သေကံမရောက်သက်မပျောက်ဘဲ လွတ်မြောက်သွားသူအချို့ ရှိ၏။ ထိုလွတ်မြောက်သွားကြသူတို့မှာ ဝန်ကြီးဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ ဦးဘဂျမ်းနှင့် အတွင်းဝန် ဦးရွှေဘော်တို့ ဖြစ်ကြ၏။



သူတို့သည် အခင်းဖြစ်ပွားစဉ်အတွင်း အစည်းအဝေးစားပွဲ၌ အတူရှိနေခဲ့ကြသည်။ လက်ဝဲဘက်စားပွဲ၌ နေရာယူထားကြသူ ဝန်ကြီးဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့မှာ ပစ်သံခတ်သံ ကြားရလျှင် ကြားရချင်း စားပွဲအောက်ကြမ်းပြင်ပေါ်သို့ လှဲအိပ်ချလိုက်၏။ သည့်အတွက်ကြောင့်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့ရခြင်း ဖြစ်သည်။ ဝန်ကြီးဦးဘဂျမ်းမှာ လက်ယာဘက် လက်သူကြွယ်တွင် အနည်းငယ်ဒဏ်ရာရခဲ့သည်။

ဝန်ကြီးပျော်ဘွယ်ဦးမြနှင့် အတွင်းဝန်ဦးရွှေဘော်တို့ နှစ်ဦးမှာမူ အစည်းအဝေးခန်း၏ နောက်ကျောရှိ ပြတင်းပေါက်သုံးပေါက်အနက်မှ တောင်ဘက်အစွန်း ပြတင်းပေါက်သို့ အပြေးအလွှားသွားရောက်ကာ ကျော်တက်ခဲ့ကြ၏။ ထို့နောက် တိုက်နံရံစွန်းမှ တွယ်ကပ်ဝပ်တွားသွားကာ ကပ်လျက်တည်ရှိသည့် အတွင်းဝန် ဦးရွှေဘော်၏ အခန်းတွင်းသို့ ဝင်ရောက်ကူးပြေး လွတ်မြောက်ခဲ့ကြခြင်း ဖြစ်သည်။

▢

www.burmeseclassic.com

www.burmeseclassic.com



## နယ်ချဲ့အင်္ဂလိပ်တွေ မတရားသိမ်းယူသွားခဲ့တဲ့ မြန်မာ့နန်းစဉ် ကျောက်ကြီးတွေဆိုတာ ဘာတွေလဲ

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား နည်းအမျိုးမျိုး၊ လက်နက်အားကိုးဖြင့် ကျူးကျော်ရန်စပြီး အချုပ်အခြာအာဏာကို ထိပါးခဲ့၏။

အထူးသဖြင့် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြဋ္ဌာန်းနှင့် နေထိုင်သော မြန်မာတို့၏ ကုန်းဘောင်ဆယ့်တစ်ဆက် နောက်ဆုံးဘုရင် သီပေါမင်းနှင့် စုဖုရားလတ်တို့အား ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့၏။ ထိုသို့ ဖမ်းဆီးခေါ်ဆောင်သွားရာ၌ တန်ဖိုးအနဂ္ဃထိုက်တန်လှသော မြန်မာ့နန်းစဉ်ကျောက်မျက်ကြီးများကိုလည်း နိုင်ထက်စီးနင်းပြုလျက် ခိုးထုတ်ယူဆောင်သွားခဲ့သည်မှာ လွန်စွာမှ အသည်းနာဖွယ်ရာ ကောင်းလှပေ၏။

ဤ၌ အင်္ဂလန်ရောက် မြန်မာ့နန်းစဉ်ကျောက်ကြီးများမှာ—

၁။ ပတ္တမြားငမောက်

(ရတီချိန်ကိုးဆယ်ကျော် ရှိပါသည်။ ထိုငမောက်ပတ္တမြားကြီးမှာ မြန်မာဘုရင်တို့လက်ထက် ၁၀၂၃ ခုနှစ်ကတည်းက ရှိနေခဲ့၏။)



၂။ လှော်ကားတင်ကြီးခေါ် ပတ္တမြား

(ရတီချိန်အားဖြင့် လေးဆယ်ကျော်ရှိပါသည်။ သက္ကရာဇ် ၁၁၉၉ ၌ ထိုလှော်ကားတင်ကြီးခေါ် ပတ္တမြားကို **ဗဒုံမင်း** လက်ထက်က စတင်ရရှိခဲ့၏။)

၃။ လှော်ကားတင်လေးခေါ် ပတ္တမြား

(ရတီချိန်အားဖြင့် နှစ်ဆယ်ခန့်မျှ ရှိပါသည်။ ဗဒုံမင်းလက်ထက်က စတင်ရရှိသည်ဟု အမှတ်အသားရှိ၏။)

၄။ ဆင်မတော်ခေါ် ပတ္တမြား

(အချိန်အားဖြင့် ၁၀ ရတီရှိကြောင်း အမှတ်အသားရှိ၏။)

၅။ စံကျောက်တော်ခေါ် ပတ္တမြား

(အချိန်အားဖြင့် ၆ ရတီရှိ၏။ စံထားအသုံးပြုရသော ပတ္တမြားကောင်းဖြစ်ကြောင်း မှတ်သားရ၏။)

၆။ နဂါးဗိုလ် အစရှိသည့် တန်ဖိုးများစွာထိုက်သည့် ကျောက်မျက် ရတနာများ။

အဆိုပါကျောက်မျက်ရတနာများသည် အင်္ဂလိပ်တို့ မတရားသိမ်းပိုက်သည့် အထဲတွင် ပါဝင်သွားကြ၏။ အထူးသဖြင့် အင်္ဂလန်ပြတိုက်တွင်ထားသော ကျောက်နီကြီးတစ်လုံးမှ အလျား ၅ လက်မမတ်တင်းရှိ၏။ ကာရက်ပေါင်း ၃၄၅၀ ရှိ၍ တစ်ကာရက်လျှင် တစ်ရတီနှင့် နှစ်ပဲမျှရှိရာ ရတီပေါင်း ၄၀၀၀ ခန့်ရှိသည်ဟု မှတ်သားရပါကြောင်း။

❐

www.burmeseclassic.com

www.burmeseclassic.com



# ပုဂံမင်းလက်ထက်က ဖခင်ရဲ့မျက်နှာမထောက်ဘဲ အမျိုးသားရေးသစ္စာကို ဖောက်ခဲ့သူက ဘယ်သူလဲ

မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပုဂံမင်းလက်ထက်၌ နယ်ချဲ့အင်္ဂလိပ်နှင့် မြန်မာတို့သည် ဒုတိယအကြိမ်စစ်ပွဲ ဖြစ်ပွားခဲ့ပါသည်။

ထိုခေတ်ထိုကာလတွင် နယ်ချဲ့အင်္ဂလိပ်တို့၏ ကျူးကျော်ရန်စမှုကို ငုံ့မခံဘဲ ရွမ်းရွမ်းတမံ တွန်းလှန်တိုက်ပွဲဝင်ခဲ့ကြသော မျိုးချစ်မြန်မာ့အာဇာနည် သူရဲကောင်းများလည်း ပေါ်ထွက်လျက်ရှိကြ၏။ လက်နက်ချင်း မည်ရွေ့မည်မျှ ကွာခြားသည်ဖြစ်စေ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝကြကုန်သော မြန်မာစစ်သည်တို့အား နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် အလွယ်တကူ အောင်ပွဲမခံနိုင်ချေ။ မျိုးချစ်သူရဲကောင်းကြီး စစ်သူကြီးမဟာဗန္ဓုလဆိုလျှင် အင်္ဂလိပ်ဗိုလ်ချုပ်ကြီးများကပင်လျှင် လေးစားခံ့ညား ကြောက်ရွံ့ခဲ့ကြသည်။ စစ်သူကြီးမဟာဗန္ဓုလနှင့် မြဝတီမင်းကြီး ဦးစတို့ပူးပေါင်းတိုက်ခိုက်ခဲ့သော ပန်းဝါတိုက်ပွဲဆိုပါက ရာဇဝင်တွင်ရစ်စရာ နယ်ချဲ့တို့အပေါ် အကြီးအကျယ်အောင်ပွဲခံနိုင်ခဲ့သည့် တိုက်ပွဲတစ်ပွဲပင် ဖြစ်ပါသည်။



သည့်အတွက် နယ်ချဲ့အင်္ဂလိပ်နှင့် မြန်မာတို့ ဒုတိယအကြိမ်စစ်မက်ဖြစ်ပွားကြလေသော် ပုဂံမင်းသည် မင်းလှမဟာမင်းခေါင်ရာဇာဘွဲ့ခံ သုံးဆယ်ဝန်ကြီးကို ခေါ်ယူခဲ့၏။

ထို့နောက် လက်နက်ကိုင်စစ်သည်အင်အား နှစ်သောင်း (၂၀၀၀၀) ခန့် ဖြည့်ဆည်းလျက် နယ်ချဲ့အင်္ဂလိပ်တို့ကို ကြိုတိုက်ခိုက်ရန် ရန်ကုန်သို့ စေလွှတ်ခဲ့သည်။ ဤတွင် သမိုင်း၌ အရုပ်ဆိုးအကျည်းတန်လှသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့တော့၏။ အကြောင်းမူ သုံးဆယ်ဝန်ကြီး မင်းလှမဟာမင်းခေါင်ရာဇာသည် နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ခိုက်ရန် မဝံ့ဘဲ၊ တိုင်းတစ်ပါးနယ်ချဲ့လက်အောက်သို့ ခိုဝင်ကာ သစ္စာခံသွားခဲ့၏။ ၎င်း၏လုပ်ရပ်မှာ အမိမြန်မာနိုင်ငံတော်အပေါ် အမျိုးသားရေးသစ္စာဖောက်လိုက်ခြင်းဖြစ်၏။ ထိုသတင်းကို ကြားသိရသူတိုင်း ရင်ထုမနာဖြစ်ကြ၏။ ဒေါသကြီးစွာ ထွက်ကြကုန်၏။

အကြောင်းမူ သုံးဆယ်ဝန်ကြီး မင်းလှမဟာမင်းခေါင်ရာဇာဆိုသူမှာ အခြားမဟုတ်၊ နယ်ချဲ့အင်္ဂလိပ်တို့ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ထိတ်လန့်ကြရသည့် မျိုးချစ်သူရဲကောင်း စစ်သူကြီးမဟာဗန္ဓုလ၏ သားရင်းစင်စစ် ဖြစ်နေသောကြောင့်ပါတည်း။ ဖခင်က မျိုးချစ်ဇာနည်၊ သားက အမျိုးသားသစ္စာဖောက်။ အံ့သြလောက်ဖွယ်ပင်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ပထမဆုံး စာဆိုတော်နေ့ အခမ်းအနားကို ဘယ်မှာ ကျင်းပခဲ့ပါသလဲ

မြန်မာနိုင်ငံ၏ စာဆိုတော်နေ့အခမ်းအနားကို ပထမဆုံး အကြိမ်အဖြစ် ဂျပန်ခေတ်ကာလ ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်၊ (၁၃၀၆) ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့ ညနေ ပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြို့ပြဓာတ်ရုံ၌ စတင်ကျင်းပခဲ့ ၏။

အဆိုပါအခမ်းအနားတွင် စာပေပညာရှင်များ၊ ဝါသနာရှင် များနှင့် ပရိသတ်များ အစုံအညီတက်ရောက်ခဲ့ကြပြီး ရှေးစာဆို တော်တို့၏ စာများထဲမှ ကောက်နုတ်ချက်များကို ရွတ်ဖတ်ပူဇော် ခဲ့ကြသည်။ ဆရာဦးသုခက ဦးပုည၏ဝိဇယပြဇာတ်မှ စာသား အချို့ကို ထုတ်နုတ်ရွတ်ဆိုခဲ့၏။

စာဆိုတော်နေ့အဖြစ် ပေါ်ပေါက်ခဲ့ရခြင်းမှာ ၄.၅.၁၉၄၄ နေ့တွင် ရန်ကုန်တိုင်း၊ ဟံသာဝတီခရိုင်၊ ကွမ်းခြံကုန်းမြို့ အာရှ လူငယ်အစည်းအရုံးဌာန၌ ဦးပုညနေ့ကျင်းပရာမှ စတင်ခဲ့ခြင်းဖြစ်



၏။ အင်္ဂလန်နိုင်ငံတွင် ရှိတ်စပီးယားပွဲတော် ကျင်းပသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း စလေဦးပုညကို ဂုဏ်ပြုသည့်နေ့အဖြစ် ဦးပုညနေ့ကျင်းပခဲ့ခြင်း ဖြစ်၏။ ဦးပုညနေ့ကျင်းပပြီး လေးရက် အကြာ ၈.၅.၁၉၄၄ တွင် ဦးဝိစာရလမ်း၊ နဝရတ်ရိပ်သာဝင်း အတွင်းရှိ ပညာ၊ ကျန်းမာနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးလှမင်း၏ ရုံးခန်းမ၌ စာဆိုတော်နေ့ဟူ၍ ကျင်းပရန် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြ၏။ ယင်းအစည်းအဝေးတွင် ဆရာကြီးဦးဖေမောင်တင် အပါအဝင် (၁၁) ဦးတက်ရောက်ခဲ့ ကြ၏။

အစည်းအဝေးမှ စာဆိုတော်နေ့အဖြစ် ရက်တစ်ရက်ကို သတ်မှတ်ကြရန် ဆုံးဖြတ်ကြရာ၌ ဂျာနယ်ကျော်ဦးချစ်မောင်က ရှေးမြန်မာမင်းများ လက်ထက်က နတ်တော်လတွင် မြန်မာဘုရင် များ ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ကြမြဲဖြစ်ရာ နတ်တော်လ အတွင်း နေ့တစ်နေ့ကို သတ်မှတ်ရန် တင်ပြဆွေးနွေးခဲ့ကြသည်။ ဤသို့ဖြင့် အများအကြိုက်ညီသည့် နတ်တော်လဆန်း ၁ ရက်နေ့ အား စာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပသွားရန် သဘောတူညီခဲ့ကြသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ပြည်သူ့ဂျာနယ်ကို တရားစွဲခဲ့တဲ့ ရုပ်ရှင်မင်းသမီးဆိုတာ ဘယ်သူလဲ

ပြည်သူ့ဂျာနယ်ကို တရားစွဲခဲ့သော ရုပ်ရှင်မင်းသမီးဆိုသူမှာ နာမည်ကျော် အမေရိကန် ရုပ်ရှင်ကားတစ်ကားဖြစ်သော ခရမ်းရောင်လွင်ပြင် (Purple Plain) ဇာတ်ကား၌ ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီး ဂရီဂိုရီပက် (Gregory Peck) နှင့် တွဲဖက်ကာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သော ဗုဒ္ဓဘာသာဝင် အမျိုးသမီး ဝင်းမင်းသန်းဖြစ်၏။

(ဒေါ်) ဝင်းမင်းသန်းအနေဖြင့် ပြည်သူ့ဂျာနယ်အား တရားစွဲရခြင်း အကြောင်းရင်းမှာ ၂.၂.၁၉၅၇၊ အတွဲ (၅)၊ အမှတ် ၂၀၊ စာမျက်နှာ ၁၁ တွင် ဖော်ပြပါရှိသည့် 'ငရဲမင်းနေ့စဉ်သတင်းစာကဏ္ဍ'မှ 'မပြေးသော်ကန်ရာရှိပါလို့' ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးဖော်ပြရာ၌ မိမိအား အပြာရောင်မယ်ဟု ရည်ညွှန်းခဲ့ရုံမက၊ မိမိ၏ခင်ပွန်းသည်ကိုပါ ထိခိုက်ရေးသားခဲ့သည်ဟူ၏။ သို့ဖြစ်၍ ပြည်သူ့ဂျာနယ်အယ်ဒီတာအား အသရေဖျက်မှုပုဒ်မ ၅၀၀ ဖြင့် အရေးယူပေးပါရန် တရားရုံးသို့ လျှောက်ထားခဲ့လေ၏။



ရန်ကုန်အရှေ့ပိုင်းနယ်ပိုင် ရာဇဝတ်တရားသူကြီးရုံး၌ အမှုရင်ဆိုင်ရာတွင် ဒေါ်ဝင်းမင်းသန်းက မိမိသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတစ်ဦးဖြစ်ပြီး ဦးကျော်စိန်၏ သမီးဖြစ်ကြောင်း၊ သီရိစကြာနှင့် စကြာကုမ္ပဏီများ၏ မန်နေဂျင်းဒါရိုက်တာ ဗိုလ်စကြာ၏ ဇနီးဖြစ်ကြောင်း၊ ယင်းပြည်သူ့ဂျာနယ်၌ မိမိအား သစ္စာမဲ့သူ၊ ခြံခုန်လေ့ရှိသူ အမျိုးသမီးတစ်ဦးအဖြစ် စွပ်စွဲရေးသားထားသဖြင့် အိမ်ထောင်ရေး၊ စီးပွားရေးနှင့် ပေါင်းသင်းဆက်ဆံရေးများကို ထိခိုက်စေနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အမှုကို အကြိမ်ကြိမ် ချိန်းဆိုစစ်ဆေးခဲ့ပြီးနောက် နှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိအောင် ညှိနှိုင်းကာ အမှုမှကျေအေးခဲ့ကြောင်း သိရှိရပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## ပန်းသာမခါဉဝတ္ထုဟာ ဘာ့ကြောင့် ပန်းသာမစာဉ ဖြစ်ခဲ့ရတာလဲ

ဆရာကြီးသ်ခင်ဘသောင်းသည် သောမတ်စ်ဟာဒီ (Thomas Hardy)၏ Tess of the Dubervills ကို မြန်မာမှုပြုလျက် ဝတ္ထုစာအုပ်ကြီးကို ရေးသားခဲ့၏။ ၁၉၃၈ ခုနှစ်တွင် နဂါးနီစာအုပ်တိုက်မှ အတွဲနှစ်တွဲခွဲကာ ထုတ်ဝေခဲ့၏။

ထိုစာအုပ်ကို စာရေးဆရာကြီး သခင်ဘသောင်းက 'ပန်းသာမခါဉ' ဟူ၍ ကနဦးက ရေးသားခဲ့၏။ သို့ရာတွင် စာအုပ်အဖြစ် ထွက်ပေါ်လာသောအခါ ပန်းသာမခါဉ မဟုတ်တော့ဘဲ 'ပန်းသာမစာဉ' ဖြစ်သွားခဲ့ရလေသည်။ အဘယ့်ကြောင့် ထိုသို့ဖြစ်ရသနည်းဆိုသော် ပုံနှိပ်တိုက်မှ စာစီမှားယွင်းမှုကြောင့် ဖြစ်ပေသည်။ ပန်းသာမစာဉသည် မိုငြမ်းဝတ္ထုဖြစ်သော်လည်း မြန်မာမှုပြုရာ၌ လက်ဖျားခါရလောက်အောင် ကောင်းမွန်၏။ အဆိုပါဝတ္ထုအား ၁၉၅၁ ခုနှစ်တွင် ပညာရေးဌာနက တက္ကသိုလ်ဝင်တန်းမြန်မာစာအတွက် ပြဋ္ဌာန်းခဲ့ပေသည်။



၁၉၅၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် 'စာရေးဆရာကြီး သခင်ဘသောင်း ရေးသားသည့် ပန်းသာမစာဉဝတ္ထု ဇာတ်လမ်းကို ပန်းသာဖလင်မှ ဒါရိုက်တာဦးချင်းစိန်က ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ရာ ပြီးစီးသွားပြီဖြစ်၍ မကြာမီ ရန်ကုန်မြို့ ရုပ်ရှင်ရုံကြီးနှစ်ရုံ၌ တစ်ပြိုင်နက်ပြသတော့မည်ဖြစ်ကြောင်း' သတင်းဖော်ပြပါရှိခဲ့သည်။

အဆိုပါ ပန်းသာမစာဉရုပ်ရှင်ဇာတ်ကားတွင် ကိုဒေဝအဖြစ် ဇေယျ၊ ပန်းသာမောင်မောင်အဖြစ် အေးကြူ၊ 'ဉ'အဖြစ် မေသစ်တို့ ပါဝင်ထားကြပြီး ယာဉ်တိုက်မှုကြောင့် ကွယ်လွန်သွားရှာသည့် ဦးသာဂေါင်၏ တစ်ဦးတည်းသောသား မောင်မျိုးဆက်ကိုလည်း 'ဉ'၏ မောင်အဖြစ် သရုပ်ဆောင်ထားကြောင်း တွေ့မြင်ကြရမည်ဟု ဆိုပါသည်။ ပန်းသာမစာဉမှာ အသံထွက်ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး အသံကြည်လင်ပြတ်သားမှု ရှိစေရန်လည်း အထူးကြိုးပမ်းထားသည်ဟူ၏။

စာရေးဆရာကြီး သခင်ဘသောင်းသည် 'သခင်' အမည်ကို တောင်ခံယူသူဖြစ်၍ 'သခင်အစ ဘသောင်းက' ဟူ၍ ထင်ရှားခဲ့ပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ပြင်စည်မင်းသားကြီး ရေးစပ်ခဲ့တဲ့ သီချင်းကြီးပေါင်း ဘယ်နှပုဒ် ရှိသလဲ

ကုန်းဘောင်ခေတ် စာဆိုတော်တစ်ဦးဖြစ်သော ပြင်စည်မင်းသားကြီးသည် 'သီရိမဟာသီဟသူရ မဟာဓမ္မရာဇာ' ဘွဲ့ခံ တောင်ငူမင်း (တောင်ငူဘုရင်ခံ)၏ သားတော်ကြီးတစ်ပါးဖြစ်ပြီး သာယာဝတီမင်းလက်ထက်၌ 'မဟာသီရိဓမ္မရာဇာ'ဘွဲ့ ပေးသနားခံရခြင်းနှင့်အတူ မြင်းကွန်းမြို့ကို အပိုင်စားရသူဖြစ်၏။

ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းကြီး လက်ထက်၌ 'မဟာသီရိဓမ္မရာဇာ'ဘွဲ့ကို ဆက်လက် ပေးသနားခြင်းခံရကာ ပြင်စည်မြို့ကို အပိုင်စားရသောကြောင့် နောက်ပိုင်းတွင် ပြင်စည်မင်းသားကြီးဟု အမည်တွင်ခြင်းဖြစ်၏။ ငယ်မည်မှာ ထိပ်တင်ပုဖြစ်လေသည်။ မင်းသားကြီးသည် စိတ်သဘောထား နူးညံ့ သိမ်မွေ့ပြီး နန်းတွင်းရေးရာကို စိတ်ဝင်စားခြင်းမရှိဘဲ ဂီတစာပေအနုပညာဖြင့်သာ မွေ့လျော်သူ ဖြစ်၏။ အချိန်ရှိသ၍ ရတုကဗျာ၊ တေးသီချင်းဂီတများကိုသာ သီကုံးရေးသားလျက် ရှိလေသည်။ မင်းသားကြီး ရေးသားပြုစုခဲ့သော ယိုးဒယားသီချင်းကြီးပေါင်း



များစွာရှိသည့်အနက် အထူးလူသိများ၍ ထင်ပေါ်ကျော်ကြားလှသော ယိုးဒယားသီချင်းကြီးများမှာ ၈ ပုဒ်တိတိ ရှိလေ၏။ ၎င်းတို့မှာ–

| | |
|---|---|
| ၁။ ရွှေတညာ | ၅။ ပန်းမြိုင်လယ် (ဖိန်းချား) |
| ၂။ တောတောင်စွယ် | ၆။ ခိုင်ပန်းစုံ |
| ၃။ နှင်းယွန်းခါဟေမန် | ၇။ မှိုင်းမှုံပြာရီ |
| ၄။ တောမြိုင်ခြေ | ၈။ မော်ရုံဟောဝန် |

စသည်တို့ဖြစ်ကြပြီး ယခုထိတိုင် လူကြိုက်များကာ ရိုးအီမသွားဘဲ ထင်ပေါ်ကျော်ကြားလျက် ရှိပေ၏။ ၎င်းသည် ဘကြီးတော်မင်းတရားလက်ထက်၊ သာယာဝတီမင်း လက်ထက်နှင့် မင်းတုန်းမင်းကြီးလက်ထက်အထိ ထင်ပေါ်ကျော်ကြားခဲ့သော အနုပညာရှင်ကြီး ဖြစ်၏။

မင်းသားကြီးသည် ပဒေသရာဇ်သွေးအစစ် ဖြစ်ပါလျက် ဘုရင့်အလိုကျ ဘုန်းတော်ဘွဲ့ကို မရေး၊ သဘာဝ၊ ရေမြေတောတောင် အလှအပတို့ကိုသာ ရေးဖွဲ့သူဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၂၄ ခုနှစ်၊ တော်သလင်းလ၌ မင်းတုန်းမင်းလက်ထက်တွင် ကံတော်ကုန်လေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ပယ်တာကို လက်ခံပေမဲ့ ပြင်ဆင်တာကို လုံးဝလက်မခံသူ ခေါင်းမာတဲ့ ကာတွန်းဆရာကြီးဆိုတာ ဘယ်သူလဲ

အယ်ဒီတာများက သူ၏ ကာတွန်းကို အလိုမကျသဖြင့် ပယ်ပစ်လိုက်ခြင်းကို လက်ခံ၏။ သို့ရာတွင် ပြင်ဆင်သည်ကို လုံးဝ လက်မခံ။ သူ့အပေါ် အကြံဉာဏ်ပေး၍ စေခိုင်းသည်ကို လည်း မနှစ်သက်။ ဤသို့ ခေါင်းမာသော ကာတွန်းဆရာကြီး ကား။ ကွယ်လွန်ပြီးကာမှ အလက်ာကျော်စွာဘွဲ့ အပ်နှင်းခြင်း ခံရသော ကာတွန်းဝိဇ္ဇာဆရာကြီး ဦးဘဂျမ်းဖြစ်လေ၏။

တစ်ခါက သတင်းစာကြီးတစ်စောင်မှ အယ်ဒီတာတစ်ဦးက သူ့အား အကြံပေး၍ ကာတွန်းရေးဆွဲစေရာ ထိုသတင်းစာ၌ ကွယ်လွန်သည်အထိ လုံးဝဆိုလုံးဝ ကာတွန်းရေးဆွဲခြင်း မပြုခဲ့။ ဦးဘဂျမ်း၏ ကာတွန်းများသည် စစ်ပြီးခေတ်၌ ပိုမိုလူပ်ရှားလာခဲ့သည်။ သူသည် ဦးဖျောက်ဆိပ် ကာတွန်းများကို ဗမာ့ခေတ် သတင်းစာတွင် လည်းကောင်း၊ မောင်မြေဇာကာတွန်းများကို ဟံသာဝတီသတင်းစာတွင် လည်းကောင်း အပတ်စဉ် ရေးဆွဲခဲ့သည်။ အခြားကာတွန်းမျိုးစုံကိုလည်း ဂျာနယ်၊ မဂ္ဂဇင်းအသီးသီးတွင် ရေးဆွဲခဲ့လေသည်။



ကာတွန်းဦးဘဂျမ်းသည် တစ်ခေတ်၌ တစ်ယောက်သာ ပေါ်ထွန်းသော ပုဂ္ဂိုလ်ထူးမျိုး ဖြစ်ပေသည်။ နဂိုဗီဇအားဖြင့် ဟာသဓာတ်ခံရှိသူ ဖြစ်သည့်အပြင် လူသားတို့၏ ဒုက္ခ၊ သုခ တို့ကိုလည်းကောင်း၊ ဟန်ဆောင်မှုအဝဝတို့ကို လည်းကောင်း၊ လောကကြီး၏ အမြီးအမောက်မတည့်သော ကိစ္စတို့ကိုလည်းကောင်း၊ အပြင်ပန်းအလှတို့ကိုလည်းကောင်း ကောင်းစွာမြင်သူ၊ ကြားသူဖြစ်ပေသည်။ တစ်ဖန် ထိုအကြားအမြင်တို့ကိုလည်း အကောင်းအဆိုးခွဲခြား၍ ဆင်ခြင်သုံးသပ်နိုင်သူ ဖြစ်ပေသည်။ ထို့ကြောင့် သူ၏ ကာတွန်းများမှာ အကြောင်းအရာအားဖြင့် ပြောင်မြောက်နေခြင်းဖြစ်၏။

ဦးဘဂျမ်းသည် ကာတွန်းပါ စာတို့သာမက ဆောင်းပါး၊ ဝတ္ထုများကိုလည်း အရေးကောင်းသူဖြစ်သည်။ သုည၊ ကာတွန်းဦးဘဂျမ်း အမည်များဖြင့် ဝတ္ထုဆောင်းပါးများ ရေးခဲ့သည်။ 'ညီမလေး' အမည်ရှိ လုံးချင်းဝတ္ထုကိုပင် ရေးသားထုတ်ဝေခဲ့ဖူးသည်။

ဦးဘဂျမ်းသည် သူအလွန်တရာ ချစ်မြတ်နိုးလှသော ဇနီးသည် ဒေါ်ခင်ကြည် ကွယ်လွန်ပြီး ၄ နှစ်အကြာ၊ ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်၊ အသက် ၅၃ နှစ်အရွယ်တွင် ကွယ်လွန်ရှာသည်။ ကွယ်လွန်ချိန်၌ တစ်ဦးတည်းသော သားကလေး မောင်ကျော်ညွန့် (ကိုခွေး) ကျန်ရစ်ခဲ့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ခဲ့တာ တပေါင်းလထဲလား တန်ခူးလထဲလား

မိမိတို့ မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်လက်တွင်း ကျရောက်ပြီးသည့်နောက် ဖက်ဆစ်ဂျပန်တို့၏ လက်တွင်းသို့ ကျရောက်ခဲ့ရပြန်သည်။ ဤတွင် နည်းမျိုးစုံဖြင့် နိုင်ငံသူနိုင်ငံသားတို့အား ဒုက္ခပေးလာသည်ကို မခံမရပ်နိုင်သည့်အဆုံး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မြန်မာ့တပ်မတော်မှ ဖက်ဆစ်တို့အား တော်လှန် မောင်းထုတ်ခဲ့ရသည်။ ထိုနေ့ကား ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် ဖြစ်၏။ ထိုနေ့နှင့်ပတ်သက်သော မြန်မာလကို အင်္ဂလိပ်မတ်လနှင့် ဆက်စပ်ကာ 'တပေါင်းလ'ဟု မှတ်ယူခဲ့ကြသည်။ ထိုအမှတ်ကား မှားယွင်းနေပါကြောင်း စာရေးဆရာမကြီး 'မကြွယ်ကြွယ်'က အကိုးအကားဖြင့် အောက်ပါအတိုင်း ရှင်းလင်း တင်ပြခဲ့ပါသည်။

"မည်သည့်ရက်ကို အမှတ်မှားပါသနည်းဟု မေးလျှင် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့အကြောင်း ဖြစ်ပါသည်။ နှောင်းခေတ် စာပြုသူတို့၏ ကဗျာတို့တွင် ထိုကာလသည် တပေါင်းလဟူ၍ မှတ်သားပြီး စာကဗျာတွေ ဖွဲ့နေကြပါသည်။ တကယ်ကမူ တော်လှန်ရေးနေ့ သတ်မှတ်သော မတ်လ ၂၇ ရက်၊ ၁၉၄၅ ခုနှစ်သည် ၁၃၀၆ ခုနှစ်၊ တန်ခူးလပြည့်နေ့ ဖြစ်ပါသည်။ အင်္ဂါနေ့ ဖြစ်ပါ



သည်။ ထိုနှစ်က သင်္ကြန်သည် ကဆုန်လဆန်း ၃ ရက်တွင်ကျပြီး လဆန်း ၅ ရက်တွင် သင်္ကြန်တက်ပါသည်။ ကဆုန်လဆန်း ၆ ရက်ကား ၁၃၀၇ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့ ဖြစ်ပါသည်။

ခရစ် ၂၀၁၀ ဧပြီလ ၁၄ ရက်နေ့၊ ကောဇာ ၁၃၇၁ ခုနှစ်တွင် ကျရောက်မည့် သင်္ကြန်သည် ကဆုန်လဆန်း ၂ ရက်နေ့ ဖြစ်ပါသည်။ တစ်ရက်သာကြတ်ပြီး ကဆုန်လဆန်း ၄ ရက်နေ့ သည်။

ကျွန်မအား ခင်မင်သူမိတ်ဆွေတို့က မေးပါသည်။ 'ဟဲ့ ဘယ်နှယ့် သင်္ကြန်က ကဆုန်လမှာ ကျရတာလဲ' ဟူ၍ မေးပါသည်။ ကဆုန်မှာ သင်္ကြန်ကျသောကြောင့် စိုးရိမ်သူတွေလည်း တွေ့ရပါသေးသည်။ ဒီပြင်ကလည်း အနောက်တိုင်း ပြက္ခဒိန်၊ အနောက်တိုင်းလ၊ တစ်လအတွင်း လ ၂ ခါပြည့်လို့ ပူသူက ပူလိုက်ပါသေးသည်။ ပြက္ခဒိန် သဘာဝချင်းမတူတာကို မတွေးကြ။

မြန်မာမှု၊ မြန်မာ့ပြက္ခဒိန် သက္ကရာဇ်၊ တစ်နည်းကောဇာ သက္ကရာဇ် စသော အခေါ်တို့ကို နားတွင်မစွဲသောအခါ တန်ခူး ရက်မစုံ ၂၉ က ကဆုန်ရက်စုံ ၃၀ ဟု သူငယ်တန်းတုန်းက အော်ဆိုခဲ့ရသော စာတွေကို မှတ်မိလျှင် ကဆုန်လလည်း သင်္ကြန် ကျနိုင်ပါသည်။ တန်ခူးလသည်လည်း မတ်လထဲတွင် ကျချင် ကျတတ်ပါသည်ဟူ၍ သဘောပေါက်မည် ဖြစ်ပါသည်။

ထို့ကြောင့် တော်လှန်ရေးနေ့သည် တန်ခူးလပြည့်နေ့ ဖြစ်ပါကြောင်း။ တောနှင့်တောင်၊ ပွင့်သောပန်း၊ ရေနေကုန်းနေသတ္တဝါတို့သည် မိန်ရာသီနေ့ဥတု သဘာဝမခြားပါကြောင်း။"

❑

www.burmeseclassic.com

www.burmeseclassic.com



## ဖိုးဝဇီရကို အင်တာဗျူးရတဲ့ အခက်အခဲနဲ့ပတ်သက်ပြီး ဆရာကြီး မဟာဆွေ ဘယ်လိုမှတ်တမ်းတင်ခဲ့သလဲ

ဖိုးဝဇီရ ဆိုသည်မှာ မင်းတုန်းမင်းကြီးလက်ထက် 'ရတနာပုံ နေပြည်တော်သတင်းစာ' ခေါ် မန္တလေးဂေဇက်တွင် အယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့သော စာပေပညာရှင်ကြီးဖြစ်၏။ ၎င်းမကွယ် လွန်မီ ဆရာကြီးမဟာဆွေက အရအမိ မှတ်တမ်းတင်နိုင်ရန် အင်တာဗျူးသတင်း လိုက်ခဲ့၏။ ထိုသို့ အင်တာဗျူးသတင်းလိုက် ရာ၌ လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ မဟုတ်ခဲ့။ ကဆုန်လ ၏ ပူပြင်းသော နေရောင်ခြည်အောက်၌ စစ်ကိုင်းမြို့၊ စီရင်စု ဆားတောင်မ ငါးရွာသို့သွားရောက်ကာ စက်ဘီးကိုယ်စီဖြင့် သတင်းရယူ အင်တာဗျူးခဲ့ကြသည်။ သည်သို့ဖြင့် နောင်အခါ 'ဘိုးဝဇီရ'ဆိုသည့် အတ္ထုပ္ပတ္တိစာအုပ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုသို့ ကြိုးပမ်းရာ၌ တွေ့ကြုံရသော အခက်အခဲများနှင့် ပတ်သက်ပြီး ဆရာကြီးမဟာဆွေက တေးထပ်ကဗျာစာအုပ်နှင့် လေး ဆစ်ကဗျာတစ်ပုဒ်ကို ရေးစပ်ကာ မှတ်တမ်းတင်ခဲ့၏။

**"ဆန်းကဆုန် မိုးဃ်းမရောက်ခင်မို့**
**မိုးတဖြောက် မရွာ၊**
**ဆိုးကျောက်ဟု ကမ္ဘာနာမှာ**
**အရွာရွာ ပေါက်ဆဲ၊**



**နေမင်းက ပူပြင်းလောင်တယ်**
**လူချင်းတောင်ထိက တောက်ဖွဲ။**
**သည့်ကလောက် ပူတဲ့အင်ကို**
**ကူမယ့်ခင် မြင်ဘဲ**
**လူနဲ့စင် မရှင်ဘဲပါလို့**
**ဘွင်အသဲ ညို့ထင်၊**
**ချွေးပြိုင်ပြိုင် ယိုကာ စီးတာမဲတော့**
**လိုခရီးလမ်းခုလတ်တွင်။**
**နေမွန်းတည့်ချိန် ချဉ်းစဉ်မှာ**
**ဘိမ်မင်းလွင် မြူတွေ ပျောက်ပါလို့**
**မြူလေနောက် ပက်ပင်းဆိုင်၊ တိမ်းမတ်မနိုင်**
**စက်ဘီးက လက်ကျည်းကိုင်တောင်**
**တက်စီးယိုင် ရော့လဲလို့လေး"**

လေးဆစ်ကဗျာကား –

- "ပညာရှိ၊ ကဝိတဲ့ရေးဆရာ။
- မြင်မြင်နိုးငယ်နှင့်၊ ထင်ကိုးကာ ဆားတောင်ရောက်အောင်ပ၊ လောင်တောက်ချိန် နေပူထဲတွင်၊ ခဲ၍သာလာ။
- မက်ကြီးစွာ အာသာစွဲသူမဖြင့် စက်ဘီးမှာ 'တာရာ'ကွဲပါလို့ ညာတာဘဲ ရဝိန္ဒာငယ် ထိန်ဝါတဲ့ ရောင်လင်း။
- သောဋ္ဌသေ၊ တောရပ်ရွာမြေသို့ တာအရှေမိုင်ခရီးကိုလ၊ စာကဝေ ဆိုင်ကာနီးတဲ့အောင် စီးရစ္စတ်တင်း"။

□

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓသာသနာ့အလံကို တီထွင်ခဲ့တဲ့သူက ဘယ်သူလဲ

ဗုဒ္ဓသာသနာ့အလံကို တီထွင်ခဲ့သူမှာ အမေရိကန်လူမျိုး ဗိုလ်မှူးကြီးအိုလ်ကော့ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဘီစီ ၅၈၉ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော် မူပြီးနောက် ဗုဒ္ဓဂယာ မဟာဗောဓိပတ်ဝန်းကျင်၌ တစ်နေရာ တစ်နေရာလျှင် ခုနစ်ရက်စီ၊ ခုနစ်ရက်စီ (သတ္တသတ္တာဟ) စံတော်မူပြီး ရက်ပေါင်း ၆၀ လောက်သာ ဖလသမာပတ်ဝ[င်] စားပြီး အေးအေးလူလူ သီတင်းသုံးနေတော်မူခဲ့ပါသည်။

ယခု မဟာဗောဓိစေတီတော်၏ အနောက်မြောက်ဘက် ပေ ၇၀ ခန့်အကွာတွင်ရှိသော (ရတနာဃရ) ရွှေအိမ်တော်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် စတုတ္ထသတ္တာဟစံတော်မူလျက် ထိုနေ ရာ၌ သီတင်းသုံးကာ အဘိဓမ္မာဒေသနာတော်ကို ဆင်ခြင်တော် မူစဉ် ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုယ်တော်မှ ခြောက်သွယ်သော ရောင်ခြည်တော်များ ကွန့်မြူးလျက်ရှိနေပေသည်။

ယနေ့ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ အသုံးပြုလျက် ရှိသော ဗုဒ္ဓသာသနာ့အလံတော်မှာ ထိုရောင်ခြည်တော် ၆ ပါးကို



...ပြထားသော အထိမ်းအမှတ်အလံတော် ဖြစ်ပါသည်။ ဗုဒ္ဓ သာသနာ့အလံ စတင်ပေါ်ပေါက်လာပုံမှာ ခရစ်နှစ် – ၁၈၈၅ ခုနှစ်၊ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတော်အစိုးရအဖွဲ့က ကဆုန် လပြည့်နေ့ကို 'ဗုဒ္ဓနေ့'အဖြစ် နိုင်ငံတော်ဥပဒေတစ်ရပ်ဖြင့် သတ် မှတ်အတည်ပြု ကြေညာခဲ့သည်။ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ အဖြစ် ခမ်းနားကြီးကျယ် သိုက်မြိုက်စွာ ကျင်းပရာတွင် သာ သနာတော် အထိမ်းအမှတ် တစ်မျိုးမျိုးနှင့် အခမ်းအနားပြင်ဆင် ...သို့မဟုတ် ဗုဒ္ဓသာသနာ့အလံတော်များ ဝေဝေဆာဆာ လွှင့် ထူရန် အထူးလိုအပ်လျက်ရှိရာ သီရိလင်္ကာအစိုးရက ဗိုလ်မှူးကြီး အိုလ်ကော့ကို တာဝန်ပေးလိုက်ခြင်း ဖြစ်သည်။

အမေရိကန်နိုင်ငံသား ဗိုလ်မှူးကြီးအိုလ်ကော့သည် မူလက ...ဆိုဖီအသင်းသားတစ်ဦး ဖြစ်၏။ နောင်တွင် စာပေကျမ်း ... တတ်မြောက်သည့် ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ဦး ဖြစ်လာခဲ့ ... သီဟိုဠ်(သီရိလင်္ကာ)အစိုးရ ဦးစီးကျင်းပခဲ့သည့် ကဆုန်လ ... ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ကျင်းပသည့် အခမ်းအနားကြီး ... လွှင့်ထူရန် ဗိုလ်မှူးကြီးအိုလ်ကော့က ရောင်ခြည်တော် ...ပါးကို ဖော်ပြသည့် ဗုဒ္ဓသာသနာ့အလံတော်အား တီထွင်ပေး ...မှစ၍ ဗုဒ္ဓဘာသာနိုင်ငံတိုင်းတွင် ဗုဒ္ဓသာသနာ့အလံတော်နှင့် ...သက်သည့် ဘာသာရေးအခမ်းအနားများ၌ သာသနာ့အလံ ...များကို ဝေဝေဆာဆာချိတ်ဆွဲလျက် ရှိကြပေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဗမာ့လွတ်လပ်ရေး စီစဉ်မှုအဖွဲ့ကို ဂျပန်အာဏာပိုင်တို့က ဘယ်သူတွေနဲ့ ဖွဲ့စည်းပေးခဲ့သလဲ

ဂျပန်အာဏာပိုင်တို့သည် 'ဗမာ့လွတ်လပ်ရေး စီစဉ်မှုအဖွဲ့' ကို ၁၉၄၃ ခုနှစ် မေလ ၈ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | ဒေါက်တာဘမော် | – ဥက္ကဋ္ဌ |
| ၂။ | သခင်မြ | – အဖွဲ့ဝင် |
| ၃။ | ဒေါက်တာသိန်းမောင် | – ။ |
| ၄။ | သခင်သန်းထွန်း | – ။ |
| ၅။ | သခင်ထွန်းအုပ် | – ။ |
| ၆။ | ဦးလှဖေ | – ။ |
| ၇။ | ဦးထွန်းအောင် | – ။ |
| ၈။ | ဗန္ဓုလဦးစိန် | – ။ |
| ၉။ | ဦးဘဝင်း | – ။ |
| ၁၀။ | သခင်ဗစိန် | – ။ |



| | | |
|---|---|---|
| ၁၁။ | ဗိုလ်ချုပ်အောင်ဆန်း | – ။ |
| ၁၂။ | ဆာမြဘူး | – ။ |
| ၁၃။ | သခင်ကိုယ်တော်မှိုင်း | – ။ |
| ၁၄။ | ဦးဆက် | – ။ |
| ၁၅။ | ဦးချစ်လှိုင် | – ။ |
| ၁၆။ | သခင်နု | – ။ |
| ၁၇။ | ဒေါက်တာစံစီဖိုး | – ။ |
| ၁၈။ | ဦးအေး | – ။ |
| ၁၉။ | ဝတ်လုံဦးသိန်းမောင် | – ။ |
| ၂၀။ | ဟသ်ာတဦးမြ | – ။ |
| ၂၁။ | ဦးအေးမောင် (သစ်ကုန်သည်) | – ။ |
| ၂၂။ | ဦးထွန်းဖေ | – ။ |
| ၂၃။ | ဆာဦးသွင် | – ။ |
| ၂၄။ | ဦးကျော် | – ။ |
| ၂၅။ | ဦးခင်မောင်ဒွေး | – ။ |
| ၂၆။ | ဦးကျော်ငြိမ်း | – အတွင်းရေးမှူး |

❐

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဘုရားရှင်က အဘိဓမ္မာတရားတော်ကို တာဝတိံသာမှာ ဘာ့ကြောင့်ဟောကြားခဲ့သလဲ

ဗုဒ္ဓဘုရားရှင်သည် အခြားအခြားသော ဝိနည်း၊ သုတ္တန်၊ ဒေသနာတော်များကို လူ့ပြည်၌ ဟောကြားခဲ့သော်လည်း အဘိဓမ္မာတရားတော်ကိုမူ တာဝတိံသာနတ်ပြည်၌သာ ဟောကြားတော်မူခဲ့ပါသည်။ ထိုသို့ဟောကြားရခြင်း၌ အကြောင်းရှိပါသည်။ ထိုအကြောင်းမှာ –

(၁) နတ်သားဖြစ်နေသော မယ်တော်၏ကျေးဇူးကို ဆပ်လိုခြင်း

(၂) မိဘကျေးဇူးကို သတ္တဝါအပေါင်းတို့ နားလည်စေခြင်း

(၃) အဘိဓမ္မာတရားကို အစအဆုံး တစ်ထိုင်တည်း ဟောကြားလိုခြင်း

(၄) အစအဆုံး တစ်ထိုင်တည်းဟောမှ နာကြားရသော တရားနာသူများ အကျိုးထူးရနိုင်ခြင်း

(၅) အဘိဓမ္မာဒေသနာတော်အဖြစ် ကျယ်ဝန်းနက်နဲမှုကို သိစေလိုခြင်း

(၆) လူတို့၏ အရေအတွက်ဖြင့် သုံးလခန့်ကြာအောင် ဟောကြားမှ ကုန်နိုင်မည့် အဘိဓမ္မာတရားကို လူတို့ ဣရိယာပုတ်နှင့် ဟောသူရော နာသူပါ မနေနိုင်ခြင်း

စသည့် အကြောင်းများကြောင့် တာဝတိံသာနတ်တို့၏ သက်တမ်း (အချိန်) အားဖြင့် မငြီးငွေ့ မပင်ပန်းနိုင်သည့်အတွက် ဘုရားရှင်တိုင်း၊ ဘုရားရှင်တိုင်းသည် ဝိတ္ထာရယနည်း– အဘိဓမ္မာ အကျယ်နည်း၊ ခြွင်းချန်ထားခဲ့ခြင်း၊ သဘောတူပေါင်းခဲ့ခြင်း၊ သိလောက်ပြီဆိုပြီး ကျော်ဟောခြင်း စသည်တို့ကို မပြုလုပ်ဘဲ အကြွင်းအကျန်မရှိ အသေးစိတ်တစ်ခုချင်း ပိုက်စိပ်တိုက်ပြီး အကျယ်ဆုံး ဟောတော်မူခဲ့သောနည်းကို တာဝတိံသာနတ်ပြည်၌ ဟောတော်မူခဲ့ခြင်း ဖြစ်ပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com





## ဖူးဘုရားကို ဗြိတိသျှသံတို့ ဘယ်လိုရှုမြင်ခဲ့ကြသလဲ

ဖူးဘုရားဆိုသည်မှာ ပုဂံပြည်ရှိ ဧရာဝတီမြစ်ကမ်းပါးကို မေးတင်ထားသည့် သမိုင်းဝင်ဘုရား ဖြစ်၏။

မင်းတုန်းမင်းလက်ထက် ၁၈၅၅ ခုနှစ်တွင် ဗြိတိသျှ သံ အဖွဲ့တစ်ဖွဲ့သည် အမရပူရသို့ ရောက်ရှိလာခဲ့ကြသည်။ ထို သံ အဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ခရီးထွက်ခဲ့ကြရ ပုဂံမြစ်ဆိပ်မှ ထူးခြားသော ပုံသဏ္ဌာန်ရှိသည့် စေတီတော်တစ် ဆူကို သတိပြုမိလိုက်ကြ၏။ ထိုစေတီကား ဖူးဘုရားပင်ဖြစ်၏။

ပုဂံဖူးဘုရား၏ ပုံသဏ္ဌာန်မှာ အခြားစေတီများနှင့် တူညီမှု မရှိလှပေ။ ဖူးသီး၏ ပုံသဏ္ဌာန်ကဲ့သို့ တည်ထားသဖြင့် ရှေး မြန်မာတို့က ဖူးဘုရားဟု ခေါ်ဆိုကြပေသည်။ ဖူးဘုရားတွင် ရာဇဝင်နောက်ခံ အကြောင်းအရာများရှိ၏။ သမုဒ္ဒရာဇ်မင်း ပုဂံကိုတည်စဉ်က အနီးအနား ပတ်လည်တွင် ဖူးရိုင်းပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိ၏။ ပယ်ဖြတ်၍ မရနိုင်လောက် အောင် ပွားများနေသည့် ဖူးရိုင်းပင်များကို ပျူစောထီးဆိုသည့် လုလင်က အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သည် ဆို၏။

ဖူးရိုင်းပင်များ ပေါက်ရောက်ရာနေရာတွင် အောင်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် စေတီတော် တည်ထားကိုးကွယ်သဖြင့် ဖူးဘုရားဟု တွင်လေ၏။ ဤသို့ ရှေးခေတ်ပျူလက်ရာဖြစ်သော သရေခေတ္တရာမှ ဘောဘောကြီးဘုရားကြီး၊ ဘုရားမာ စသော ပုံစံများကဲ့သို့ ထုလုံးရှည်မောတ်တော်ကြုတ်သဏ္ဌာန် တည်ဆောက် ထားခြင်းသာ ဖြစ်ပါသည်။ ဖူးဘုရား၏ မူလလက်ရာမှာ ခရစ် နှစ် ၁၁ ရာစု ဗိသုကာလက်ရာဟု ဆိုကြသည်။

မြန်မာတို့က ဖူးသီးသဏ္ဌာန် တည်ထားသောဘုရား ဖြစ်၍ ဖူးဘုရားဟု ခေါ်ဆိုကြသည်။ ဗြိတိသျှသံအဖွဲ့ကား ဖူးဘုရားအား ဖူးသီးပုံဟူ၍ မမြင်ကြပေ။ ဖရုံသီးကြီး (Great Pumpkin) နှင့်သာတူကြောင်း မှတ်တမ်းများတွင် ထည့်သွင်းရေးသားခဲ့၏။

မည်သို့ပင် ဖြစ်စေကာမူ ပုဂံတွင် တွေ့မြင်နေကျမဟုတ် သော ထူးခြားသည့် ဘုရားစေတီသဏ္ဌာန်ကို ဗြိတိသျှသံအဖွဲ့ ဝင်များအနေဖြင့် ၎င်းတို့အမြင်ကို ပကတိအတိုင်း တင်ပြခဲ့ခြင်း ဖြစ်ပါ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## ဗားနတ်ပိဋကတ်စာကြည့်တိုက်လို့ ဘာကြောင့် အမည်တွင်ရတာတဲ့လဲ

ဗားနတ်ပိဋကတ် စာကြည့်တိုက်ကို ၁၈၈၃ ခုနှစ်၊ ဖေဖော်
ဝါရီလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံအောက်ပိုင်း၊ ရန်ကုန်မြို့
ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့် (ဆေး
ကြီးနှင့် မျက်နှာချင်းဆိုင် အစိုးရ ဗဟိုအထက်တန်းကျောင်
နံပါတ် ၁) နေရာ၌ တည်ထောင်ဖွင့်လှစ်ခဲ့၏။

ဗားနတ်ပိဋကတ်တိုက်မှာ မြန်မာနိုင်ငံတွင် ပထမဆုံး ပေါ
ပေါက်တည်ထောင်ခဲ့သည့် အကြီးမားဆုံး၊ ရှေးအကျဆုံးနှ
စာအုပ်စာတမ်း အများဆုံး ထားရှိနိုင်သော စာကြည့်တိုက်ကြ
တစ်ခု ဖြစ်၏။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့တော်နှင့် သီပေါမင်
အား နယ်ချဲ့ဗြိတိသျှတို့ တိုက်ခိုက်သိမ်းပိုက်ခြင်း မပြုမီ ၁၈၈
ခုနှစ်၊ ဗြိတိသျှတို့ မြန်မာနိုင်ငံအောက်ပိုင်းကိုသာ အုပ်ချုပ်နေစ
အချိန်အခါက မြန်မာပြည်၏ ဝန်ရှင်တော်မင်းကြီး 'ဆာချားလ်
အက်ဒွပ်ဗားနတ်'၏ ကိုယ်ပိုင်ငွေကြေးကို ရင်းနှီးမတည်



အစအဆုံး တည်ထောင်ခဲ့သောကြောင့် ထို 'ဆာချားလ်အက်ဒွပ်ဗားနတ်'၏ အမည်ကို အကြောင်းပြုကာ 'ဗားနတ်ပိဋကတ်စာကြည့်တိုက်'ဟူ၍ အမည်တွင်ခဲ့သည်။

ဆာချားလ်ဗားနတ်သည် ကိုယ်ပိုင်ငွေဖြင့် အဆိုပါမြေကွက်တွင် ကိုယ်ပိုင်အဆောက်အဦတစ်ခု ဆောက်လုပ်ကာ ကိုယ်ပိုင်စာအုပ်စာတမ်းများကို အရင်းပြုခဲ့၏။ ထို့နောက် ရဟန်းရှင်လူအများ အခမဲ့ကြည့်ရှုနိုင်ရန် အဆိုပါစာကြည့်တိုက်ကို တည်ထောင်ခဲ့လေသည်။

၎င်းနောက် အင်္ဂလိပ်လူမျိုး တရားရေးဝန်ကြီးနှင့် ရန်ကုန်ကောလိပ်ပါမောက္ခတို့က အားပေးထောက်ခံ၍ စာအုပ်စာတမ်းအချို့ ဖြည့်တင်းလှူဒါန်းကြ၏။ မြန်မာနိုင်ငံသားများထဲမှ မြန်မာစာအုပ်စာတမ်း၊ ပေမူပုရပိုက်များကို ပထမဆုံး ပါဝင်လှူဒါန်းကြသူများမှာ ရန်ကုန်မြို့မှ သူဌေးဦးမြို့နှင့် ဦးမှူင်တို့ဖြစ်ကြပြီး အလှူငွေများကိုလည်း ထည့်ဝင်လှူဒါန်းကြသည်ဟု မှတ်သားရပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးတော်ဘုရားလက်ထက် ပုပ္ပားမှာ ဘာပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့သလဲ

ဘိုးတော်ဘုရားလက်ထက် ခရစ်နှစ် ၁၈၁၃ ခုနှစ်တွင် ပုပ္ပား၌ ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ အဆိုပါ ပြဿနာကား ၁၃.၆.၁၇၈၉ ခုနှစ်က ဘိုးတော်ဘုရား ဆက်သခဲ့သည့် ရွှေချထားသော နတ်ရုပ်များမှ ရွှေအစစ်ရတနာများ ပျောက်ကွယ်ခဲ့ခြင်း ဖြစ်ပါသည်။

၁၄.၄.၁၈၁၃ ခုနှစ်တွင် ဆိုင်ရာအာဏာပိုင်တို့က ယင်းအမှုကိစ္စကို စစ်ဆေးမေးမြန်းပါသည်။ ဆင့်ဆိုမေးမြန်းခြင်းခံရသူတို့ကား ပုပ္ပားမြို့သူကြီး ဦးစု၊ မြို့နေနတ်ထိန်းများနှင့် ဦးမြတ်သာ၊ ဦးစံရတို့ ဖြစ်ကြ၏။ အာဏာပိုင်တို့က နတ်ရုပ်များကို ရှေ့တွင်ချကာ အသေးစိတ်မေးမြန်းကြသည်။ သို့သော် ပုပ္ပားမြို့သူကြီး အပါအဝင် စစ်မေးခံရသူတို့က ရွှေသားမျက်နှာနှင့် နတ်မောင်နှမရုပ်များ နေပြည်တော်မှ ရောက်ရှိလာခဲ့ကြောင်းကိုသာ ဖြေကြားနိုင်ခဲ့ကြလေသည်။ ရွှေရည်ပွတ်ထားသော အဖြစ်သို့ ပြောင်းလဲသွားရပုံကို မသိကြ။



မည်သို့ဆိုစေကာမူ ဘိုးတော်ဘုရားသည် ဤကိစ္စနှင့် စပ်လျဉ်း၍ မည်သူ့ကိုမျှ အပြစ်မဖို့ဘဲ အမှုကို ပ,လပ်စေခဲ့သည်။ ထို့နောက် မောင်တော်အတွက် ရွှေအလေးချိန် ၃၀ ကျပ်သား၊ နှမတော်အတွက် ရွှေချိန် ၂၅ ကျပ်သား ထပ်မံထုတ်ပေးကာ ပုဂံမြို့ဝန်အား ကြီးကြပ်စေလျက် ပုံတော်နှစ်ပုံကို အသစ်ထပ်မံ ပြင်ဆင် ရွှေချစေခဲ့ပြန်၏။

ဘိုးတော်ဘုရားကို ဆက်ခံခဲ့သည့် ကုန်းဘောင်မင်းများ သက်ထက်တွင်လည်း ပုပ္ပားနှင့် အဆက်ပြတ်မသွား။ မင်းတုန်းမင်း ၁၈၅၃– ၁၈၇၈ လက်ထက် ခရစ်နှစ် ၁၈၅၉ ခုနှစ်တွင် ရတနာပုံနန်းမြို့တော်သစ်ကြီး တည်ဆောက်သောအခါ မြေနေရာ ချတ်တွင် ရှင်းလင်းပြီးနောက် နတ်များအား ပူဇော်ပသစဉ် မဟာဂီရိနတ်နှင့် ရွှေဖျဉ်းညီနောင်နတ်များကိုပါ ပူဇော်ခဲ့ကြ၏။

မင်းတုန်းမင်းသည် ပဥ္စမသင်္ဂါယနာတင် မင်းတစ်ပါးဖြစ်သည်နှင့်အညီ ပုပ္ပားဒေသကို စည်းရုံးရေးအသွင်ဖြင့် သိမ်းသွင်းခဲ့ဟန်တူသည်။ ပုပ္ပား၌ ဒေသခံတစ်ဦးဖြစ်သော ဦးမှုံကို ၁၀. ၁၁. ၁၈၇၂ ခုနှစ်တွင် ပုပ္ပားမြို့အုပ်ရာထူး ခန့်အပ်ခဲ့သည်။ သီပေါမင်းလက်ထက်တွင်မူ ပုပ္ပားဒေသနှင့် တစ်စစကင်းကွာသွားဟန် ရှိလေသည်။ သီပေါမင်းသည် နန်းသက် ၇ နှစ်မျှသာ စံခဲ့သည့်အလျောက် ပုပ္ပားနတ်မြေနှင့် ထူးခြားသော ဆက်သွယ်မှုမျိုးကို မတွေ့ရှိရပေ။

❐

www.burmeseclassic.com

www.burmeseclassic.com





## ဘယ်ကာလတွေမှာ မုန်တိုင်းဖြစ်ပေါ်တတ်သလဲ

မုန်တိုင်းဖြစ်ပေါ်မှုသည် ဘင်္ဂလားပင်လယ်အော်တွင် စတင်ဖြစ်ပေါ်လေ့ရှိပြီး 'ဧပြီလ'နှင့် 'မေလ'တို့တွင် ဖြစ်ပေါ်လေ့ရှိပါသည်။ ဦးတည်ရွေ့လျားလမ်းကြောင်းသည် မြောက်အရပ် (သို့မဟုတ်) အနောက်မြောက်အရပ်သို့ ဦးတည်ရွေ့လျားတတ်ပါသည်။ တစ်ခါတစ်ရံတွင် အရှေ့မြောက်အရပ်ဆီသို့ ပြောင်းလဲရွေ့လျားတတ်ပြီး ထိုရွေ့လျားမှုသည် မြန်မာနိုင်ငံအတွင်းသို့ မုန်တိုင်းဝင်ရောက်မှုကို ဖြစ်ပေါ်စေတတ်ပါသည်။ 'စက်တင်ဘာလ'နှင့် 'အောက်တိုဘာလ' တို့တွင်လည်း မုန်တိုင်းဖြစ်ပေါ်တတ်ပါသည်။ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းသည် အနောက်အရပ်သို့ ရွေ့လျားရာမှ ကပ္ပလီပင်လယ်ပြင်သို့ ရောက်ရှိလာတတ်ပါသည်။ အနောက်အရပ်နှင့် အနောက်မြောက်အရပ်သို့ ဦးတည်ရွေ့လျားလေ့ရှိပါသည်။

မုန်တိုင်းဖြစ်ပေါ်ဖို့ဆိုရာ၌ ကြီးမားကျယ်ပြန့်သည့် ရေပြင်ကျယ်ကြီးရှိရပါမည်။ ထိုရေပြင်ကျယ်၏ ရေမျက်နှာပြင်အပူချိန်သည် တဖြည်းဖြည်း မြင့်တက်နေရပါမည်။ (၂၆.၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်) မြင့်တက်လာသည့် အပူချိန်ကြောင့် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာပါသည်။ ၎င်းသည် အင်အားမြင့်တက်လာပါက မုန်တိုင်းငယ်၊ ဆိုင်ကလုန်းမုန်တိုင်း၊ ဆိုက်ကလုန်းမုန်တိုင်းကြီး ၎င်းမှတဆင့် အင်အားကောင်းသော ဆိုက်ကလုန်းမုန်တိုင်းကြီးအဆင့်သို့ ပြောင်းလဲရောက်ရှိနိုင်ပါသည်။ (မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌ ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းသည် တောင်မြောက်အချင်းမိုင် ၂၂၅ နှင့် အရှေ့နောက်အချင်းမိုင် ၂၉၀ အင်အားဖြင့် ဟိုင်းကြီးကျွန်းမှ စတင်ဝင်ရောက်ခဲ့ပါသည်။)

အထူးသတိပြုရန်မှာ မိုးသက်လေပြင်းများ ကျရောက်စဉ် လေဖိအား တဖြည်းဖြည်းကျဆင်းလာခြင်း၊ ကျဆင်းမှုအနည်းငယ် မြန်လာခြင်း၊ ရုတ်ချည်းကျဆင်းသွားခြင်း၊ လေတိုက်နှုန်း တစ်စတစ်စ မြင့်မားလာခြင်း၊ အပူချိန် ရုတ်ချည်းမြင့်တက်လာခြင်းတို့ ဖြစ်ပေါ်လာလျှင် မိမိနေထိုင်ရာအနီးသို့ မုန်တိုင်း၏ဗဟိုချဉ်းကပ်လာပြီဖြစ်ကြောင်း အထူးသတိပြုစေလိုပါသည်။

ရုတ်တရက် မိုးလေငြိမ်သွားပြီး တိမ်များ ကင်းစင်ကာ ကောင်းကင်ပြာကြီးကို မြင်ရလျှင် ညအချိန်ဆိုပါက ကြယ်များကိုမြင်ရလျှင် မုန်တိုင်းဖြတ်ကျော်သွားပြီဟု မှတ်ယူပြီး လုံခြုံရာမှ ထွက်ခွာသွားလာခြင်းများ မပြုလုပ်သင့်ပါ။ (ထိုကာလမှာ လွန်စွာမှ တိုတောင်းပါသည်။) ရုတ်ချည်းဆိုသလို ဆန့်ကျင်ဘက်အရပ်မှ ယခင်ကထက် ပိုမိုပြင်းထန်သော လေပြင်းများ တိုက်ခတ်လာတတ်ပါသည်။ ထိုအချိန်လေးသည် မိမိရှိရာ နေရာဒေသအား မုန်တိုင်းဗဟို ဖြတ်ကျော်နေချိန်ဖြစ်ပါသည်။ မုန်တိုင်းဗဟို ဖြတ်ကျော်ပြီးသည်နှင့် လေဖိအားမှာ ရုတ်ချည်းမှ တဖြည်းဖြည်း ပြန်လည် မြင့်တက်လာတတ်ပါသည်။ အပူချိန်မှာ တဖြည်းဖြည်း လျော့ချလာပါသည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းတော်ကြီးဦးသီလနဲ့ ပတ်သက်ပြီး ဘာထူးဆန်းတာတွေ ဖြစ်ခဲ့သလဲ

ဘုန်းတော်ကြီးဦးသီလဟု ဆိုလျှင် မြန်မာနိုင်ငံ ပဋိပတ်သာသနာဝင် ပုဂ္ဂိုလ်၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း မသိသူမရှိကြပေ။ ဘုန်းတော်ကြီး ဦးသီလသည် တစ်သက်တာပတ်လုံး သုသာန်နှင့် တောရများမှာသာ သီတင်းသုံးနေထိုင်သွားခဲ့သော ဘုန်းတော်ကြီးဖြစ်၏။

ဘုန်းတော်ကြီးဦးသီလသည် ကျောင်းလည်းမထိုင်၊ တစ်နေရာတည်းတွင်လည်း မည်သည့်အခါမှ စွဲစွဲမြဲမြဲ မနေခဲ့။ တောကြီးတစ်တော၊ သုသာန်တစ်ခုပြီး နောက်တစ်ခု၊ ထိုကဲ့သို့သာ ရွှေ့ပြောင်း သီတင်းသုံးတော်မူသွားခဲ့၏။ ဘုန်းတော်ကြီးဦးသီလသည် ဆင်၊ ကျား၊ မြွေ စသော သားရဲကြီးများနှင့် အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရသည်မှာလည်း ကြားသိရသူ၊ ကြုံတွေ့ရသူတို့အဖို့ ကြောက်ခမန်းလိလိ ဖြစ်ခဲ့ရပါသည်။ ဘုန်းတော်ကြီးဦးသီလနှင့် ပတ်သက်၍ ထူးဆန်းသော အဖြစ်အပျက်အချို့ကို တင်ပြရလျှင်–

တစ်နေ့သ၌ ဘုန်းတော်ကြီးဦးသီလသည် ရထားသံလမ်းအတိုင်း စင်္ကြံသွားနေခဲ့၏။ ထိုစဉ် ရထားကလည်း ဘုန်းတော်ကြီး၏ ရှေ့တည့်တည့်ဆီမှ အရှိန်ဖြင့် ခုတ်မောင်းလာခဲ့၏။ အားလုံးက ဘုန်းတော်ကြီးဦးသီလ ရထားအတိုက်ခံရပြီဟု မှတ်ယူကာ ထိတ်လန့်နေခဲ့ကြ၏။ သို့သော် ရထားသည် ဘုန်းတော်



ကြီးဦးသီလနှင့် မလှမ်းမကမ်း အကွာအဝေး၌ အလိုအလျောက်ရပ်သွားခဲ့လေသည်။ ဘုန်းတော်ကြီးဦးသီလ သီတင်းသုံးနေသော တောအုပ်အတွင်းသို့ တစ်နေ့သ၌ ဒကာတစ်ယောက် နံနက်စောစောအချိန် ဖူးမြော်ရန် ရောက်ရှိလာခဲ့၏။ ဘုန်းတော်ကြီးဦးသီလနှင့် မနီးမဝေးနေရာသို့အရောက် ကြည့်ရှုလိုက်သောအခါ ဘုန်းတော်ကြီးသည် ကျားကြီးတစ်ကောင်နှင့်အတူ နေပူစာလှုံနေသည်ကို မြင်လိုက်ရ၍ ကြောက်ရွံ့ထိတ်လန့်သွားပြီး အလျင်အမြန် ပြန်ပြေးလာခဲ့ရလေ၏။ အချိန်အတန်ငယ်ကြာမှ ဘုန်းတော်ကြီးရှိရာသို့ ပြန်သွား၍ ကြည့်သောအခါ ကျားကြီးမရှိတော့ပေ။ ထိုအခါ ဘုန်းတော်ကြီးကို အကျိုးအကြောင်းလျှောက်ထားလိုက်သည်။

"ဘုန်းတော်ကြီးဘုရား၊ မနက်စောစော တပည့်တော်လာတော့ ဘုန်းတော်ကြီးရဲ့ဘေးမှာ ကျားကြီးတစ်ကောင် တွေ့ရတယ် ဘုရား"

"အင်း ကျားလား၊ နွားလားတော့ မသိဘူး။ တစ်ကောင်ကောင်တော့ တစ်ကောင်ကောင်ပဲကွယ့်"

ထိုသို့ ထူးဆန်းအံ့ဩဖွယ်ကောင်းလှသော ဘုန်းတော်ကြီးဦးသီလသည် ပျံလွန်တော်မူသောအခါ ဓာတ်တော်များ ကြွင်းကျန်ရစ်ခဲ့ပါသည်။ အများက ဘုန်းတော်ကြီးဦးသီလအား ရဟန္တာဟု သတ်မှတ်ကြပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## ဘာသာရေးအတုနဲ့ အစစ်ကို မဟာဂန္ဓာရုံဆရာတော်ကြီး ဘယ်လို ခွဲခြားပြခဲ့သလဲ

အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) သည် 'ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရေးခါဘိုးဘ၊ လက်ထက်ကလျှင်၊ ရသည့်တန်ခိုး၊ ထပ်မညှိုးဖို့၊ အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်၊ဆက်လက်တည်တံ့ပါစေသော်' ဟူသည့် ဆောင်ပုဒ်ကို ကိုင်စွဲထားသည့် ဆရာတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ဗုဒ္ဓဘုရားရှင်နှင့် တရားတော်၊ အရိယာဖြစ်ပြီးသော သံဃာတော်တို့အား အလွန်ရခဲသော အဖိုးတန်ရတနာအဖြစ် ကြည်ညိုစွဲမှတ်ထားပြီး ဖြစ်သည်နှင့်အညီ သတ္တဝါဝေနေယျတို့ကိုလည်း စစ်မှန်သော ဘာသာရေးလမ်းကြောင်း၌ လျှောက်လှမ်းစေလိုသည်။ သည့်အတွက် ဘာသာရေးအတုနှင့် အစစ်အား ခွဲခြမ်းပြသဟောကြားတော်မူခဲ့၏။

"ဘာသာရေး၌လည်း တရားတု၊ ကမ္မဋ္ဌာန်းတု၊ ရဟန်းတုတွေနှင့် ဒါနသီလအပေါ်စားတွေ များလှချေ၏။ သဒ္ဒါတရားကို



ဥစ္စာခနေဟု ဟောတော်မူ၏။ ဤလောက၌ ပုဂ္ဂိုလ်တစ်ယောက်၏ အကောင်းဆုံး ဥစ္စာသည် သဒ္ဒါတရား ဖြစ်၏။ (အာဠာဝက သံယုတ် ပါဠိတော်)။ ထိုသဒ္ဒါအစစ် ဥစ္စာလည်း ရဟန်းရှင်လူ ခပ်သိမ်းသူတို့မှာ တစ်စတစ်စ နည်းပါး၍ လာ၏။ ထို့ကြောင့် တရားတု၊ ကမ္မဋ္ဌာန်းတုနှင့် တရားစစ် ကမ္မဋ္ဌာန်းစစ်ကို ယှဉ်ဟောပြောသောအခါ အတုက ပြုလွယ်၍ အစစ်က အပြုခက်သောကြောင့် သဒ္ဒါဥစ္စာနည်းပါးသူများက အတုကိုသာလိုက်စားနိုင်ကြတော့၏။ ဒါနအမှုများ၌ ပကာသနဒါနသည် ပြု၍လည်းလွယ်၊ ပျော်ဖွယ်လည်းကောင်း၏။ မိမိမှာပါသော ယုံကြည်မှုသဒ္ဒါဥစ္စာကလည်း နည်းပါး၏။ ထို့ကြောင့် ပကာသနဒါနကိုသာ အပြုများကြတော့၏။ ဒါနအစစ်ကို အာပေါက်မတတ်ဟောပြော၍ လက်ညောင်းအောင် ရေးကြသော်လည်း သဘောမပေါက်ကြချေ။

သီလစောင့်ရာ၌လည်း ရှေးဘိုးဘွားတို့ အမြဲစောင့်နိုင်သော ငါးပါးသီလကိုမျှ လုံခြုံအောင် မစောင့်ချင်ကြ။ ဥပုသ်သီလကိုလည်း ပျော်ပျော်ပါးပါး စားကြသောက်ကြ လည်ပတ်ကြနှင့်စောင့်သုံးကြ၏။ အစစ်အမှန်ဥပုသ်ကို မစောင့်နိုင်ကြ။ ဤနည်းအားဖြင့် ဒါနစစ်၊ သီလစစ်၊ ဘာဝနာကမ္မဋ္ဌာန်းအစစ်များ ယုတ်လျော့နည်းပါးလာ၍ အတော်ကြာလျှင် ကွယ်ပျောက်ရတော့မည်သာ"

ဟူ၍ ဖြစ်ပါသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com

## ဘုရားကိုးဆူပူဇော်ပွဲအတွက် ရုပ်ပွားတော်တွေကို ဘယ်နေရာတွေမှာ ထားရသလဲ

ဘုရားကိုးဆူပူဇော်ပွဲ၌ ဘုရားရှင်အပါအဝင် ရဟန္တာရုပ်ပွားတော်များအား နေရာချထားပုံနှင့် စပ်လျဉ်းပြီး ကင်းဝန်မင်းကြီး၏ အမေးကို မောင်းထောင်ဆရာတော်က ဖြေဆိုခဲ့ပါသည်။

"အချို့သော ဆရာတို့က ဂုဏ်တော်ကိုးပါးကိုရည်၍ ဘုရားကိုးဆူပူဇော်စမှတ်ပြုကြသည်ဟု ဆိုကုန်၏။ ရဟန္တာရှစ်ပါး၊ ဘုရားတစ်ဆူသာ ဖြစ်ပါလျက် ဘုရားကိုးဆူခေါ်သည်မှာ မြတ်စွာဘုရားနှင့် ဒက္ခိဏေယျပုဂ္ဂလ လက္ခဏာအားဖြင့် အတူဟုယူဆသော် ဘုရားကိုးဆူဟူသော သဒ္ဒါဖြင့် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော ရဟန္တာများကို ဘုရားဟူ၍ ယူရာသည်။ ယင်းသို့ ယူခဲ့သော် သံဃာတော်အများပင် ဘုရားဟူသော အနက်ဖြင့် ယူသင့်သည်။ ထို့ကြောင့် ဘုရားတစ်ဆူနှင့်အတူ ရဟန္တာရှစ်ပါးကို ဘုရားကိုးဆူဟု ဆိုလိုရင်းဖြစ်သည်"

ဟူ၍ ဖြေဆိုတော်မူခဲ့သည်။ ဘုရားကိုးဆူအတွက် ရုပ်ပွားတော်တို့ကို နေရာချရာဝယ်



၁။ **ရှင်သာရိပုတ္တရာ**
တောင်အရပ်၌ ထားရသည်။

၂။ **ရှင်မောဂ္ဂလာန်**
မြောက်အရပ်၌ ထားရမည်။

၃။ **အရှင်ကောဏ္ဍည**
အရှေ့အရပ်၌ ထားရသည်။

၄။ **အရှင်အာနန္ဒာ**
အနောက်အရပ်၌ ထားရသည်။

၅။ **အရှင်ဂဝံပတိ**
အနောက်မြောက်အရပ်၌ ထားရသည်။

၆။ **အရှင်ရာဟုလာ**
အရှေ့မြောက် တနင်္ဂနွေ ဂြိုဟ်အရပ်၌ ထားရသည်။

၇။ **အရှင်ရေဝတ**
အရှေ့တောင်အရပ်၌ ထားရသည်။

၈။ **အရှင်ဥပါလိ**
အနောက်တောင်အရပ်၌ ထားရသည်။

ရဟန္တာအများအပြားရှိပါလျက် ဤရဟန္တာရှစ်ပါးကိုသာလျှင် ရွေးကောက်၍ထားသည်မှာ ဤရဟန္တာရှစ်ပါးသာလျှင် ဆိုအပ်ပြီးသည့်အတိုင်း အရပ်ရှစ်မျက်နှာ၌ လျော်ကန်သင့်မြတ်ခြင်းကြောင့် နေရာချထားကိုးကွယ်ခြင်း ဖြစ်သည်ဟူ၍ မောင်းထောင် ဆရာတော်ကြီးက ရှင်းပြဖြေဆိုတော်မူခဲ့လေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## မုန်တိုင်းအင်အားနဲ့ ဦးတည်ရာနေရာအလိုက် အရောင်တွေ ဘယ်လိုသတ်မှတ်ထားသလဲ

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ မိုးဦးကျရာသီတွင် ဖြစ်ပေါ်တတ်သော မုန်တိုင်းအင်အားနှင့် ဦးတည်ရာနေရာအလိုက် အရောင်များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

၁။ ဖြစ်ပေါ်နေသော မုန်တိုင်းသည် အင်အားပိုကြီးမားသော်လည်း ငှင်းရွေ့လျား ဦးတည်ရာလမ်းကြောင်းမှာ မြန်မာ့ကမ်းရိုးတန်းနှင့် သက်ဆိုင်မှု မရှိသည့်အတွက် 'အဝါရောင်' အဆင့် သတ်မှတ်သည်။

၂။ ဖြစ်ပေါ်နေသော မုန်တိုင်းသည် အင်အားပိုကြီးမားလာပြီး ငှင်းရွေ့လျား ဦးတည်ရာလမ်းကြောင်းမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်နေသည်။ (အန္တရာယ်ရှိလာပြီး ကြိုတင်ပြင်ဆင်မှုများ လိုအပ်လာပြီ။) သည့်အတွက် 'လိမ္မော်ရောင်' အဆင့် သတ်မှတ်သည်။



၃။ ဖြစ်ပေါ်နေသော် မုန်တိုင်းသည် အင်အားပိုမိုကြီးမားလာပြီး ငှင်းရွေ့လျားဦးတည်ရာ လမ်းကြောင်းမှာ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်မည့် ကြီးမားသော အန္တရာယ်နှင့် ကြုံတွေ့ရတော့မည်။ မုန်တိုင်း အန္တရာယ် ကာကွယ်ရေးစီမံချက်ပါအတိုင်း ဆောင်ရွက်ပြီး ဖြစ်ရမည်။ သည့်အတွက် 'အနီရောင်' အဆင့် သတ်မှတ်သည်။

၄။ ဖြစ်ပေါ်နေသော မုန်တိုင်းရွေ့လျားဦးတည်ရာ လမ်းကြောင်းသည် မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်သည့် အချိန်တွင် 'အညိုရောင်' အဆင့် သတ်မှတ်သည်။

၅။ ဖြစ်ပေါ်နေသော မုန်တိုင်းသည် ဒေသတစ်ခုသို့ ဖြတ်ကျော်ဝင်ရောက်သွားပြီး ကုန်းတွင်းမုန်တိုင်းငယ်အဆင့်မှ တစ်စတစ်စ အားပျော့ပျက်ပြယ်သွားပြီး တစ်နည်းအားဖြင့် အဆိုပါမုန်တိုင်းသည် မိမိကမ်းရိုးတန်းဒေသများအတွက် အန္တရာယ်မပြုနိုင်သော အဆင့်သို့တိုင်အားပျော့ပျက်ပြယ်ရောက်ရှိသွားပြီး မုန်တိုင်းအန္တရာယ်ကင်းပြီဟု ဆိုရမည်။ သည့်အတွက် 'အစိမ်းရောင်' အဆင့် သတ်မှတ်သည်။

ဤကဲ့သို့ သံသယဖြစ်ဖွယ် မိုးလေဝသဆိုင်ရာသတင်းများကြားသိပါက (ဖုန်း– ၀၁– ၆၆၇၇၆၆၊ ၀၆၇– ၄၁၁၂၅၂) သို့ ဆက်သွယ်မေးမြန်း အတည်ပြုချက်ရယူနိုင်ကြောင်း သိရှိရသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့လွတ်လပ်ရေးအတွက် တပ်လှန့်နှိုးဆော်ခဲ့တာ ဘယ်စာအုပ်တွေလဲ

မြန်မာနိုင်ငံသည် ကုန်းဘောင်နောက်ဆုံးမင်းဆက် သီပေါမင်း ပါတော်မူပြီး နောက်ပိုင်းသည် ထီးကျိုးစည်ပေါက်ကာ နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်သဘောက်ဘဝသို့ ကျရောက်ခဲ့လေ၏။ ဤတွင် စာပေပညာရှင်တို့ကလည်း ကလောင်စွမ်းအားဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် တပ်လှန့် နှိုးဆော်သော စာအုပ်စာတမ်းများကို ရေးထုတ်ခဲ့ကြသည်။ ၎င်းတို့ကို သာဓကပြရလျှင်–

**'၁၈ ကြိမ်မြောက် အမျိုးသားနေ့စာတမ်း'**၊ ဗိုလ်အောင်ကျော် ဈာပနအခမ်းအနားတွင် ဖတ်ကြားသော **'ဩဘာစာတမ်း'**၊ သခင်မြို့မအုန်း၏ **'မလျှော့နဲ့'**၊ သခင်ခင်အောင်၏ **'အရှင် ဦးဝိစာရ ကိုယ်တော်ကြီး'**၊ သတိုးသီလရေးသားသည့် **'သပိတ်လမ်းညွှန်'**၊ မဟာဆွေရေးသားသည့် **'သူပုန်ကြီး'**၊ **'အောင်ကျော်နှင့် မဟာဆွေ'**၊ **'တို့မေမေ'**၊ **'ဗမာ့သတ္တိ'**၊ တက္ကသိုလ်ဆုမြိုင်၏ **'အလိုရှိသည်'**၊ သခင်ကိုယ်တော်မှိုင်း၏ **'ရေနံမြေလုပ်သားများအတွက် တိုင်းနေပြည်သူ ရှင်လူအပေါင်းတို့ထံ မေတ္တာရပ်ခံခြင်း'**၊ သန်းတရာ စာအုပ်တိုက်မှ



ထုတ်ဝေသော **'အာဇာနည် ယောက်ျား ကိုအောင်ကျော်'**၊ သခင်ပီယ၏ **'ဒါဘဲဟဲ့ဗမာ'**၊ မင်းသိင်္ခ၏ **'လွတ်လပ်ရေးလမ်းစ'**၊ အင်ဂျင်နီယာဦးလှ၏ **'ဗိုလ်အောင်ကျော်ကို သတ်သူပေါ်ပြီ'**၊ ရဲသွေး၏ **'ထောင်စာမ'**၊ မြင့်ဆွေ၏ **'ရဲလျှင်လုပ်'**၊ သခင်စိုး၏ **'ဗမာ့တော်လှန်မှု'**၊ ရွှေဒေါင်းညို၏ **'လူရွေအမှားတော်ပုံ'**၊ ဦးညာဏ၏ **'ဗမာတွေမပူနဲ့'**၊ မင်းဆွေ၏ **'ဘုန်းကြီးရူးနှင့် လေလူး'**၊ ဦးညာဏ၏ **'မင်းလေးပါး'**၊ မျိုးမြင့်အောင်နှင့် ဘီအေမောင်တင့်တို့ ရေးသားသည့် **'ဘုရင့်ဝိုက်ား'**၊ သိပ္ပံကျော်ထင်၏ **'လွတ်လပ်ရေးတိုက်ပွဲ'**၊ တက်ဘုန်းကြီး သခင်သိန်းဖေ၏ **'လက်ငင်းတို့တာဝန်'**၊ ရွှေခြသေ့်ကြီး၏ **'ဗမာကွ'**နှင့် **'ကျောင်းသားအောင်ပွဲ'**အစရှိသည်တို့ ဖြစ်ကြသည်။

အဆိုပါ စာအုပ်စာတမ်းများသည် မြန်မာပြည်လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံး အသက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြရန်၊ ကိုယ်ကျိုးရှာသမားများ၊ နယ်ချဲ့လက်ကိုင်တုတ်များ၊ အမျိုးသားသစ္စာဖောက်များကို နှိပ်ကွပ်ဆိုးမရန်၊ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကျား၊မ မရွေး မြန်မာမှန်သမျှ စည်းလုံးညီညွတ်စွာ ရဲရဲရင့်ရင့် ကြိုးပမ်းရမည် ဖြစ်ကြောင်း၊ ထိုသို့ ကြိုးစားရင်း သေသော်မြတ်၏ဟု မှတ်ယူရမည်ဖြစ်ကြောင်းကို ပြောင်ပြောင်တင်းတင်းပင် လမ်းညွှန်တိုက်တွန်း နှိုးဆော်သမှုပြုခဲ့သည့် ရဲရဲတောက်စာများ ဖြစ်ကြပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## မြို့နယ်ဒေသအသီးသီးက ရေနံမြေသပိတ်တပ်ကြီးကို ဘယ်လိုမျိုး ကူညီမှုတွေ ပေးခဲ့ကြသလဲ

ချောက်မြို့တွင် ဗြိတိသျှ အာဏာပိုင်များ၏ ဖိနှိပ်ချုပ်ချယ်ရေး ဥပဒေအမိန့်များနှင့် လွတ်ကင်းသည့် တိုက်ကွက်တစ်ခု ဖြစ်သော ပန်းကပ်ဆုတောင်းပွဲတွင် အမျိုးသမီး ၃၀၀ ကျော်က ဦးဆောင်ခဲ့သည်။ ဗြိတိသျှအာဏာပိုင်များက တားမြစ်သောအခါ ပြောင်မြောက်စွာ ဆန့်ကျင်ခဲ့ပေသည်။ သပိတ်လုပ်ငန်းများတွင် လည်း ထိရောက်စွာ ပါဝင်ကူညီခဲ့သည်။

ရေနံတပ်ကြီး၏ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်ရှိ ချောက်နှင့် ရေနံချောင်းမြို့များမှ လုပ်သားပြည်သူများသည် ရေနံတပ်ကြီးအား အစားအသောက် စေတနာထောက်ထားမှုနှင့် စိတ်ဓာတ်အားဖြည့်မှုများဖြင့် အားပေးခဲ့သည်။ မကွေးမြို့မှ လုပ်သားပြည်သူများသည် ရေနံတပ်ကြီး ထိုးဖောက်ချီတက်ရာတွင် နယ်ချဲ့လက်ပါးစေ မြင်းစီးပုလိပ်များအား အော်ဟစ်ညာသံပေး ပြီး ခဲ၊ ပုလင်း၊ တုတ်များဖြင့် ပစ်ခတ်၍ ကူညီခဲ့ပေသည်။ မြင်ကွန်းမှလုပ်သားပြည်သူများသည် ရေနံတပ်ကြီးအား ချက်ပြုတ်ကျွေးမွေး ခဲ့ပေသည်။ အောင်လံမှလည်း အထူးချက်ပြုတ်ထား



သော ထမင်းနှင့် ဧည့်ခံကျွေးမွေးခဲ့သည်။ ဆံသဆိုင်မှလည်း တပ်သားများကို အခမဲ့ ဆံပင်ညှပ်ပေးခဲ့သည်။ ရေနံတပ်ကြီးအား အောင်လံမြို့တွင် တစ်ရက်နားစေပြီး ချက်ပြုတ်ကျွေးမွေး ကူညီခဲ့ပေသည်။ ရွာထောင်မှ ရေနံတပ်သားများအား ဆီထမင်းထုပ်၊ ဆေးလိပ်များဆီး၍ ဝေငှခဲ့သည်။

ရေနံတပ်ကြီးအား ပြည်မြို့လုပ်သားပြည်သူများက တီးဝိုင်းမျိုးစုံလင်စွာဖြင့် ကြိုဆိုခြင်း၊ ဧည့်ခံကျွေးမွေးခြင်း၊ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်များ လှူဒါန်းခြင်း၊ ဆေးကုသပေးခြင်းများ ပြုလုပ်ခဲ့သည်။ ရွှေတောင်မြို့လူထုက တပ်ဖိုလ်အားလုံးကို ပင်နီတစ်ဝတ်စာစီ လှူဒါန်းခဲ့သည်။ နတ္တလင်းနှင့် ဇီးကုန်းမှ အကျွေးအမွေးဖြင့်လည်းကောင်း၊ တရားပွဲများဖြင့် လည်းကောင်း၊ ကြိုဆိုဧည့်ခံခဲ့သည်။ ကြို့ပင်ကောက်မြို့မှ ဝါးခမောက်နှင့် ဖိနပ်များ လှူဒါန်းခဲ့သည်။

အုတ်ဖို၊ စစ်ကွင်း၊ လက်ပံတန်း၊ ဥက္ကံ၊ တိုက်ကြီး၊ မြောင်းတကာ၊ မှော်ဘီ၊ အင်းစိန်၊ ရန်ကုန်မြို့များမှ အကျွေးအမွေးများဖြင့်လည်းကောင်း၊ တရားပွဲများဖြင့်လည်းကောင်း ဆီးကြိုဂုဏ်ပြုခဲ့ကြသည်။ ဥက္ကံမြို့မှ ဆိုက်ကားနင်း အလုပ်သမားများက ရေနံတပ်သားကြီးများအား ဆိုက်ကားနှင့်ပို့ရန်ပင် ပန်ကြားခဲ့ပေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာစာပေသမိုင်းမှာ တွေ့ဆုံမေးမြန်းခန်းတွေကို အစောဆုံး စတင်ခဲ့တဲ့ စာရေးဆရာနှစ်ဦးဟာ ဘယ်သူတွေလဲ

မြန်မာစာပေသမိုင်း၌ တွေ့ဆုံမေးမြန်းခန်းများကို အစောဆုံး စတင်ခဲ့သော စာရေးဆရာနှစ်ဦးမှာ စာရေးဆရာကြီး မဟာဆွေ နှင့် ကျန်တစ်ဦးမှာ ဆရာသိပ္ပံမောင်ဝတို့ ဖြစ်ကြသည်။ ဤ၌ ဆရာကြီးမဟာဆွေသည် ဆရာသိပ္ပံမောင်ဝထက် ၇ နှစ်ခန့်စော ပြီး ရွှေဘိုခရိုင် ,ဝက်လက်မြို့အနီးတွင် နေထိုင်လျက်ရှိသော မင်းတုန်းမင်းကြီး၏ ရတနာပုံသတင်းစာ အယ်ဒီတာ 'ဘိုးဝဇီရ' ကို တွေ့ဆုံမေးမြန်းခဲ့ခြင်း ဖြစ်သည်။ ဆရာသိပ္ပံမောင်ဝသည် လည်း ရွှေဘိုမြို့တွင် စံနေသော မြန်မာပညာရှိ စာဆိုတော် အဝေးရောက်မင်း ဦးအောင်ကြီးအား တွေ့ဆုံဂါရဝပြုလျက် မြန်မာဘုရင်ခေတ် နန်းတွင်းအခြေအနေများကို တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့လေသည်။

ဆရာကြီးမဟာဆွေအနေနှင့် ရတနာပုံသတင်းစာ အယ်ဒီတာ 'ဘိုးဝဇီရ' အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပုံ အကြောင်းမှာ ဤသို့ဖြစ်၏။

၁၉၂၂ ခုနှစ်တွင် ဆရာဖြစ်သင်တန်းအောင်မြင်ပြီး ကျောင်း ဆရာအဖြစ် ရွှေဘိုခရိုင်၊ ဝက်လက်မြို့၌ ၁၉၂၅ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ ဆရာကြီးမဟာဆွေ အမှုထမ်းခဲ့ပါသည်။ ထို့နောက် ရွှေဘိုဒိစတြိတ်ကျောင်း အသင်းကြီး၏ အတွင်းရေးမှူးချုပ်အဖြစ်



ဝက်လက်မြို့မှ ဟိုပင်မြို့၊ တစ်ဖန်ဟိုပင်မှ ဝက်လက်သို့ ပြောင်း ရွှေ့တာဝန်ထမ်းဆောင်စဉ် တစ်နေ့သ၌ ရန်ကုန်မြို့၊ သူရိယ သတင်းစာတိုက်မှ အယ်ဒီတာဦးသိန်းမောင် ပေးပို့လိုက်သော စာတစ်စောင်ရောက်လာ၏။ အဆိုပါစာတွင်–

"ဘိုးဝဇီရဆိုသူ ဘုရင့်အယ်ဒီတာ၊ ရတနာပုံသတင်းစာမှ သတင်းစာဆရာကြီးသည် စစ်ကိုင်းစီရင်စု ဆားတောင်မငါးရွာ တွင် ဖြစ်စေ၊ ကျောက်ပန်းရွာတွင် ဖြစ်စေ ရှိပါလိမ့်မည်။ ကိုယ် တိုင်သွားရောက်စုံစမ်းပြီး ထိုပုဂ္ဂိုလ်ကြီး၏ အတ္ထုပ္ပတ္တိအကျယ် နှင့် မြန်မာဘုရင်လက်ထက်က ရေးသားခဲ့သော ဆောင်းပါးများ ကို မေးမြန်းစုဆောင်းရယူကာ စာအုပ်တစ်အုပ်ရိုက်နှိပ်ပါရန်"

ဟူ၍ တာဝန်ပေးချက်အရ ဆရာကြီးမဟာဆွေလည်း ရတနာပုံနေပြည်တော် သတင်းစာဆရာကြီး ဘိုးဝဇီရရှိမည့် အရပ် ဒေသကို အပင်ပန်းခံ စုံစမ်းရှာဖွေပြီးနောက် ဘိုးဝဇီရအတ္ထုပ္ပတ္တိ ဖြစ်ပေါ်လာအောင် ထားထုတ်ခဲ့ပါသည်။ ဤသို့ အားထုတ်မှု ကြောင့်ပင် မြန်မာစာပေယဉ်ကျေးမှုတို့ကို လေ့လာကြသူတို့ အတွက် ဘုရင်ခေတ်က စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကိစ္စ အဝဝကို သိရှိခွင့်ရခဲ့ကြပါသည်။ ထိုနည်းတူ ဆရာသိပ္ပံမောင်ဝ ၏ အားထုတ်ချက်အရ ဘုရင်ခေတ်ကို ကိုယ်တွေ့ဖြတ်သန်းလာ ခဲ့သူ အဝေးရောက်မင်း ဦးအောင်ကြီးကြောင့် သီပေါမင်းခေတ် ကာလ နန်းတွင်းရှုပ်ထွေးမှု အလုံးစုံကို ကွက်ကွက်ကွင်းကွင်း သိရှိခဲ့ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့စာနယ်ဇင်းသမိုင်းမှာ ပထမဆုံး လုပ်ကြံသတ်ဖြတ်ခံရတဲ့ သတင်းစာဆရာ အယ်ဒီတာဆိုတာ ဘယ်သူလဲ

မြန်မာနိုင်ငံ စာနယ်ဇင်းသမိုင်း၌ ပထမဆုံး ကြေးစားလူမိုက်တစ်ဦး၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသော သတင်းစာဆရာ အယ်ဒီတာဆိုသူမှာ မြန်မာ့အလင်း သတင်းစာတိုက်၌ တာဝန်ခံအယ်ဒီတာ 'ဆရာသင်' ဖြစ်လေသည်။ ဖြစ်ပုံကား–

၁၉၁၉ ခုနှစ် စက်တင်ဘာလ ၁၁ ရက်၊ ကြာသပတေးနေ့ ည ၉:၀၀ နာရီအချိန်။

ဆရာသင်သည် အိမ်သို့ပြန်ရန် သတင်းစာတိုက်မှ ကွမ်းခြံဘုတာရုံ (ယခု ရန်ကုန်ဘူတာရုံကြီး)သို့ ထွက်လာစဉ် အယ်ဒီတာချုပ်ဦးစိန်းကလည်း အညောင်းပြေလမ်းလျှောက်ရန် ဆရာသင်နှင့်အတူ လိုက်ပါခဲ့သည်။

ဘူတာကြီး နာရီစင်အနီးသို့အရောက်တွင် အမည်မသိလူတစ်ဦးသည် ဆရာသင်အား ဓားဖြင့် ဝင်ထိုးလေတော့သည်။ ဤတွင်'အတူလိုက်ပါလာသော ဦးစိန်းကလည်း လမ်းလျှောက်တုတ်ကောက်ဖြင့် ဓားကိုင်လူဆိုးအား ဝင်ရိုက်သည်။ တုတ်



ကောက်ဖြင့် အရိုက်ခံရသော လူဆိုးသည် ဦးစိန်းအား မည်သို့မျှ ပြန်လည်တုံ့ပြန်ခြင်းမရှိဘဲ ဆရာသင်ကိုသာ ဓားဖြင့် လိုက်ထိုးနေတော့သည်။ ဆရာသင်ကလည်း လူဆိုးကို ထီးဖြင့်ပြန်ရိုက်ရာ မိုးရွာထားသဖြင့် ခြေချော်ပြီး ဟန်ချက်ပျက်ကာ မှောက်လျက်လဲသွားစဉ် လူဆိုးသည် လဲကျသွားသော ဆရာသင်၏ နံကြားကို ဓားဖြင့် ထိုးလိုက်ပြန်သည်။

ထို့နောက် တုတ်ကောက်ကျိုးသွားသည်အထိ ရိုက်နှက်နေဆဲဖြစ်သော ဦးစိန်းအား ဓားနှင့်လှည့်ထိုးရန် ရွယ်လိုက်ပြန်သည်။ ဤတွင်အနီးသို့ရောက်ရှိလာသော နွားနို့သည်ကုလားတစ်ယောက်က လူဆိုးအား နောက်မှ ဖမ်းချုပ်လိုက်သည်။ ဘူတာကြီးနာရီစင်အနီးမှ ဤရုန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် လူအချို့ရောက်ရှိလာကြပြီး လူဆိုးကို ဝိုင်းဝန်းဖမ်းဆီးကာ ရဲစခန်းသို့ ပို့လိုက်ကြသည်။ အဆိုပါ ဓားကိုင်လူဆိုးကား ပညာ့အလင်း ဦးတင်ငှားရမ်းထားသော ကြေးစားလူသတ်သမား 'ပုဇွန်တောင် ရာဇဝင်လူဆိုးငမိုး' ဖြစ်လေသည်။

ဆရာသင်မှာ လူဆိုးငမိုး၏ ဓားဒဏ်ရာဖြင့်ပင် ပွဲချင်းပြီးကွယ်လွန်ခဲ့ရှာ၏။ ဆရာသင်ကွယ်လွန်ချိန်၌ ဇနီးနှင့် သားသမီးနှစ်ဦး ကျန်ရစ်ခဲ့ရှာသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## မန္တလေး ၁၃၀၀ ပြည့် အရေးတော်ပုံမှာ ကျဆုံးခဲ့တဲ့ အာဇာနည်(၁၇)ဦးဟာ ဘယ်သူတွေလဲ

မန္တလေး၌ ၁၃၀၀ ပြည့် အရေးတော်ပုံက ကျဆုံးခဲ့သော အာဇာနည် ၁၇ ဦးမှာ (၁) ဦးပဏ္ဍိတ၊ (၂) ဦးပညာဇောတ၊ (၃) ဦးဝေပုလ္လ၊ (၄) ဦးဇနိတ၊ (၅) ဦးအာလောက၊ (၆) ဦးကောလာသ၊ (၇) ဦးကေတု၊ (၈) ဗိုလ်ဘဌေး၊ (၉) ဗိုလ်လှမောင်၊ (၁၀) ဗိုလ်တင်အောင်၊ (၁၁) ဗိုလ်မှူ၊ (၁၂) ဗိုလ်ထွန်းအောင်၊ (၁၃) ဗိုလ်အောင်ထူး၊ (၁၄) ဗိုလ်ခင်မောင်၊ (၁၅) ဗိုလ်ထွန်းအိ၊ (၁၆) ဗိုလ်ဘလွန်း၊ (၁၇) ဗိုလ်ခင်မောင်(ခ) ရွှေရိုးတို့ ဖြစ်ကြသည်။ အဆိုပါ ရဟန်းရှင်လူ (၁၇) ဦးအား ရဟန်းရှင်လူပြည်သူများက ဗိုလ်အမည်တပ်၍ 'နေမျိုးမဟာသီဟသူရ' ဘွဲ့များ ပေးအပ်ခဲ့ကြသည်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ဆုံးဖြတ်ချက်များကို ထောက်ခံ၍ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်၊ ၁၃၀၀ ပြည့် တပို့တွဲလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့တွင် မဟာလောကရံသီ အိမ်တော်ရာဘုရားအတွင်း ဆယ့်လေး



ခန်းဇရပ်ကြီး၌ရဟန်းရှင်လူ ကျောင်းသားနှစ်သောင်းကျော် စည်းဝေး၍ (၁) ဗုဒ္ဓဘာသာဝင်များ၏ ဝတ္တကမြေပေါ်ဖိနပ်စီးနင်းခြင်း မပြုရန်၊ (၂) ရန်ကုန်တွင် ကျောင်းသူကျောင်းသား ၂၀၀ ကျော် ဒဏ်ရာရခြင်းနှင့် ကိုအောင်ကျော်ကျဆုံးရခြင်းကို အရေးယူပေးရန် တောင်းဆိုခြင်း၊ (၃) အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးတိုက်ဖျက်ရန်၊ ပုဒ်မ ၁၄၄ ကို ဆန့်ကျင်၍ စည်းကမ်းသေဝပ်စွာ လှည့်လည်လမ်းလျှောက်ရန် အဆိုတင်သွင်းခဲ့သည်။

၁၉၃၉ ခု ဖေဖော်ဝါရီလ ၁၀ ရက်၊ နံနက် ၁၁:၀၀ နာရီတွင် စုဝေး၍ နေ့ခင်း ၂:၀၀ နာရီအချိန် ၂၆ ဘီ လမ်းအတိုင်း အရှေ့ပုလိပ်ရုံး (ယခုစည်ပင်သာယာရုံး) သို့ သုံးရောင်ခြယ်အလံများကိုင်၍ စီတန်းလှည့်လည်လာခဲ့ရာ ကြေးနန်းရုံး 'တောင်ဘက်တွင် တစ်ကြိမ်၊ အင်ပီရီယက်ဘက်ရှေ့၌ တစ်ကြိမ်၊ ရိုးကုမ္ပဏီတိုက်ရှေ့၌ တစ်ကြိမ်၊ အင်္ဂလိပ်စစ်သားများက ပစ်ခတ်ခဲ့ပြီး ရဟန်းတော်ခုနစ်ပါးကို ဖမ်းဆီးခဲ့သည်။ အင်္ဂလိပ် စစ်ပုလိပ်များ၏ သေနတ်ဒဏ်ရာဖြင့် ရဟန်းတော်ခုနစ်ပါး၊ ကျောင်းသားနှင့် အရပ်သား ၁၀ ဦး ကျဆုံးခဲ့သည်။ ထိုစဉ်က အင်္ဂလိပ်အရေးပိုင်မှ မစ္စတာလတ် (Mr. Latt) ဖြစ်သည်။

(အဆိုပါ အာဇာနည်းများ ကျဆုံးခဲ့ရာ ၂၆–ဘီလမ်းအား အာဇာနည်လမ်းဟု သမုတ်ခဲ့ပါသည်။)

❐

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့နေ့မှာ ဘယ်လိုထူးခြားမှုတွေ ရှိခဲ့သလဲ

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပြုအုပ်စိုးမှုအောက်၌ မြန်မာပြည် အောက်ပိုင်းဒေသသည် ၁၂၃ နှစ်၊ မြန်မာပြည် အထက်ပိုင်းဒေသသည် ၆၃ နှစ်အသီးသီး ကျရောက်ခဲ့ရသည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့ကျမှသာလျှင် အချုပ်အခြာအာဏာနှင့်တကွ လုံးဝလွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ရလေသည်။ ထိုသို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့်နေ့၌ အောက်ပါထူးခြားဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ပါသည်။

၁။ နံနက် ၄ နာရီ ၂၀ မိနစ်တွင် ရန်ကုန်မြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဘာမင်ဟမ်စစ်သင်္ဘောကြီးမှ အမြောက်များပစ်ဖောက်ပြီး အချက်ပေးရာ တိုင်းပြုပြည်ပြု လွှတ်တော်ရှေ့၌ ဗြိတိသျှယူနီယံ ဂျက်အလံကို ဖြုတ်ချပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့သည်။

၂။ နံနက် ၄ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အစည်းအဝေးခန်းမ၌ နိုင်ငံတော်အာဏာ လွှဲပြောင်းသည့် အခမ်းအနားကို ဆက်လက်ပြုလုပ်ခဲ့သည်။



၃။ တိုင်းပြုပြည်ပြု လွှတ်တော်သည် ယာယီပါလီမန်ဖြစ်လာခဲ့သည်။

၄။ နာယက စစ်ရွှေသိုက်သည် ယာယီသမ္မတ ဖြစ်လာခဲ့သည်။

၅။ ပျော်ဘွယ်ဦးမြကို ပါလီမန်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။

၆။ နံနက် ၆း၃၀ နာရီတွင် ဘုရင်ခံအိမ်တော်၌လည်း အာဏာလွှဲပြောင်းသည့် အထိမ်းအမှတ် အခမ်းအနားပြုလုပ်ခဲ့သည်။

၇။ နံနက် ၈း၂၀ နာရီတွင် ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့် ဇနီးတို့ ဘာမင်ဟမ်သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့သည်။

၈။ လွတ်လပ်ရေး မော်ကွန်းကျောက်တိုင် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ဗန္ဓုလပန်းခြံထဲ၌ ကျင်းပခဲ့သည်။

ထိုနေ့၌ပင် လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့၏။ ဤတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်တရားသူကြီးချုပ် အပါအဝင် လွှတ်တော်တရားဝန်ကြီး အဖွဲ့ဝင်စုစုပေါင်း ၁၂ ဦးကို ခန့်အပ်ပေးခဲ့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ရာဇဝင်မှာ သက်တော်ရာကျော်တဲ့ ဘုရင်တွေဆိုတာ ဘယ်သူတွေပါလဲ

ဆုတ်ကပ်ကာလဖြစ်သည်မို့ လူတို့၏ သက်တမ်းကား တဖြည်းဖြည်း ဆုတ်ယုတ် တိုတောင်းလာခဲ့သည်။ ဘုရားရှင်တို့သည် သက်တမ်းကို ငါးပုံခွဲ၍ပုံလျှင် လေးပုံမျှသာ သက်တမ်းရှည်ရှိး ထုံးစံရှိကြသည်။ ရှင်တော်ဂေါတမ မြတ်စွာဘုရားရှင်ဆိုလျှင် အသက်တစ်ရာတမ်း၌ ပွင့်တော်မူသည့်အတွက် သက်တော်ရှစ်ဆယ်ပြည့်တွင် ပရိနိဗ္ဗာန်သို့ စံဝင်တော်မူခဲ့သည်။

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးချိန်မှစ၍ သာသနာနှစ်ကို ရေတွက်လာခဲ့ရာ သာသနာတော်နှစ် ၂၅၅၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ ခရစ်နှစ် ၂၀၁၀ ပြည့်နှစ်သို့ ရောက်ရှိလာသောအခါဝယ် လူတို့၏ ပျမ်းမျှသက်တမ်းမှာ ၇၄–၇၅ တန်းသို့ ရောက်နေခဲ့ပါပြီ။ အမှည့်တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်ဆိုသကဲ့သို့ အချို့မှာလည်း အသက်တစ်ရာဝန်းကျင်ရှိသည့်တိုင် အသက်ရှည်သူ ရှည်ကြကာ၊ အချို့ဆိုလျှင် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် လောကလူ့သဘာဝအကြောင်းကို ဘာမျှပင် မသိလိုက်ရရှာဘဲ လူ့လောကမှ ကျောခိုင်းထွက်ခွာသွားကြသည်မှာ သဇီဝံဝေများစွာ ယူဖို့ကောင်းလှပါတော့၏။

'မနုဿတ္တဘာဝေါ ဒုလ္လဘော' ဆိုသော စကားနှင့်အညီ လူ့ဘဝသည် လွန်စွာမှ ရခဲလှပါဘိသည်။ လူ့ဘဝရလာခိုက် အသက်ရှည်ရာ ရှည်ကြောင်းအတွက် အနာရောဂါကင်းရှင်းအောင် လူတိုင်းသတိမူဖို့ လိုပါသည်။ ဤ၌ မြန်မာ့ရာဇဝင်ကို လေ့လာကြည့်သောအခါ သက်တမ်းရာကျော်ထိတိုင် နေထိုင်သွားခဲ့ရသော ဘုရင်များကို အံ့ချီးဖွယ်ရာ တွေ့ရှိရပါသည်။ အဆိုပါ ဘုရင်မင်းတို့ကား–

၁။ ပျူစောထီးမင်း
(သက်တော် ၁၁၀ တွင် ကံတော်ကုန်၏။)

၂။ ထီးမင်းယဉ်မင်း
(သက်တော် ၁၀၇ နှစ်တွင် ကံတော်ကုန်၏။)

၃။ ရသေ့ကြောင်မင်း
(သက်တော် ၁၀၆ နှစ်တွင် ကံတော်ကုန်၏။)

၄။ ကွမ်းဆော်မင်း
(သက်တော် ၁၀၅ နှစ်တွင် ကံတော်ကုန်၏။)

၅။ ဒွတ္တဘောင်မင်း
(သက်တော် ၁၀၅ နှစ်တွင် ကံတော်ကုန်၏။)

၆။ ပါပိရန်မင်း
(သက်တော် ၁၀၃ နှစ်တွင် ကံတော်ကုန်၏။)

၇။ အလောင်းစည်သူမင်း
(သက်တော် ၁၀၁ နှစ်တွင် ကံတော်ကုန်၏။)

❐

www.burmeseclassic.com

www.burmeseclassic.com



## မဟာဗန္ဓုလကျောက်တိုင်ကို ဘယ်တုံးက အုတ်မြစ်ချပြီး ဘယ်ကာလမှာ ဖွင့်လှစ်ခဲ့သလဲ

မဟာဗန္ဓုလပန်းခြံအတွင်း၌ လွတ်လပ်ရေးမော်ကွန်းဝင် ဗန္ဓုလကျောက်တိုင်ကြီးမှာ ပန်းခြံ၏ အလယ်ဗဟို၌ ထီးထီး မားမားကြီး တည်ရှိနေသည်ကို မြန်မာနိုင်ငံသားတိုင်း သိကြ ပါသည်။

အဆိုပါကျောက်တိုင်ကြီးကို မြန်မာနိုင်ငံ လွတ်လပ်ရေးရ သည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၄ ရက်နေ့၌ပင် မဟာဗန္ဓုလ ပန်းခြံကြီး၏ အလယ်ဗဟို၌ အုတ်မြစ်ချခဲ့ကြသည်။ အဆိုပါ ကျောက်တိုင်ကြီးအား ၁၀ လကြာ တည်ဆောက်ခဲ့ရပြီး ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။

လွတ်လပ်ရေးကျောက်တိုင်အား ငလျင်ဒဏ်နှင့် မိုးဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်စေရန် အောက်ခြေမြေ



အနက် ၁၀ ပေ၊ အချင်းပေ ၅၀ ခန့် ဖောင်ဒေးရှင်း ချခဲ့သည်။ ထို့နောက် ဓာတ်ရထားသံလမ်းများကို ထီးခရိုင်ကဲ့သို့ စီမံကာ ကွန်ကရစ်ဖြင့် အမာခံအုတ်မြစ်ချခဲ့ရ၏။ ကျောက်တိုင်၏ အမြင့်ကိုမူ ဆူးလေစေတီတော်ထက် အနည်းငယ်နိမ့်သော အနေအထားဖြင့် ၁၅၅ ပေ သတ်မှတ်ခဲ့သည်။ ကျောက်တိုင်တည် ဆောက်ရေး လုပ်ငန်းအဝဝကို အေစီမာတင်ကုမ္ပဏီက တာဝန်ယူခဲ့သည်။

လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်ရေးကော်မတီတွင် ကြီးကြပ်ရေးဆိုင်ရာ အင်ဂျင်နီယာများအဖြစ် ဗိသုကာနှင့် အင်ဂျင်နီယာ ဦးအုန်းကြိုင်၊ ဦးကျော်စိန် (အငြိမ်းစား အင်ဂျင်နီယာချုပ်၊ ပြည်သူ့အိုးအိမ်အဖွဲ့) နှင့် စည်သူဦးတင် (ရန်ကုန်မြို့နိစီပယ် လမ်းနှင့် အဆောက်အအုံ အင်ဂျင်နီယာဟောင်း) တို့ ပါဝင်ခဲ့ကြ၏။ ကျောက်တိုင်တွင် အရံကြယ်သင်္ကေတန်တိုင်များမှာ တိုင်မကြီး၏ ငါးပုံတစ်ပုံခန့်ဖြစ်ပြီး အောက်ခြေ၌မူ စက်ဝိုင်းပုံသင်္ကေတန် တည်ဆောက်ထားပါသည်။ ထို့ပြင် တိုင်ထိပ်၌ မိုးကြိုးလွှဲကိုလည်း တပ်ဆင်ထားပြီး တိုင်ခြေ၌လည်း ခြသေ့်ရုပ်ခြောက်ကောင်နှင့် အရန်ကောင်နှင့် အရန်ခြောက်ကောင်တို့ဖြင့် တန်ဆာဆင် တည်ဆောက်ထား၏။

□

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံရဲ့ ပထမဆုံးဇာတ်လမ်းရုပ်ရှင်က ဘယ်ရုပ်ရှင်ဇာတ်ကားလဲ

မြန်မာနိုင်ငံ၏ပထမဆုံးရုပ်ရှင်ဇာတ်ကား အမည်မှာ'မေတ္တာနှင့်သူရာ' ဇာတ်ကား ဖြစ်ပါသည်။

ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ်ဦးအုန်းမောင်သည် ဦးထွန်းရှိန်ဈာပန သတင်းကားကို ရိုက်ကူးပြသခဲ့ပြီးနောက် ဇာတ်လမ်းရုပ်ရှင်ကား ရိုက်ကူးရန်အတွက် ဇာတ်လမ်း ရှာဖွေကြည့်ကြသောအခါ ဆရာကြီးပီမိုးနင်း၏ ဝတ္ထုဇာတ်လမ်းကို သဘောကျနှစ်ခြိုက်သည်နှင့် မြန်မာ့အဆွေတိုက်ပိုင်ရှင် သူဌေးဦးဘညွန့်၏သား ဦးညိုပုနှင့် ဦးအုန်းမောင်တို့ ဇာတ်ညွှန်းရေးသားကြတော့သည်။

မင်းသားအဖြစ် မောင်ညိုပု၊ ဓာတ်ပုံဆရာနှင့် ဒါရိုက်တာအဖြစ် ဦးအုန်းမောင်က ဆောင်ရွက်မည်။ မင်းသမီးကိုမူ မရီဆို



သူအား ရွေးချယ်ခဲ့ကြသည်။ ဤသို့ဖြင့် ပထမဆုံးဇာတ်လမ်းရုပ်ရှင်ကား ပေါ်ထွက်လာသည်။ အဆိုပါရုပ်ရှင်ဇာတ်ကားကို ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့၌ ရွိုင်ရယ်စီနီမာ (Royal Cinema) ရုပ်ရှင်ရုံ၌ စတင်ပြသတော့မည့် သတင်းတစ်ပုဒ် ဖြစ်ခဲ့လေ၏။-

မေတ္တာနှင့်သူရာ ရုပ်ရှင်ဇာတ်ကားကြီးမှာ ပေအရှည် ၇၅၀၀ ရှိပြီး ကားပိုင်းငါးပိုင်း ပါဝင်၏။ စတင်ပြသစဉ်က ချာလီချက်ပလင်၏ ဟာသဇာတ်ကားတိုကလေးနှင့် ပူးတွဲပြသခဲ့ခြင်းဖြစ်၏။ ရုပ်ရှင်ဇာတ်ကားအကြောင်း သတင်းဖော်ပြရာတွင်–

"မြန်မာပြည် ရုပ်ရှင်ကားကုမ္ပဏီ၏ ဥက္ကဋ္ဌလူကြီး ကိုအုန်းမောင်ကို အမှူးပြု၍ ပြုလုပ်စီမံသော အဦးအစ ပထမ မြန်မာဇာတ်ကားကြီးဖြစ်ပါသည်။ ဤကားသည် နိုင်ငံခြားမှလာသောကားများနှင့် ထပ်တူထပ်မျှဖြစ်အောင် ကြိုးစားအားထုတ်၍ အလွန် လှပယဉ်ကျေးသောနေရာများ ရွေးချယ်ပြီး သကာလ ကောင်းမွန်စွာ ဓာတ်ပုံများကူးခြင်း ဖြစ်ပါသည်။ ၎င်းပြင် ဤဇာတ်ကားကြီးမှာ မြန်မာတို့ရေးသောဝတ္ထု၊ မြန်မာလူမျိုးများကကပြ၍ မြန်မာလူမျိုးတို့က ပုံရိုက်ခြင်း ဖြစ်ပါသည်"

ဟူ၍ ဖော်ပြထားပေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## မုန်းသူကိုချစ်လာအောင် မင်းကွန်းဆရာတော်ကြီး ဘယ်လိုလုပ်ခဲ့သလဲ

ပျံလွန်တော်မူခဲ့ပြီးဖြစ်သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသသည် မုန်းသူကို ချစ်လာအောင် ပြုလုပ်ခဲ့ဖူး၏။

အကြောင်းရင်းမှာ ဤသို့ဖြစ်၏။

ဂျပန်ခေတ်၌ မစိုးရိမ်ဆရာတော်ဘုရားကြီးသည် မင်းကွန်းဘက်၌ ဝါဆိုတော်မူခဲ့သည်။ ထိုမှစ၍ မစိုးရိမ်ဆရာတော်ဘုရားကြီးထံသို့ မင်းကွန်းဓမ္မနာဒကျောင်းတိုက်မှ စာချဘုန်းကြီးဖြစ်သော ဦးဝိစိတ္တသာရာဘိဝံသ (နောင်– မင်းကွန်းတိပိဋကဓရဆရာတော်) သည် နေ့စဉ် ပဋ္ဌာန်းစာဝါလိုက်လေ့ရှိ၏။ တစ်နေ့သ၌ မစိုးရိမ်ဆရာတော်ဘုရားကြီးသည် စာဝါပို့ချပေးတော်မူရင်း

> "ဦးပဉ္ဇင်း လောကမှာ ကိုယ်နဲ့ ဆန့်ကျင်ဘက်ရန်သူ တစ်ယောက် ရှိနေခြင်းဟာ အဆင်းရဲဆုံးပဲ"

ဟူ၍ ဆုံးမတော်မူလေ၏။



ထိုစဉ်က စာချဘုန်းကြီး ဦးဝိစိတ္တကို အမြဲတမ်းရန်လုပ်နေသည့် ဘုန်းကြီးတစ်ပါးသည် ဓမ္မနာဒကျောင်းတိုက်အနီး၌ ရှိလေ၏။ ဦးဝိစိတ္တအနေနှင့် အဆိုပါဘုန်းကြီး ကိုယ်ကျိုးနည်းရလောက်အောင် ဘာတစ်ခုမျှ မပြုလုပ်ရပါဘဲနှင့် အကြောင်းမရှိ ဆန့်ကျင်ဘက်လုပ်နေသည်ဟု ယူဆကာ ၎င်းဘုန်းကြီးအပေါ်၌ မေတ္တာထားမရဘဲ ဖြစ်နေလေ၏။ ထိုအကြောင်းကို မစိုးရိမ်ဆရာတော်ဘုရားကြီး သိရှိတော်မူသဖြင့် ဦးဝိစိတ္တအား တမင်ဆုံးမလိုက်ခြင်း ဖြစ်လေ၏။

ဆရာတော်ကြီး၏ အဆုံးအမကို နာယူပြီးနောက် ဦးဝိစိတ္တသည် ၎င်းအပေါ် ဆန့်ကျင်ဘက်ပြုလုပ်နေသည့် ဘုန်းကြီးအပေါ် အထူးသီးသန့် မေတ္တာပို့ပေးနေခဲ့၏။ စားဖွယ်သောက်ဖွယ် အထူးအဆန်းကလေးများ ရရှိလာပါကလည်း မသုံးစွဲဘဲ ထိုဘုန်းကြီးထံသို့ ကိုယ်တိုင်သွားရောက်လှူဒါန်းလေ၏။ ညနေခင်းနှင့် အားလပ်ချိန်များတွင် ၎င်းအပေါ် ကဏ္ဍကောစ ပြုလုပ်နေသည့် ဘုန်းကြီးထံသို့ အကြောင်းမရှိအကြောင်းရှာ သွားရောက်လည်ပတ်လေ့ရှိ၏။

နေ့စဉ် တွေ့ရဖန်များ၊ ပို့သသည့်မေတ္တာလည်း စူးရှသဖြင့် ကဏ္ဍကောစပြုလုပ်သည့် ဘုန်းကြီးလည်း ဦးဝိစိတ္တနှင့် တစ်ရက်ထက်တစ်ရက် ဆက်ဆံရေးပြေပြစ်လာပြီး အမုန်းစိတ်များ ပျက်ပြယ်ကာ ချစ်ခင်လာတော့၏။ ဦးဝိစိတ္တအဖို့လည်း စိတ်ချမ်းသာမှု ရရှိသွားလေတော့၏။

❐

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမတွေကို မြွေလိုသဘောထားပြီး ရှင်ဇနကာဘိဝံသ ရေးစပ်ခဲ့တာ ဘယ်တေးထပ်လဲ

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသသည် မိန်းမတို့အား မြွေ ၄ မျိုးကဲ့သို့ သဘောထားခဲ့၏။ (၁) မိန်းမပျို၏ အကြည့်ခံရရုံနှင့် အဆိပ်တက်သကဲ့သို့ ရင်ထဲ၌ တစ်မျိုးတစ်ဖုံ ဖြစ်တတ်ခြင်း၊ (၂) မိန်းမပျို၏ အထိခံရသူမှာလည်း တစ်ကိုယ်လုံး အဆိပ်ပျံ့နှံ့သကဲ့သို့ ရှိန်းဖိန်းသွားနိုင်ခြင်း၊ (၃) မိန်းမပျို၏ နှာခေါင်း လေအမှုတ်ခံရသူမှာလည်း တစ်ကိုယ်လုံးအဆိပ်တွေပျံ့သကဲ့သို့ မနေတတ်မထိုင်တတ်ဖြစ်တတ်ခြင်း၊ (၄) မိန်းမပျို၏ ကာမဂုဏ်မေထုန် အကိုက်ခံရသူမှာလည်း တစ်ကိုယ်လုံး အဆိပ်တက်ကာ မူးမေ့သွားစေနိုင်ခြင်းတို့ ဖြစ်သည်။ စင်စစ် မိန်းမတို့မှာ အပုပ်ကောင် ရုပ်ဆောင်နေကြသူများဖြစ်၏။ ထို့ကြောင့် အသုဘဘာဝနာပွားများထားလျှင် ထိုအဆိပ်မျိုး မတက်နိုင်တော့ဟူ၍ သဘောပိုက်လျက် အောက်ပါတေးထပ်ကို ရေးစပ်ခဲ့ပါသည်။

"ကြည့်ရုံမြင်ရုံ အဆိပ်တက်သမို့
သိပ်ခက်သဟဲ့ ကြည့်ဖို့ကို။



စိတ်ပျက်သကွယ့် ထိဖို့ဆိုလျှင်
အမိတို့လို မြွေအမျိုး။
နှာခေါင်းလေ အမှုတ်ခံလျှင်
တမုဟုတ်အမြန် သေတတ်ပါသမျိုး။
ကိုက်များကိုက်က ငိုက်ဆိုက်နေပြီ
ကတိုက်ကရိုက်သေမည် အမှန်ဆိုး
မိုက်မိုက်ပွေလီ ဉာဏ်သူခိုးဖြင့်
ကြံဆိုးကြံနှင့် အသင့်ရှောင်။
'အသုဘ'ခေါ် ဆေးတော်ကြီး
မနှေးဖော်ပြီး သုံးစွဲပါလေအမောင်။
ငါတို့ ဘုရားအလောင်းတော်တောင်ပင်
ကြောင်းမလျော်ပေါင် မိဖုရားနှင့်
ကြည့်မှားသဖြင့် အသင့်ဉာဏ်တွေပြယ်
အကျင့်ချွန်တွေကွယ်
မြွေအမျိုးကြောင့် တန်ခိုးပြယ်လျှင်
အမျိုးအနွယ်မှိန်တတ်ပါသတဲ့လေး။

မဟာဂန္ဓာရုံဆရာတော်လောင်းလျာ အရှင်ဇနကာဘိဝံသသည် ဇေတဝန်ဆရာတော်ကြီး၏ ဆုံးမသြဝါဒစကားကို နာခံမှတ်သားလျက် စာချဘုန်းကြီးဘဝ ပခုက္ကူတွင်နေစဉ်က ရေးစပ်ခဲ့ခြင်း ဖြစ်သည်ဟု မှတ်သားရပါကြောင်း။

❐

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ထားသော အဆောက်အဦများကို တွေ့ရှိရကြောင်း မှတ်တမ်းတင် ရေးသားခဲ့သည်။ မြန်မာနိုင်ငံသို့ ပထမဆုံး ရောက်လာသူများမှာ အီတလီများဖြစ်ကြသည်ကို တွေ့နိုင်ပေသည်။

ပထမပိုင်းတွင် ဥရောပတိုက်သားများသည် အရှေ့တိုင်းနိုင်ငံများသို့ စွန့်စားမှုကို အခြေခံ၍ လာရောက်ကြခြင်း ဖြစ်သော်လည်း နောက်ပိုင်းတွင် ထိုစွန့်စားမှုကို အခြေခံသည့် သဘောမျိုး မဟုတ်လှတော့ဘဲ ကုန်သည်ဆန္ဒဖြင့် အမြတ်ရလို၍ စီးပွားကုန်သွယ်ရန် **ရောက်ရှိလာခြင်း** ဖြစ်ပေသည်။ ၎င်းတို့သည် ရောက်ရာပေါက်ရာ နယ်ပယ်များကို နည်းအမျိုးမျိုးဖြင့် သိမ်းသွင်း၍ လက်အောက်ခံ ကိုလိုနီနိုင်ငံအဖြစ်သို့ တဖြည်းဖြည်း သိမ်းသွင်းခဲ့သည်။ မိမိတို့ မြန်မာနိုင်ငံသည်လည်း တစ်ချိန်က ဤသို့ဤပုံ နယ်ချဲ့တို့လက်အောက်သို့ ကိုလိုနီနိုင်ငံအဖြစ် ကျရောက်ခဲ့ဖူးလေသည်။ နယ်ချဲ့တို့မည်သည် ကိုလိုနီနယ်သစ်ကို တွေ့ရှိလျှင် ထိုနယ်ပယ်ရှိ ပစ္စည်းဥစ္စာရွှေ၊ ငွေ၊ ရတနာများကို အတင်းအဓမ္မ လုယက်တိုက်ခိုက်ယူဆောင်ခြင်း၊ သို့မဟုတ်ပါက အနုနည်းဖြင့် ဘာသာရေးဇန်းပြ၍ ယဉ်ကျေးမှုနယ်ချဲ့ဝါဒကို သွတ်သွင်းတတ်ကြကြောင်း သင်ခန်းစာယူဖို့လိုပေ၏။

□



## မြန်မာနိုင်ငံကို ပထမဦးဆုံးရောက်လာတဲ့ ဥရောပတိုက်သားဆိုတာ ဘယ်သူလဲ

မြန်မာနိုင်ငံသို့ ပထမဦးဆုံးရောက်ရှိလာသော ဥရောပတိုက်သားမှာ အီတလီလူမျိုး ဗင်းနစ်မြို့သား **'နီကိုလိုဒီကွန်တီ'**ဆိုသူဖြစ်၏။

၎င်းသည် တနင်္သာရီ၌ ဆင်များ ပေါများသည့်အကြောင်း၊ အင်းဝဟု ခေါ်သည့် မြို့ကြီးမှာလည်း ကြီးကျယ်ခမ်းနားလှကြောင်း ရေးသားဖော်ပြထားသည်။ ၁၄၉၆ ခုနှစ်တွင် ဂျီနိုအာမြို့သား အီတာလျံကုန်သည်တစ်ဦးဖြစ်သူ **ဆန်တိုစတီဖန်နို** ဆိုသူသည်လည်းကောင်း၊ ၁၅၀၅ ခုနှစ်တွင် အီတာလျံလူမျိုး **လူဒိုဗီဆိုဒီဗာသေမာ**ဆိုသူ ကုန်သည်တစ်ဦးသည် လည်းကောင်း၊ ဆက်လက် ရောက်ရှိလာကြလေသည်။

လူဒိုဗီဆို ဒီဗာသေမာသည် ဟံသာဝတီမင်း ဗညားရံမင်းအား ကျောက်ပန်းကျောက်ခက်များနှင့် သန္တာများရောင်းချခဲ့ရာ ဗညားရံမင်းက ကျောက်သံပတ္တမြားများဖြင့် လဲ၍ ဝယ်ယူထားလိုက်သည်။ ပဲခူးမြို့မှာ အလွန်ကြီးကျယ်ခမ်းနားသော မြို့တော်ကြီးဖြစ်၍ လုပသော မြစ်တစ်ခု၏ အနောက်ဘက်ကမ်းတွင် တည်ရှိရာ ၎င်းမြို့တွင် အုတ်များ၊ ကျောက်များ၊ ထုံးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



## ယောမင်းကြီးဦးဘိုးလှိုင်ကို မင်းတုန်းမင်းကြီးက ဘာ့ကြောင့် လုံနဲ့ထိုးပို့ ရှယ်ရသလဲ

ဦးဘိုးလှိုင်သည် မြန်မာ့သမိုင်း၌ ယောအတွင်းဝန်၊ ယောမင်းကြီး၊ ရွှေပြည်ဝန်၊ ရွှေပြည်မင်းကြီး၊ ဝက်မစွတ်မြို့စား၊ မကွေးမြို့စား ဝန့်ရှင်တော်မင်းကြီး၊ သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူ စသော ဘွဲ့အမည်အမျိုးမျိုးဖြင့် ထင်ရှားခဲ့သူဖြစ်၏။

တစ်ခါသော် သမီး၊ နှမ စသည်တို့ကို ပေးဆက်လျက် အခွင့်အရေးယူသူ အမှုထမ်းတစ်ဦးကို မင်းတုန်းမင်းကြီးက မျက်နှာသာပေးထားသည်။ ဤတွင် ဦးဘိုးလှိုင်က မသင့်ကြောင်း မင်းတုန်းမင်းအား သတိပေးခဲ့သည်။ သို့သော် မရချေ။ ထိုအခါ မှူးမတ်စုံညီ ရှေ့တော်မှောက်၌–

"အစ်မ, နှစ်မ၊ သမီးကကို၊ စ၍ဆက်နင်း၊ လက်ဆောင်သွင်း၍၊ စိုးမင်းချစ်မြတ်၊ ထိုအမတ်သည်၊ အတတ်မရှိ၊ သတိကင်းကွာ၊ ဘုန်းကြီးလှာမူ၊ ပြည်ရွာပျက်ကြောင်း တစ်ပါးတည်း"

ဟူ၍ လျှောက်တင်လိုက်လေ၏။ မင်းတုန်းမင်းကြီးလည်း အမျက်ပြင်းစွာ ထွက်သဖြင့် လုံကိုကောက်ကိုင်လိုက်ကာ–

"သည်လုံနှင့် ငါ့ခမည်းတော်စီရင်၍ နင့်အဖ ယင်းတော်ဝန်ကြီး သေခဲ့သည် မဟုတ်လော၊ သည်လုံနှင့် မောင်မင်းကို စီရင်ခြင်း ခံလိုသလော"

ဟူ၍ မေးလိုက်သည်။ ထိုအခါ ဦးဘိုးလှိုင်သည် အနည်းငယ်မျှပင် တုန်လှုပ်ခြင်းမရှိဘဲ

"ထိုးတော်မူပါဘုရား ထိုးတော်မူပါဘုရား"

ဟု ဆိုလျက် ရင်ဘတ်ကို ကော့ပေးလိုက်၏။ မင်းတုန်းမင်းကြီးလည်း စိတ်ကို ချုပ်တည်းလျက် စိတ်မာန်ချကာ အတွင်းတော်သို့ ဝင်သွားလေ၏။ ဤတွင် အခြားမှူးမတ်များက–

"ဝန်ကြီးမင်းမလဲ တင်းတင်းမာမာ၊ ရဲပဲ ရဲလွန်းသဗျာ"

ဟု ပြောကြသည်။ ထိုအခါ ဦးဘိုးလှိုင်က –

"ကျွန်ုပ်အဖို့ လုံဖြင့်ထိုးသတ်၍ သေရခြင်းကား မြတ်သည်။ နေရာတိုင်း မင်းလိုလိုက်၍ စီမံသော် မကောင်းမှုဖြစ်ပွားနေသည့်အတွက် နိုင်ငံတော် ပျက်စီးခြင်း ဖြစ်ရလေသည်ဟု ဤနာမည်မျိုး ကျန်ရစ်ခဲ့ပါလျှင် သေကျိုးမနပ်ဖြစ်သည်။ ထိုမကောင်းသော အပုပ်နံ့သည် တထောင်းထောင်းနှင့်လူအပေါင်းတို့ နှာခေါင်း၌ ကြမည်ကို ကြောက်စရာ ကောင်းသည်။ မှူးမတ်ဆိုသည့်အတိုင်း အကြီးအမှူးဖြစ်သည့်အတိုင်း တည့်တည့်မတ်မတ်ဖြစ်အောင် စီမံခန့်ခွဲလျက် လျှောက်တင်ခွင့်ရှိက အသက်ကိုစွန့်၍ ရဲရဲဝံ့ဝံ့ တင်ကြရမည်။ သို့မှ မှူးမတ်နှင့်တူသည်"

ဟူ၍ ပြန်ပြောခဲ့၏။ နောက်တစ်နေ့တွင် ဦးဘိုးလှိုင်လည်း အကျယ်ချုပ်ဖြင့် ရာထူးမှ လျှော့ချခြင်း ခံရလေသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com



## ရေနံမြေသပိတ်အရေးအခင်းနဲ့ ပတ်သက်ပြီး သခင်ဘိုးလှကြီးက မေတ္တာရပ်ခံစာ ဘယ်လိုထုတ်ပြန်ခဲ့သလဲ

သခင်ဘိုးလှကြီးသည် ရေနံမြေသပိတ်၏ ခေါင်းဆောင်ဖြစ် ပြီး **'အာဋ္ဌဝက သခင်ဘိုးလှကြီး'** အဖြစ် သမိုင်းဝင် ထင်ရှားခဲ့ ပါသည်။ ချောက်မြို့မှ ရန်ကုန်မြို့သို့ မိုင် (၄၀၀) ကျော် ခရီး ရှည်ကြီးကို ရေနံမြေလုပ်သားထုကြီးအား ဦးဆောင်လျက် ခြေ လျင် ချီတက်ခဲ့သူဖြစ်ပါသည်။ ရေနံတပ်ကြီး၏ ဗိုလ်ချုပ်အဖြစ် တာဝန်ပေးခြင်းခံရသော သခင်ဘိုးလှကြီးသည် မေတ္တာရပ်ခံစာ တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ထိုမေတ္တာရပ်ခံစာမှာ အောက်ပါ အတိုင်းဖြစ်သည်။

"ရေနံမြေ ရေနံချောင်းမှစ၍ မကွေး၊ တောင်တွင်း ကြီး အာလဲ၊ ပြည်လမ်းတစ်လျှောက် ရန်ကုန်အထိ မြို့နယ် အသီးသီး ရှိ ဂိုဏ်းဂဏပါတီမရွေး အသင်းပင်း၊ မြို့မိမြို့ဖ၊ မျိုးချစ်၊တိုင်းချစ် ဆင်းရဲသားချစ်၊ ရဟန်းရှင်လူ နယ်ချဲ့နယ်သားအပေါင်းတို့အား တင်ကြို့နိုးဆော် မေတ္တာရပ်ခံလိုက်ပါသည်။

အဆွေတော်တို့၏ သွေးချင်းသားချင်း ဆင်းရဲသား အလုပ် သမားများ ဖြစ်ကြကုန်သော ရေနံချပ်၊ လမ်းရွာ၊ ချောက် ရေနံချောင်း စသည့် လေးဌာနတို့မှ သပိတ်မှောက်အလုပ်သမား ၁၀၀၀ ကျော်ခန့်တို့သည် ပြည်ပိုင်အစိုးရ မနရှင်ကုမ္ပဏီကြီးတို့ က ၁၁ လကျော်တိုင်တိုင် လျစ်လျူရှု တင်းမာထားမှုတို့ကြောင့်



ယခုအခါ အိမ်တန်းလျားများမှ အနှင်အထုတ် ခံကြရခြင်း၊ အနှောင့်အယှက် ဆင်းရဲဒုက္ခကြီးစွာခံရပြီး ငတ်ပြတ်ကုန်ကြရ ခြင်း၊ ဘေးဒဏ်အရပ်ရပ်တို့ကို မခံမရပ်နိုင်ကြသည့် အားလျော် စွာ အဆွေတို့၏ နယ်ပယ်မြို့ရွာ၊ လမ်းခရီးစဉ်အတိုင်း ရန်ကုန် သို့အရောက် ခြေလျင်လျှောက်ကြမည့် ရေနံသပိတ်တပ်ကြီးမှာ (၃၀.၁၁.၃၈) နေ့က စတင်ထွက်ခွာ ချီတက်လာကြပါပြီ။

သို့ဖြစ်ပါ၍ အဆိုပါခရီးစဉ်အတိုင်း အဆွေတို့ မြို့ရွာနယ် ပယ်သို့ သပိတ်များ ဆိုက်ရောက်လာသောအခါ ခေတ္တအမော ဖြေ တည်းခိုရန် ဆွေရိပ်၊ မျိုးရိပ်၊ ငွေအား၊ ဆွေအား၊ နံနက်စာ၊ ညစာ စသည့် အကူအညီ အထောက်အပံ့ ကုသိုလ်ဒါနထူးမျိုး တို့ကို စေတနာ စိတ်အားထက်သန်ကြစွာ ကူညီဝိုင်းဝန်းကြပါ မည့်အကြောင်း လေးနက်စွာ တင်ကြို့မေတ္တာရပ်ခံလိုက်ကြရပါ သည်။

အရေးတော်ပုံအောင်ပါစေသော်

**သခင်ဘိုးလှ**

**အုပ်ထိန်း စောင့်ရှောက်ရေးမှူး**

**ရေနံမြေသပိတ် ရန်ကုန်ခြေလျင်ချီတက်ရေး**

**တာဝန်ခံအဖွဲ့။**

□

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာစစ်မှန်ရင် ဘယ်အရာတွေကို ရှောင်ကြဉ်ကြသလဲ

ရဟန္တာပုဂ္ဂိုလ်ဟူသည်မှာ ရုပ်တရား၊ နာမ်တရားတို့၌ 'ငါ၊ဥစ္စာ'ဟူ၍ စွဲလမ်းမှုမရှိ။ တဏှာလောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာအာသဝေါတို့မှ ကင်းလွတ်ပြီးလည်း ဖြစ်လေသည်။ အဆင်း၌လည်းကောင်း၊ အသံ၌လည်းကောင်း၊ အနံ့၌လည်းကောင်း၊ အရသာ၌လည်းကောင်း၊ အတွေ့အထိ၌လည်းကောင်း တပ်မက်မှုမရှိတော့။ ဘုရားရှင်က "ကြမ်းကြုတ်ခက်ထန်မှုမရှိ၊ နူးညံ့ပြေပြစ်ပြီး အနက်သဘော အဓိပ္ပာယ်ပေါ်လွင်စေသော ဟုတ်မှန်သောစကားကို ပြောဆို၍ မည်သည့်တစ်စုံတစ်ယောက်ကိုမျှ အမျက်ဒေါသဖြင့် မထိခိုက်၊ မငြိစွန်းစေသော ပုဂ္ဂိုလ်ကို 'ရဟန္တာ' ဟူ၍ ငါဘုရားဟောတော်မူ၏" ဟု မိန့်ကြားခဲ့၏။

ဤ၌ ရဟန္တာစစ်မှန်ပါက မည်သည့်နည်းနှင့်မျှ လွန်ကျူးခြင်းမရှိ။ ရှောင်ကြဉ်သောအရာ ၉ မျိုးရှိပါသည်။ ၎င်းတို့မှာ-

၁။ သေစေလိုသော စိတ်စေတနာဖြင့် လုံ့လပြု၍ သတ္တဝါတို့အား သတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်း၊

၂။ ခိုးယူလိုသောစိတ်ဖြင့် သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊



၃။ မေထုန်မှုကို မှီဝဲခြင်းမှ ရှောင်ကြဉ်ခြင်း၊

၄။ သိလျက် ချွတ်ယွင်းသောစကား မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

၅။ ရှေး လူဖြစ်စဉ်အခါကကဲ့သို့ သိုမှီးသိမ်းဆည်းခြင်းကို ဝတ္ထုကာမ၊ ကိလေသာကာမတို့ကို သုံးဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၆။ ချစ်၍ ဘက်လိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၇။ မုန်း၍ ဘက်လိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၈။ မသိ၍ ဘက်လိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၉။ ကြောက်၍ ဘက်လိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

စသည်တို့ ဖြစ်ပေသည်။ ရဟန္တာဟူရာ၌ သဒ္ဓါဖြင့် လွတ်မြောက်သော ရဟန္တာ၊ ပညာဖြင့် လွတ်မြောက်သော ရဟန္တာ၊ ရုပ်၊ နာမ်နှစ်ပါးမှ လွတ်မြောက်သော ရဟန္တာ၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသောရဟန္တာ၊ အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာ၊ ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာဟူ၍ ရဟန္တာ အမျိုးအစားများ ရှိကြပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## ရတနာပုံခေတ်က သက်တော်ရှည် ဆရာတော်ကြီး (၉) ပါး ဘာကျင့်စဉ်တွေ ကျင့်ခဲ့ကြသလဲ

ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းကြီးသည် ဘာသာ၊ သာသနာကို လွန်စွာမှ အလေးအမြတ်ထားသည့် သင်္ဂါယနာတင် သာသနာပြု မင်းတစ်ပါးဖြစ်ပါသည်။ သို့ဖြစ်၍လည်း မင်းတုန်းမင်းကြီး လက်ထက်၌ ဗုဒ္ဓသာသနာတော်သည် လွန်စွာမှ ထွန်းပြောင်ခဲ့ပါသည်။

အဆိုပါ မင်းတုန်းမင်းကြီးလက်ထက်၌ သက်တော်ရှည်ဆရာတော်ကြီး ၉ ပါးရှိခဲ့၏။ ထိုဆရာတော်ကြီး ၉ ပါးသည် အသက် ၉၀ ကျော်ထိ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်တော်မူခဲ့ကြသည်။ သမိုင်းဆရာတို့က အဆိုပါဆရာတော်ကြီး ၉ ပါး၏ အမည်နာမကို သာမကဘဲ အဆိုပါဆရာတော်ကြီးများ အသက်ရှည်အောင် ကျင့်ကြံခဲ့သည့် ကျင့်စဉ်တို့ကိုပါတွဲလျက် မှတ်တမ်းတင်ထားခဲ့ကြသည်။

အဆိုပါဆရာတော်ကြီး ၉ ပါးနှင့် စပ်လျဉ်း၍

**'ဖရုံစကု၊ ယာဂုမင်းကြီး**
**မဲထီးသရဏ၊ သာဖန်ကြာဇု**
**မဓုသာစည်၊ ရွှေပြည်ဗောဓိ**
**ပြုပြင်တုတ်လှမ်း၊ ယပ်တန်းဒါန**
**အဒေါသမေတ္တာ၊ ဘုံကျော်မှာ**
**များစွာ အာယုရှည်သတည်း'** ဟူ၍ လင်္ကာဖြင့် မှတ်တမ်းတင်ခဲ့ကြ၏။



ထိုလင်္ကာနှင့်အညီ–

၁။ **စကုဆရာတော်**
(ကျောက်ဖရုံသီးဟင်းကို ဆေးအဖြစ် အမြဲမှီဝဲ ဘုဉ်းပေးတော်မူ၏)

၂။ **မင်းကြီးတိုက်ဆရာတော်**
(ယာဂုကို ဆေးအဖြစ်အမြဲမှီဝဲ ဘုဉ်းပေးတော်မူ၏။)

၃။ **မဲထီးဆရာတော်**
(သရဏဂုံကို အမြဲ ပုတီးစိပ်တော်မူ၏။)

၄။ **သာဖန် (သဖန်း) ဆရာတော်**
(ကြာဇုဆေးကို အမြဲ ဘုဉ်းပေးတော်မူ၏။)

၅။ **သာစည်ဆရာတော်**
(ပျားရည်ပါသော စတုမဓုကို အမြဲ မှီဝဲတော်မူ၏။)

၆။ **ရွှေပြည်ဆရာတော်**
(ဗောဓိသုတ်တော်ကို အမြဲရွတ်ပွားတော်မူ၏။)

၇။ **တုတ်လှမ်း (ဒုတ်လှမ်း) ဆရာတော်**
(အဆောက်အအုံ၊ လမ်း၊ တံတားဟောင်းများကို ပြုပြင်တော်မူ၏။)

၈။ **ယပ်တန်းဆရာတော်**
(ရသမျှဝတ္ထုများကို အမြဲပြန်လည်လှူဒါန်းတော်မူ၏။)

၉။ **ဘုံကျော်ဆရာတော်**
(မေတ္တာပွားများခြင်း အမှုကို နှစ်စွာဘတ်ပြုတော်မူ၏။)

❒

www.burmeseclassic.com

www.burmeseclassic.com



## ရသေ့ကြီးဦးခန္တီ မင်းတုန်းမင်း ဝင်စားတာ ဟုတ်ပါသလား

မြန်မာနိုင်ငံ အနှံ့အပြား၌ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများကို တည်ဆောက်မွမ်းမံ ပြုပြင်ခဲ့သည့် ရသေ့ကြီး ဦးခန္တီသည် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ညတွင် ပျံလွန်တော်မူခဲ့၏။ ပျံလွန်တော်မူချိန်၌ အသက် (၈၁) နှစ် ရှိပြီဖြစ်၏။

ရသေ့ကြီးဦးခန္တီကို (၁၉.၈.၁၈၆၇) တွင် ရမည်းသင်းမြို့ အနောက်တောင်ဘက် ရွာသာရွာ၌ အဖဦးရွှေလှ၊ အမိဒေါ်ခိုဥတို့မှ ဖွားမြင်ခဲ့ပြီး ရဟန်း ၁၂ ဝါအရတွင် ရသေ့အဖြစ်သို့ ကူးပြောင်းကာ မန္တလေးမြို့၌ ကမ္မဋ္ဌာန်းအားထုတ်နေခဲ့၏။ ထိုစဉ်တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးက ရသေ့ကြီးဦးခန္တီအား 'သာသနာ့ ဟိတစေ နာယက' ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ပေးအပ်ခဲ့၏။ ၁၉၀၀ ပြည့်နှစ်တွင် ပျဉ်းမနားမြို့ ဆင်ဖြူတောင်သို့ ကြွရောက်ကာ ဘာသာရေး အဆောက်အအုံများကို ဆောက်လုပ်ခဲ့၏။ ၁၉၁၃ ခုနှစ်တွင် ရန်ကင်းတောင် ဘုရားဂူများကို ပြုပြင်ခဲ့သည်။ ရသေ့ကြီးဦးခန္တီ၏ ကုသိုလ်ကောင်းမှုများမှာ များပြားလှပြီး ထိုခေတ်ကာလတန်ဖိုးအားဖြင့် သိန်း ၂၀ ကျော်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းကြ၏။ အနှစ် ၄၀ ကာလအတွင်း



မြို့ ၂၀၊ ဌာန ၄၇ ဌာနတို့၌ အဆောက်အအုံများကို တည်ဆောက်ဖြစ်ခဲ့သည်ဟု မှတ်သားရသည်။ အထူးသဖြင့် မန္တလေးတောင်ကို ပြုပြင်ခဲ့သဖြင့် 'မန္တလေးတောင်ရသေ့ကြီး' ဟူ၍လည်း ထင်ရှားခဲ့ပါသေးသည်။

ရသေ့ကြီးဦးခန္တီသည် အဆောက်အအုံအသစ်များကို ထပ်မဆောက်လုပ်ရန် စီစဉ်နေဆဲ လေငန်းရောဂါဝေဒနာကြောင့် ကိုယ်တစ်ခြမ်းသေသကဲ့သို့ ဖြစ်ခဲ့ရသည်။

ရသေ့ကြီးဦးခန္တီနှင့် ပတ်သက်၍ ရေးသားထုတ်ဝေခဲ့သော စာအုပ်အချို့တွင် ရသေ့ကြီးဦးခန္တီသည် မင်းတုံးမင်းကြီး ဝင်စားသူဟု ရေးသားဖော်ပြသည်ကို တွေ့ရ၏။ ထိုရေးသားဖော်ပြချက်မှာ ယုတ္တိယုတ္တာ ကင်းမဲ့ရုံမျှမက သဘာဝလည်း မကျပေ။ အကြောင်းမူ ရသေ့ကြီးလောင်းလျာ မောင်ဖိုးမောင်ကို ကိုမွားမြင်ချိန်၌ အထက်မြန်မာနိုင်ငံ ရတနာပုံနေပြည်တော်တွင် မင်းတုန်းမင်းကြီးမှာ ထီးနန်းစိုးစံနေတုန်း ဖြစ်ပါ၏။ သို့ဖြစ်၍ ရသေ့ကြီးဦးခန္တီမှာ မင်းတုန်းမင်းကြီး ဝင်စားသူ လုံးဝမဖြစ်နိုင်ပါကြောင်း။

❒

www.burmeseclassic.com

www.burmeseclassic.com



## ရသေ့ကြီးဦးခန္တီဟာ ဘယ်မြို့ ဘယ်နေရာ ဘယ်ဌာနတွေမှာ သာသနိက အဆောက်အဦးတွေ လှူခဲ့သလဲ

ရသေ့ကြီးဦးခန္တီသည် မြန်မာနိုင်ငံတစ်လွှား မြို့ပေါင်းနှစ်ဆယ်၊ ဌာနပေါင်း လေးဆယ့်ခုနစ်ဌာနတို့တွင် စေတီ၊ ပုထိုး၊ သာသနိက အဆောက်အဦး မြောက်မြားစွာတို့ကို အဟောင်းပြင် အသစ်တည်လျက် သာသနာပြုခဲ့ရာ ထိုခေတ်ကာလ ရွှေတစ်ကျပ်သား ရာဂဏန်းမပြည့်သည့် အနေအထားတွင် ခန့်မှန်းခြေအားဖြင့် ကျပ်သန်းပေါင်း နှစ်ဆယ်ကျော်ခန့် ရှိလိမ့်မည်ဟု ဆိုကြ၏။

ရသေ့ကြီးဦးခန္တီ သာသနာပြု စီမံတည်ထားခဲ့သော မြို့ပေါင်း ၂၀ နှင့် ဌာနပေါင်း ၄၇ ဌာနရှိ စေတီပုထိုးသာသနိက အဆောက်အဦများကို ဖော်ပြရလျှင်။

၁။ **မန္တလေးမြို့** – မန္တလေးတောင်၊ ရန်ကင်းတောင်၊ မယ်ဥတောင်၊ အာနန္ဒာ၊ နန်းတွင်းတောရ၊ ရွှေစာရံ၊ ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်၊ သင်္ကျသီဟ၊ တောင်ပြုန်း၊ ဆုတောင်းပြည့်၊ ဆုတောင်းရတို့ ဖြစ်ကြ၏။

၂။ **ပြင်ဦးလွင်မြို့** – ဉာဏ်တော်မဟာမြတ်မုနိနှင့် ရေဝင်တောင်တို့ ဖြစ်ကြ၏။

၃။ **နမ္မတူမြို့** – ရွှေမြင်သာတောင်

၄။ **သီပေါမြို့** – ဘော်ကြို

၅။ **စစ်ကိုင်းမြို့** – ဆင်ဖြူများရှင်၊ ရှင်ဖြူရှင်လှ



၆။ **မိုးကောင်းမြို့** – မန်းဦးတောင်

၇။ **တောင်ကြီးမြို့** – ရပ်တော်မူ

၈။ **ပင်းတယမြို့** – ရွှေဥမင်

၉။ **ရမည်းသင်းမြို့** – ရွှေမြင်တင်၊ တောင်ပခြုပ်၊ ရွှေရင်ကျော်၊ ရွှေယဉ်မိ၊ ရွှေယင်ပုံ၊ မင်းသမီး၊ မဟာမြတ်မုနိ၊ ပျော်ရွှာပိတောက်ကုန်း (ညောင်လွံနှံ)

၁၀။ **နေပြည်တော် ပျဉ်းမနားမြို့** – ဆင်ဖြူတောင်၊ စွဥ္စာမဏိ(ဓမ္မိကဆောင်)

၁၁။ **နေပြည်တော် လယ်ဝေးမြို့** – ရွှေလက်လှ

၁၂။ **ပဲခူးမြို့** – ရွှေဟင်္သာကုန်း၊ နောင်တော်ကြီး

၁၃။ **သထုံမြို့** – မဟာမြတ်မုနိ၊ ရဟန္တာကျောင်း၊ ဓာတ်တော်စေတီ၊ ရွှေစာရံ ကျောက်စာ

၁၄။ **မော်လမြိုင်မြို့** – အလံတင်တောင် (ဦးခန္တီ) ဘုရား

၁၅။ **ချောင်းဆုံမြို့** – မြင်းမိုရ်တောင်

၁၆။ **ပုပ္ပားတောင်** – ရွှေသာလျောင်း

၁၇။ **ကျောက်ဆည်မြို့** – ရွှေဆပ်သွား

၁၈။ **မိုးကုတ်မြို့** – ဘီးတောင်

၁၉။ **အင်းဝမြို့ (တံတားဦး)** – မင်္ဂလာစေတီ

၂၀။ **မင်းဘူးမြို့** – မန်းစက်တော်ရာ၊ ကျောင်းတော်ရာ၊ (ဆယ်တော်) မဟာမြတ်မုနိ

□

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်မြို့ခန်းမ အဆောက်အအုံ တည်ဆောက်ဖို့ အကြံပေးခဲ့တာ ဘယ်သူလဲ

ရန်ကုန်မြို့ မြို့တော်ခန်းမအဆောက်အအုံမှ ရန်ကုန်မြို့တော်၏ ကျက်သရေဆောင်ဖြစ်သကဲ့သို့ လှပခံ့ညားခြင်းနှင့်အတူ သမိုင်းဝင် အဆောက်အအုံလည်း ဖြစ်ပါသည်။

အဆိုပါ ရန်ကုန်မြို့၊ မြို့တော်ခန်းမ အဆောက်အအုံကြီး ဖြစ်ပေါ်လာရေးအတွက် ရန်ကုန်မြူနီစီပယ်အဖွဲ့ကို အကြံပေးခဲ့သူမှာ ထိုခေတ်က နိုင်ငံရေးခေါင်းဆောင်ကြီး ဘကြီးဘဘောခေါ် ဦးဘဘောဖြစ်သည်။ ၁၉၂၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့၌ ကျင်းပသော ရန်ကုန်မြူနီစီပယ်အဖွဲ့ အစည်းအဝေးတွင် ဦးဘဘောအကြံပေးခဲ့သည့် ရန်ကုန်မြို့တော်ခန်းမ တည်ဆောက်ရေးကိစ္စကို လက်ခံပြီး အဆောက်အအုံ အကောင်အထည်ဖော်ရန် ဝိုင်းဝန်းညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ရန်ကုန်မြို့တော်ခန်းမအတွက် ကုန်ကျမည့်စရိတ်၊ မြေနေရာဝယ်ယူရေး ဗိသုကာ စသည်တို့ကို တွက်ချက်လေ့လာပြီး အစည်းအဝေးသို့ တင်ပြအစီရင်ခံရန် မစ္စတာဘာရေးဆိုသူ ဗိသုကာပညာရှင်ကို ပုံစံရေးဆွဲတင်ပြစေခဲ့သည်။ မြေနေရာကိုပင် အတည်ပြုကာ စုစုပေါင်း ကုန်ကျစရိတ်မှာ မစ္စတာဘာရေးက ကျပ်သိန်းနှစ်ဆယ် ကုန်ကျမည်ဟူ၍ ရန်ကုန်မြူနီစီပယ်အဖွဲ့သို့ အစီရင်ခံစာ တင်သွင်းခဲ့၏။ ၎င်းတင်ပြလာသည့် ရန်ကုန်မြို့တော်ခန်းမပုံစံမှာ ခေတ်မီသော်လည်း မြန်မာမှုမဆန်သဖြင့် ရန်ကုန်မြူနီစီပယ်အဖွဲ့မှ ၎င်းအား မန္တလေးသို့ စေလွှတ်၍ လေ့လာစေခဲ့၏။ ၎င်းလည်း လေ့လာပြီး ထပ်မံပုံစံရေးဆွဲ တင်ပြခဲ့ပြန်၏။ သို့သော် မြူနီစီပယ်အဖွဲ့က ဖယ်ချခဲ့ပြန်ပါသည်။

ထို့နောက် မြန်မာဗိသုကာပညာရှင် ဦးတင်အား ရန်ကုန်မြို့တော်ခန်းမပုံစံကို မြန်မာဆန်ဆန် ရေးဆွဲတင်ပြရန် အပ်နှံခဲ့ပြန်၏။ မြန်မာဗိသုကာပညာရှင် ဦးတင် တင်ပြလာသည့် ရန်ကုန်မြို့တော် အဆောက်အအုံပုံစံမှာ ယခု တွေ့မြင်ရသည့် အဆောက်အအုံပုံစံပင် ဖြစ်ပါသည်။ ၎င်းပုံစံကို ၁၉၂၉ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့၌ ကျင်းပသော မြူနီစီပယ် အစည်းအဝေးက သဘောကျနှစ်မြို့က်သဖြင့် ဆောက်လုပ်ရန် ခွင့်ပြုခဲ့သည်။ ဆောက်လုပ်ရေးပစ္စည်းများကို ဝယ်ယူစုဆောင်းခြင်း၊ အစီအရင်များ ရေးဆွဲခြင်းဖြင့် ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံအား ၁၉၃၄ ခုနှစ်မှ စတင်၍ ဆောက်လုပ်နိုင်ခဲ့သည်။ အကျယ်အဝန်းမှာ အလျား ၃၆၉ပေ၊ အနံ ၂၆၀ ပေ ဖြစ်၏။ အထပ်များမှာ မြို့တော်ခန်းမဘက် (တောင်ဘက်ခြမ်း)၌ လေးထပ်၊ အရှေ့ခြမ်းနှင့် အနောက်ဘက်အခြမ်းတွင် လေးထပ်စီနှင့် စည်ပင်လမ်းဘက်အခြမ်း၌ သုံးထပ်စသဖြင့် တည်ဆောက်ထားပါသည်။

❒



www.burmeseclassic.com

www.burmeseclassic.com

## ရုပ်ခန္ဓာပျောက်ဆုံးပြီး ဘဝသိမ်းသွားခဲ့တဲ့ ဆရာတော်ကြီးဆိုတာ ဘယ်သူလဲ

ရုပ်ခန္ဓာပျောက်ဆုံးပြီး ဘဝသိမ်းသွားခဲ့သော ဆရာတော်ကြီးမှာ 'ဂျုံးဂျုံးကျ ဆရာတော်ကြီး' ဖြစ်ပါသည်။

ဂျုံးဂျုံးကျတောရသည် မွန်ပြည်နယ် မုဒုံမြို့၌ တည်ရှိ၏။ မုဒုံမြို့ ကံကြီးစေတီတော်မှ အရှေ့ဘက်တည့်တည့် ဆက်သွားလျှင် တစ်မိုင်သုံးဖာလုံခန့် အကွာအဝေး၌ ဂျုံးဂျုံးကျဆရာတော်ကြီး၏ တောရရှိပြီး ကျောင်းပရိဝုဏ်ကိုဖြတ်၍ ရေတံခွန်စမ်းချောင်းတစ်ခုသည် ဂျုံးဂျုံးမြည်ဟည်းကာ စီးဆင်းနေသဖြင့် ဂျုံးဂျုံးကျတောရဟု အမည်တွင်ခြင်းဖြစ်၏။

ဆရာတော်ကြီးသည် နေ့ညအခါမလပ် ကျင့်ကြံအားထုတ်ခဲ့ရာ ၁၂၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့ ညဦး ၇:၀၀ နာရီမှစ၍ ပရမတ္ထဓမ္မမြတ်လှစွာသော တရားထူးကို ရရှိကြောင်း သိရသည်။ ဆရာတော်ကြီးအား ရဟန္တာဟု ပြောဆိုကြရာ ဆရာတော်ကြီးက-

"ငါ ရဟန္တာဖြစ်သည်ဟု ပြောအပ်မပြောအပ်ကို သိရမည်။ အရပ်ကိုလည်း၍ တအော်အော်ဖြင့် မောင်းမတီးအပ်"

ဟူ၍ တားမြစ်ခဲ့၏ ဆရာတော်ကြီးမှာ ၁၂၁၅ ခုနှစ်၊ ပြာသိုလလပြည့်ကျော် ၈ ရက် ညဦးနှစ်ချက်တီးကျော် သောကြာနေ့အဝင်၌ ဖွားမြင်ခဲ့၏။ ငယ်မည်မှာ မောင်ရွှေပြေးဖြစ်၏။ အသက် ၁၂ နှစ်တွင် ရှင်သာမဏေဝတ်ခဲ့ပြီး ဘွဲ့အမည်မှာ



ရှင်သုဇာတဖြစ်၏။ ဆရာတော်ကြီး ၁၂၅၃ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့တွင် ပုတီးတစ်ကုံး၊ သုံးထည်သော တိစီဝရိတ် သင်္ကန်းတို့ဖြင့် ဂျုံးဂျုံးကျတောရဟု အမည်တွင်မည့်အရပ်သို့ တောထွက်ခဲ့ပြီး ၃၂ နှစ်တိုင်တိုင် တရားအားထုတ်ခဲ့သည်။ ဆရာတော်ကြီးသည် ခန္ဓာသိမ်းရန် အဖြစ်ကို ကြိုတင်သိရှိနေသည်။ သက်တော် (၇၀) ပြည့်လျှင် ခန္ဓာသိမ်းမည်ဟု မိန့်ကြားသည်။

ခန္ဓာမသိမ်းမီ ခုနစ်ရက်အလိုမှစ၍ တပည့်တို့အား ဝတ်ကြီးဝတ်ငယ်ပြုစုစေသည်။ ၁၂၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့တွင် 'ငါမကျန်းမာဘူး'ဟု မိန့်ကာ ကျိန်းစက်သည်။ နိုးချိန်တန်၍ မနိုးသော် တပည့်တို့က ဆရာတော်ကျိန်းစက်ရာတွင် ကြည့်လိုက်သောအခါ သင်္ကန်းခြုံထည် တစ်ထည်သာ ကျန်ရစ်၍ ခန္ဓာရုပ် ပျောက်ဆုံးနေခဲ့သည်။ မှီအုံးထက်၌ ဆရာတော်ကြီးရေးခဲ့သော စာရွက်တစ်ရွက်ရှိနေ၏။ ၎င်း၌-

"ဆရာသည် ဣရိယာပုတ်ပြောင်း၍ အသခ်တဓာတ် ပရမတ္ထဓမ္မ အေးမြသော အရသာထူးကို ခံစားတော့သည်။ တပည့်သံဃာတို့နှင့်တကွ ဥပသကာ၊ ဥပသကာကြီးငယ်တို့ ဤတရားလမ်းကိုသာ အားထားပြု၍ အာရုံပြုရစ်ကြလေ မှာတမ်းစာ သတိပေးခဲ့သည်။ မပူဆွေးရစ်ကြနှင့် စိတ်ကို မြဲခိုင်ကြစေ"

ဟူ၍ ပါရှိလေ၏။

❐

www.burmeseclassic.com

www.burmeseclassic.com


## လယ်တီဆရာတော်ကြီး ပြုစုခဲ့တဲ့ ကျမ်းတွေ ဘယ်လောက် တောင် ရှိသလဲ

လယ်တီဆရာတော်ကြီးသည် ၁၂၇၇ ခုနှစ်တွင် မြန်မာနိုင်ငံ အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံတော်မူရသည်။ ၁၂၈၃ ခုနှစ်တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ ယူနီဗာစီတီ တက္ကသိုလ်ကျောင်းတိုက်ကြီး၏ အဓိပတိ ဒီလစ်ပိဋကတ္တယ ပါရဂူ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကိုလည်း ခံခဲ့ရသည်။ လယ်တီဆရာတော်ကြီးက ကျမ်းစာတတ်ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်၏။ ဆရာတော်ကြီး ရေးသားပြုစုခဲ့သမျှ ကျမ်းများစွာအနက် လက်လှမ်းမီသမျှ လေ့လာတင်ပြလိုက်ပါတယ်။

(၁) ကမ္မဋ္ဌာန်း ဒီပနီ၊ (၂) ကမ္မဋ္ဌာန်းကျမ်းကြီး၊ (၃) ဂေါဏသုရာဒိ ဒီပနီ၊ (၄) ဂမ္ဘီရကဗျာကျမ်း၊ (၅) စတုသစ္စဒီပနီ၊ (၆) စေတီယင်္ဂဏ ဝိနိစ္ဆယ၊ (၇) ဒါနာဒိဒီပနီ၊ (၈) ဒိဃာသန ဝိနိစ္ဆယ၊ (၉) ဓာတ်ကမ္မဋ္ဌာန်း ကျမ်းသစ်၊ (၁၀) ဓမ္မဒီပနီ၊ (၁၁) နိယာမဒီပနီ၊ (၁၂) နိရုတ္တိဒီပနီခေါ် ဝုတ္တိမောဂ္ဂလာန်ဋီကာပါဠိ၊ (၁၃) နိရုတ္တိဒီပနီခေါ် ဝုတ္တိမောဂ္ဂလာန်ဋီကာ နိဿယ၊ (၁၄) နိဗ္ဗာန ဒီပနီ၊ (၁၅) နိဗ္ဗာနဝိသဇ္ဇနာ၊ (၁၆) ပဋိစ္စသမုပ္ပါဒ် ဒီပနီ၊ (၁၇) ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ၊ (၁၈) ပဓာနသုတ် ပါဠိတော်နိဿယသစ်၊ (၁၉) ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာပါဠိ၊ (၂၀) ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာ နိဿယ၊ (၂၁) ပရမတ္ထသံခိပ်၊ (၂၂) ပါရမီဒီပနီ၊ (၂၃) ပဋ္ဌာန်းနုဒ္ဒေသ ဒီပနီပါဠိ၊ (၂၄) ပုဏ္ဏောဝါဒကမ္မဋ္ဌာန်း၊ (၂၅) ဗောဓိပက္ခိယဒီပနီ၊ (၂၆) ဘာဝနာဒီပနီ၊ (၂၇) မဟာသယနဒီပနီ၊ (၂၈) မဂ်္ဂဒီပနီ၊ (၂၉) ရူပဒီပနီ၊ (၃၀) ရောဂန္တရဒီပနီ၊ (၃၁) ရုပ်ပိုင်းအကျဉ်း၊ (၃၂) လယ်တီပုစ္ဆာအဖြေပေါင်းချုပ်၊ (၃၃) လယ်တီမင်္ဂလသုတ္တန်၊ (၃၄) လက္ခဏာဒီပနီ၊ (၃၅) လန်ဒန်ပါဠိဒေဝီ ပုစ္ဆာသဝိသဇ္ဇနာပါဠိ၊ (၃၆) ဝိကာလဘောဇန, သိက္ခာပုဒ် အဆုံးအဖြတ်၊ (၃၇) ဝိနယသံခိပ်၊ (၃၈) ဝိပဿနာဒီပနီ၊ (၃၉) ဝိရတိသီလဝိနိစ္ဆယ၊ (၄၀) ဝိဇ္ဇာမဂ္ဂဒီပနီ၊ (၄၁) သရဏဂုံဝိနိစ္ဆယကျမ်းသစ်၊ (၄၂) သသင်္ခါရ သသင်္ခါရဝိနိစ္ဆယ၊ (၄၃) သာသနဒါယဇ္ဇဒီပနီ၊ (၄၄) သာသနဝိသောဓနီ၊ ပ၊ ဒု၊ တ၊ (၄၅) သီလဝိနိစ္ဆယ၊ (၄၆) သုကုမာရမဂ္ဂဒီပနီ၊ (၄၇) သောတာပန်ပုစ္ဆာ၊ (၄၈) သောမနဿုပေက္ခာဒီပနီ၊ (၄၉) သင်ပုန်းကြီးသံခိပ်၊ (၅၀) သစ္စတ္ထဒီပနီ၊ (၅၁) သဒ္ဒသံခိပ်၊ (၅၂) သတ်ပုံသံခိပ်၊ (၅၃) သိက္ခာဂဟဏ ဝိနိစ္ဆယ၊ (၅၄) သမာဒိဋ္ဌိဒီပနီ၊ (၅၅) သံဝေဂလေးချိုးနှင့် အဓိပ္ပာယ်၊ (၅၆) အနုဒီပနီ၊ (၅၇) အနတ္တဒီပနီ၊ (၅၈) အနတ္တဒီပနီ ကျမ်းသစ်၊ (၅၉) အနတ္တဝိဘာဝနာပါဠိနိဿယ၊ (၆၀) အလင်းကျမ်း၊ (၆၁) အာဇီဝဋ္ဌမက သီလအဆုံးအဖြတ်၊ (၆၂) အာနပါနဒီပနီ၊ (၆၃) အာဝေဏိက ဂုဏ်တော်ပါဠိနိဿယ၊ (၆၄) အာဟာရဒီပနီ၊ (၆၅) ဥက္ကာပရိဘောဂ ဝိနိစ္ဆယ၊ (၆၆) ဥပသမ္ပဒဝိနိစ္ဆယ၊ (၆၇) ဗုဒ္ဓဘာသာအလင်းပြ၊ (၆၈) ဥတ္တမပုရိသဒီပနီ၊

စသည်တို့ကို လေ့လာတွေ့ရှိရပါကြောင်း။


www.burmeseclassic.com

www.burmeseclassic.com



## လယ်တီဆရာတော်ကြီးရဲ့ အံ့ဖွယ်ဝိသေသတွေဟာ ဘာတွေလဲ

လယ်တီဆရာတော်ကြီးသည် စာသင်သားဘဝ၌ လွန်စွာမှ အနေဆင်းရဲ အစားဆင်းရဲဖြင့် စာပေများကို သင်ကြားခဲ့ရသည်။ ဤ၌ မိမိ၏စာသင်သားဘဝ၌လွန်စွာချို့တဲ့ခဲ့ရခြင်းမှာ ဝေယျာဝစ္စ ကာသိုလ်မရှိသဖြင့် ဆင်းရဲရခြင်းဖြစ်သည်ဟူ၍ ယူဆတော် မူခဲ့၏။ သို့အတွက် လယ်တီကျောင်းတိုက်ကြီး ထူထောင်ပြီးချိန် မှစ၍

၁။ လယ်တီတိုက်သို့ ရောက်တော်မူသည့်အခါ နံနက်တိုင်း၊ နံနက်တိုင်း လေးနာရီအချိန်တွင် ထတော်မူ၍ တစ်တိုက်လုံးနှံ့အောင် တံမြက်လှည်းခြင်းဝတ်ကြီးကို ထူထောင်တော်မူ၏။ (အနှစ် ၂၀ တိုင်အောင် စွဲမြဲစွာ လုပ်ဆောင်ခဲ့၏။)

၂။ သံဃာတော်များ သုံးရန်၊ ချိုးရန် ရေများခပ်ပြီး လျှင် လယ်တီရေတစ်အိုးကျစီ မြို့တွင်းရှိ ထေရ်ကြီး၊ ဝါကြီး၊ သက်တော်ကြီးတို့ ဆွမ်းခံဝင်တိုင်း ကိုယ်တော်တိုင် ထမ်း၍ လှူဒါန်းမြဲဝတ် ဆက်လက်ဆောင်ရွက်တော်မူ၏။ (ရေဝတ်ကြီး အနှစ် ၂၀ တိုင်အောင် စွဲမြဲတော်မူ၏။)

၃။ ရေလှူဒါန်းပြီးလျှင် တစ်မြို့လုံးနှံ့အောင် ဆွမ်းခံခြင်း



ဖြင့် ရေးကရှိပြီး ဆွမ်းခံဝတ်ကြီးကို မပျက်မကွက် ဆက်လက်၍ စာသင်သံဃာခြောက်ဆယ်၊ ခုနစ်ဆယ် ကျော်တို့အား လုပ်ကျွေးတော်မူ၏။ (ဆွမ်းခံဝတ်ကြီး အနှစ် ၂၀ တိုင်အောင် စွဲမြဲတော်မူ၏။)

လယ်တီဆရာတော်ကား ၎င်း၏ကျောင်းတိုက်တွင်းရှိသံဃာ တော်များအတွက်သာ နိဗဒ္ဓဝတ်ကို ဖြည့်သည်မဟုတ်။ မုံရွာမြို့ အတွင်းရှိ မထေရ်ကြီးများ သီတင်းသုံးရာ သံဃာအများရှိရာ ကျောင်းတိုက်များကိုလည်း ထိုဝတ်အား ဖြည့်ကျင့်တော်မူ၏။ အချို့ဘုန်းကြီးများက အားနာသဖြင့် တားမြစ်ကြသောအခါ–

"တပည့်တော်ကို သနားရင် ခွင့်ပြုကြပါ။ တစ်သံသရာလုံး တပည့်တော်ရဲ့ လက်တွေခြေတွေဟာ သွားကျွန်၊ မယားကျွန် ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် သံဃာ့ကျွန်၊ သာသနာ့ကျွန်အမှု ပြုခွင့်ပေးကြပါ"

ဟူ၍ ပြန်လည်လျှောက်ထားပြီး ပြုမြဲအတိုင်း ပြုတော်မူခဲ့၏။ ထိုသို့ဆောင်ရွက်သည်မှာ တစ်နှစ်၊ နှစ်နှစ်မဟုတ်။ လေးငါး နှစ်လည်း မဟုတ်။ အနှစ်နှစ်ဆယ်လုံးလုံး မပျက်မကွက် ဆောင် ရွက်တော်မူခြင်းဖြစ်ရကား လယ်တီဆရာတော်ကြီး၏ အံ့ဖွယ် ဝိသေသများဟု ဆိုရပေမည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဝါတော် (၄၅) ဝါလုံး ဘုရားရှင် ဘယ်တွေမှာ ဘယ်လောက် သီတင်းသုံးခဲ့သလဲ

ဘုရားအလောင်းတော်သည် မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်မှ မဟာသက္ကရာဇ် ၆၈ ခု (၆၂၃ ဘီစီ)၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် လုမ္ဗိနီသာမော အင်ကြင်းတော၌ ဖွားသန့်စင်ခဲ့ပါသည်။ ဖွားလျှင်ဖွားချင်းပင် မတ်တတ်ရပ်ကာ ခုနစ်ဖဝါး လှမ်းကြွ၍ 'ငါသည် တစ်လောကလုံးထက် မြတ်၏' ဟူ၍ ကြုံးဝါးတော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် သက်တော် ၃၅ နှစ်တွင် ရန်အပေါင်းကို အောင်မြင်ပြီး သစ္စာရလေးပါးတရားတော်ကို အကြွင်းမဲ့ သိမြင်တော်မူလျက် သဗ္ဗညုဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဘုရားရှင်သည် မဟာသက္ကရာဇ်၏ ၁၄၈ ခု၊ (၅၄၄ ဘီစီ) ကဆုန်လပြည့် အင်္ဂါနေ့ ညဥ့်အရုဏ်တက်ခါနီး မိုးသောက်ယံတွင် (သက်တော် ၈၀၊ ဝါတော် ၄၅ ဝါအရ) ပရိနိဗ္ဗာန်သို့ စံဝင်ခဲ့လေ၏။ ဘုရားအဖြစ်ရောက်ရှိပြီး ၄၅ နှစ်ကာလပတ်လုံးတွင် အနယ်နယ်အရပ်သို့ ဒေသစာရီကြွကာ သီတင်းသုံးခဲ့သည်။ နေရာပေါင်းမှာ ၁၉ နေရာရှိပါသည်။ ၎င်းတို့မှာ–

၁။ ဗာရာဏသီပြည် မိဂဒါဝုန်တော၊ နန္ဒိယဝိဟာရကျောင်းတော်တွင် ဝါတော် ၁ ဝါတိတိ စတင်သီတင်းသုံးခဲ့ပါသည်။

၂။ ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်တွင် ၂၊ ၃၊ ၄ ဝါတိတိ သီတင်းသုံးတော်မူခဲ့ပါသည်။

၃။ ဝေသာလီပြည်ရှိ မဟာဝုန်ကျောင်း၌ ဝါတော် ၅ ဝါမြောက် သီတင်းသုံးတော်မူခဲ့ပါသည်။



၄။ ရာဇဂြိုဟ်ရှိ မကုဋ္ဌတောင်၊ ချယားတော၌ ဝါတော် ၆ ဝါမြောက် သီတင်းသုံးတော်မူခဲ့ပါသည်။

၅။ တာဝတိံသာနတ်ပြည်ရှိ ပင်လယ်ကသစ်ပင်၌ ၇ ဝါမြောက် သီတင်းသုံးခဲ့ပါသည်။

၆။ ဘဂ္ဂတိုင်းရှိ သံသုမာရတော၌ ၈ ဝါမြောက်

၇။ ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း၌ ၉ ဝါမြောက်

၈။ ကောသမ္ဗီပြည်၊ ပလလဲတော အင်ကြင်းပင်၌ ၁၀ ဝါမြောက်

၉။ ဗြဟ္မဏဂါမ၊ နာလိကာရုံကျောင်း၌ ၁၁ ဝါမြောက်

၁၀။ ဝေရဥ္စရာ ပုဏ္ဏားရွာ၊ တမာပင်၌ ၁၂ ဝါမြောက်

၁၁။ ဓာလိယတောင်၌ ၁၃ ဝါမြောက်

၁၂။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ၁၄ ဝါမြောက်

၁၃။ ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ ၁၅ ဝါမြောက်

၁၄။ အာဠဝီပြည် မဟာဝုန်တော၌ ၁၆ ဝါမြောက်

၁၅။ ရာဇဂြိုဟ်ပြည်နယ်၊ နလန္ဒရွာ၊ သာရိပုတ္တော်မကြီးကျောင်း၌ ၁၇ ဝါမြောက်

၁၆။ ဓာလိယတောင်၌ ၁၈ ဝါမြောက်၊ ၁၉ ဝါမြောက်

၁၇။ ရာဇဂြိုဟ်ပြည်နယ်၊ ဂိဇ္ဈကုဋ်တောင်၌ ဝါတော် ၂၀ မြောက်

၁၈။ သာဝတ္ထိပြည်နယ်၊ ဇေတဝန်ကျောင်း၌ ဝါတော် ၂၁ မှ ၄၄ မြောက်အထိ

၁၉။ ဝေဠုဝန်ရွာ၌ (ပစ္ဆိမဝါ) ဝါတော် (၄၅) မြောက်

စသည်တို့ဖြစ်ကြောင်း ကြည်ညိုလေးမြတ်ဖွယ်ရာ တင်ပြလိုက်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဝေဘူဆရာတော်ကြီးက သံသရာကလွတ်မြောက်အောင် ဘယ်လိုတရားကို ဟောခဲ့သလဲ

ကျေးဇူးရှင်ဝေဘူ ဆရာတော်ကြီးက တရားနာပရိသတ်အပေါင်း သံသရာမှ လွတ်မြောက်ကြောင်းအတွက်—

"သိက္ခာသုံးပါးဆိုတာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါပဲ။ အဓိသီလကောင်းရင် စိတ်တွေသောင်းကျန်းမှု မရှိဘဲ ငြိမ်ဝပ်ပိပြားတည်နေရင် (သမာဓိ)၊ အဲဒါ အဓိစိတ္တပဲ။ ရုပ်ကိုနာမ်က သိနေရင် (ဖြစ်ပျက်)ကို သိတော့တာပဲ။ ဖြစ်ပျက်ကိုသိတာ အဓိပညာလို့ ခေါ်တယ်။

ခန္ဓာကိုယ်မှာ ထင်ရှားတဲ့အစိတ်အပိုင်း တစ်ခုဖြစ်တဲ့ နှာဖျားနှာဝမှာ လေနှစ်ရပ်ဟာ အမြဲဝင်ထွက်နေတယ်။ နှာဖျားနှာဝလေနှစ်ရပ်ဟာ အမြဲဝင်ထွက်နေတယ်။ ဝါယောဓာတ်ကထိတဲ့ဟာ အထိခံရတာက ရုပ်၊ ထိတာကလည်း ရုပ်ပဲ။ အဲဒီရုပ်နှစ်ခု ထိတာကို သိတာက နာမ်ဆိုတော့ ကိုယ့်နှာဝကို ဉာဏ်နဲ့စောင့်ကြည့်။ ဝင်တော့ ထိမယ်။ ထွက်တော့လည်း ထိထွက်မယ်။ ထိတာကိုသိရင် သိနေရင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်ခွင့်



မရလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်။ ငြိမ်းတော့အေးတယ်။

မထိခင်ကလည်း သိလို့မဖြစ်ဘူး။ ထိပြီးပြန်တော့လည်း သိလို့မဖြစ်ဘူး။ ထိတုန်းသာ သိဖြစ်တယ်။ အဲဒါကို ပစ္စုပ္ပန်တည့်တည့်လို့ ဆိုတယ်။ ရုပ်နာမ်မှတစ်ပါး ငါသူတစ်ပါး ယောက်ျား၊ မိန်းမ၊ လူနတ်ဗြဟ္မာမရှိဘူးဆိုတော့ ဘုရားရှင်၏တရားတော် အမှန်ပါကလားလို့ ကိုယ့်ဟာကိုယ်သိလိမ့်မယ်။ သူများမေးနေဖို့မလိုပါဘူး။ နှာဝမှ လာထိတာကိုသိရင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ်မရှိဘူး။

ထိုသိနေတဲ့အချိန်မှာ ဉာဏ်အမြင်စင်ကြယ်တယ်။ သမ္မာဒိဋ္ဌိဖြစ်တယ်။ ထိတာကို သိနေတဲ့အချိန်မှာ ရုပ်နာမ်မှတစ်ပါး ဘာမှမရှိပါကလားလို့ ထိတာကို ရုပ်နာမ်ပိုင်းခြားသိပြီးမို့ နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။ တစ်ထိလည်း ထိနေလျှင် အတ္တစင်၍ ဉာဏ်အမြင်စင်ကြယ်တဲ့ အကျိုးရတယ်။ ဒါဟာ တဒင်္ဂပဟာန် ခဏလေးအချိန်မှာ ရတဲ့အကျိုး၊ နည်းတယ်လို့များ မမှတ်ကြနဲ့။ ကမ္ဘဋ္ဌာန်းထိုင်ရတာများ ဘာမှလည်း မတွေ့ပေါင်၊ ဘာမှလည်း မရပေါင်လို့များ မမှတ်လိုက်ကြနဲ့။ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့အခါမှာ အင်မတန်ကြီးမားတဲ့ အကျိုးထူးများ ရနိုင်တယ်။ အထူးကြိုးစားကြ"

ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဝိဇ္ဇာဘယ်နှမျိုးရှိသလဲ၊ ဘယ်ဝိဇ္ဇာက အမြင့်ဆုံးလဲ

မြန်မာနိုင်ငံ၌ ရှေး 'ဝိဇ္ဇာဓရ ပကာသနီကျမ်းရင်းကြီး' ကို ထုတ်ဝေခဲ့ဖူးပါ၏။ ၎င်းကျမ်းကြီးသည် သက္ကတဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပြီး ကမ္ဘာအရပ်ရပ်မှ ထွက်ရပ်စခန်းသို့ အောင်မြင်သွားကြကုန်သော ဝိဇ္ဇာများစာရင်းနှင့် ၎င်းတို့၏ ပညာရပ်များကို အတိုချုပ်ဖော်ညွှန်း ပြသထားလေ၏။ ဤ၌ ယေဘုယျအားဖြင့် ဝိဇ္ဇာပေါင်း ငါးမျိုးရှိပေရာ

(၁) ဝေဒဝိဇ္ဇာ၊ (၂) မန္တဝိဇ္ဇာ၊ (၃) ဂန္ဓာရီဝိဇ္ဇာ၊ (၄) လောကီယဝိဇ္ဇာနှင့် (၅) အရိယာဝိဇ္ဇာတို့ ဖြစ်ကြ၏။ ၎င်းတို့ကို ခွဲခြမ်းစိတ်ဖြာကြည့်ပါလျှင်–

(၁) ဝေဒဝိဇ္ဇာ

– သာမ၊ ယဇု၊ အာတဗ္ဗနတည်းဟူသော ဗေဒင်အတတ်၌ သူမတူအောင် တတ်ကျွမ်းသူများသည် ဝေဒဝိဇ္ဇာမည်၏။

(၂) မန္တဝိဇ္ဇာ

– ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း အမျိုးမျိုးသော နိမိတ်လက္ခဏာဂါထာ၊ မန္တယားစသော လောကီသပညာ အတတ်အမျိုးမျိုးတို့ကို သူမတူအောင် တတ်ကျွမ်းသူများသည် မန္တဝိဇ္ဇာမည်၏။



(၃) ဂန္ဓာရီဝိဇ္ဇာ

– ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ စသော ဝိဇ္ဇာဓိုရ်လေးပါးတို့သည် သိဒ္ဓိဆယ်ခွင်တို့ကို အပြီးတိုင်အောင်မြင်ကြသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြ၏။ ယင်းဝိဇ္ဇာဓိုရ်မျိုးများကို ဂန္ဓာရီဝိဇ္ဇာ (မဟာဂန္ဓာရီဝိဇ္ဇာ) ဟူ၍ ခေါ်ဆိုကြပေ၏။

၄။ လောကီယဝိဇ္ဇာ

– ကသိုဏ်းဈာန်လမ်းတို့ကို ပွားများ၍ ရအပ်သော ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ အနာဂတံဟူသော လောကီအဘိညာဏ် တရားတို့ကို ရရှိသော သူသည် လောကီယဝိဇ္ဇာဖြစ်၏။

၅။ အရိယာဝိဇ္ဇာ

– အနိစ္စဝိပဿနာဉာဏ်၊ ဒုက္ခဝိပဿနာဉာဏ်၊ အနတ္တဝိပဿနာဉာဏ်တို့ဖြင့်ရအပ်သည့် သောတပတ္တိမဂ်စသော မဂ်ဖိုလ်တရားတို့ကို ရရှိသင့်သည့် ပုဂ္ဂိုလ်သည် အရိယာဝိဇ္ဇာများ ဖြစ်ကြ၏။

(ဤ၌ ဝိဇ္ဇာပေါင်း ငါးမျိုးရှိသည့်အနက် အရိယာဝိဇ္ဇာသည် အခြားဝိဇ္ဇာများထက် သာလွန်မြင့်မြတ်သည် ဆို၏။)

❐

www.burmeseclassic.com

www.burmeseclassic.com



## သပြေညိုကဗျာနဲ့ ပတ်သက်ပြီး အံ့ဖွယ်တိုက်ဆိုင်မှုတွေဆိုတာ ဘာတွေလဲ

'သပြေညို' ကဗျာသည် ဆရာကြီးမင်းသုဝဏ်ရေးဖွဲ့ စပ်ဆိုခဲ့သည့် ဂန္ထဝင်လက်ရာမြောက် ကဗျာဖြစ်ပါသည်။ အဆိုပါသပြေညိုကဗျာကို ဂရိတ်(ဗြိတိန်) နိုင်ငံသို့ ပညာတော်သင် အဖြစ်ရောက်ရှိစဉ် ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့က ရေးသားခဲ့ပါသည်။ ကဗျာကား–

'သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့မြေမှာ တို့မေကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့
လာတော့မကွယ် ရွှေဗဟိုရ်
လေချိုက အသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။

အဆိုပါကဗျာ ပေါက်ဖွားလာမှုနှင့် ပတ်သက်၍ ဆရာကြီး



က ထောင့်သုံးရာပြည့် မြန်မာ့အာဇာနည်ရဲဘော်များကို လှမ်းမျှော်ကာ 'သူ့ခေါင်းမှာတဲ့ သပြေညို'၊ ငါ့ခေါင်းမှာတဲ့ သပြေညို' ဟု ဆိုလျက် နှုတ်ဆက်ဆုတောင်းကြောင်း၊ ခေါင်းမှာ ဦးခေါင်းကို ဆိုလိုခြင်းဖြစ်ကြောင်း၊ 'တို့မေကမ်းပါတဲ့' ဆိုသည် ဂုဏ်ပြုနာမဝိသေသနမှာ မြန်မာနိုင်ငံကပေးအပ်သော အမွေကောင်း အဆွေမွန်တစ်ရပ်ကို ဆိုလိုကြောင်း၊ 'သပြေညို၊ ရွှေဘိုပန်းဟာက၊ လန်းလျက်ပါကို' တွင် 'ရွှေဘိုပန်း' ဟူသည် အလောင်းမင်းတရားကြီးကို ရည်ညွှန်းလိုက်ခြင်းဖြစ်ကြောင်း၊ 'လာတော့မကွယ့် ရွှေဗဟိုရ်' ဆိုသည်မှာ လွတ်လပ်သောနိုင်ငံ၏ လွတ်လပ်မှုအထိမ်းအမှတ် သင်္ကေတတစ်ရပ်ကို ရည်ညွှန်းခြင်းဖြစ်ကြောင်း၊ 'လေချိုကသွေး' ဆိုသည်မှာ လွတ်လပ်ရေးတိုက်ပွဲများကို အင်တိုက်အားတိုက် ဆင်နွှဲကြခြင်းကို ညွှန်းဆိုကြောင်း၊ 'လင်းကြက်အဆော်'မှာ အရုဏ်တက်ချိန်ကို ရည်ညွှန်းခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

အမှန်တကယ်လည်း ဤကဗျာရေးအပြီး ဆယ်နှစ်တာကြာသည့် ကာလ၊ တိတိပပဆိုရလျှင် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် အရုဏ်တက်အချိန် (လင်းကြက်ဆော်ချိန်) တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ပါသည်။ ဤတွင် ဆရာကြီးက–

"ဆယ်နှစ်တိတိအချိန်တွင် လွတ်လပ်ရေးရခြင်းဖြစ်ပါသည်။ အဆိုပါ တိုက်ဆိုင်မှုတို့သည် အလိုလိုဖြစ်လာသလား၊ ဘုန်းရှင်ကံရှင် သူတော်စင်တစ်ဦးဦးက လမ်းညွှန်၍ ဖြစ်ပေါ်လာသလား မပြောတတ်၊ မဆိုတတ်၊ မစဉ်းစားတတ် ရှိပါတော့သည်"

ဟူ၍ ကောက်ချက်ချခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သုဇာတာကို ဘုရားရှင်ဟောကြားခဲ့တဲ့ ဇနီးမယား (၇) မျိုးက ဘာတွေလဲ

မြတ်စွာဘုရားရှင်သည် အနာထပိဏ် သူဌေးကြီး၏ ချွေးမ ဖြစ်သူ သုဇာတာအား ဇနီးမယား (၇)မျိုးရှိကြောင်း ဟောတော်မူခဲ့၏။ ယင်းတို့မှာ

(၁) **သူသတ်သမားနှင့်တူသော ဇနီးမယား**

– မယားတစ်ယောက်သည် ဒေါသကြီး၏။ ကောင်းကျိုးစီးပွားကို မဆောင်ရွက်။ ပေါ့ပေါ့နေ၏။ မိမိလင်း၏နောက်ကွယ်၌ အခြားအခြားသော ယောကျ်ားတို့ကို နှစ်သက်၏။ မိမိ၏လင်ယောကျ်ားကို မခန့်လေးစားပြု၏။ မထီမဲ့မြင်ပြု၏။ ထိုဇနီးမယားကား သူသတ်မယားနှင့်တူ၏။

(၂) **အရှင်သခင်နှင့်တူသော ဇနီးမယား**

– မယားတစ်ယောက်သည် အလုပ်လုပ်ချင်စိတ်မရှိ၊ ပျင်းရိဖွင့်နွဲ၏။ အစားအသောက် လောဘကြီး၏။ စိတ်ကြမ်း၊ စကားအပြောအဆို ကြမ်းတမ်း၏။ လင်ဖြစ်သူကို အနိုင်ကျင့် လွှမ်းမိုးတတ်၏။ ထိုဇနီးမယားကား အရှင်သခင်နှင့်တူ၏။

(၃) **ခိုးသူနှင့်တူသော ဇနီးမယား**

– မယားတစ်ယောက်သည် မိမိလင်ယောကျ်ား လုပ်ကိုင်ရှာဖွေပေးထားသည့် ပစ္စည်းဥစ္စာများထဲမှ အချို့ကို ပြင်ပသို့ သယ်ယူတတ်၏။ ထိုဇနီးမယားကား ခိုးသူနှင့်တူ၏။

(၄) **အမိနှင့်တူသော ဇနီးမယား**

– မယားတစ်ယောက်သည် လင်၏အကျိုး၊ မိသားစု၏



အကျိုးကို ဆောင်ရွက်၏။ လင်ဖြစ်သူကိုလည်း အစဉ်အမြဲ စောင့်ရှောက်တတ်၏။ လင်ယောကျ်ား လုပ်ကိုင်ရှာဖွေပေးသည့် ဥစ္စာပစ္စည်းတို့ကိုလည်း ကောင်းစွာ စောင့်ရှောက်ပေး၏။ ထိုဇနီးမယားကား အမိနှင့်တူ၏။

(၅) **အစ်ခွေခင်ပွန်းနှင့်တူသော ဇနီးမယား**

– မယားတစ်ယောက်သည် မိတ်ဆွေကောင်းကဲ့သို့ လင်ယောကျ်ားအပေါ် စောင့်ရှောက်တတ်၏။ မြတ်နိုးချစ်ခင်တတ်၏။ အကျင့်သီလ ဖြူစင်ကောင်းမွန်၏။ လင်ယောကျ်ားအပေါ် ရိုသေလေးစားတတ်၏။ ထိုဇနီးမယားကား အဆွေခင်ပွန်းနှင့်တူ၏။

(၆) **အစ်မ နှမနှင့်တူသော ဇနီးမယား**

– မယားတစ်ယောက်သည် အစ်မ နှမတို့၏ မောင်ကို ရိုသေသကဲ့သို့ မိမိ၏လင်ကို ရိုသေ၏။ အလိုလိုက်တတ်၏။ ရှက်ကြောက်တတ်၏။ ထိုဇနီးမယားကား အစ်မ,နှမနှင့် တူ၏။

(၇) **အစေခံ ကျွန်နှင့်တူသော ဇနီးမယား**

– မယားတစ်ယောက်သည် လင်ယောကျ်ားက တုတ်ကိုင်ပြီး ခြိမ်းခြောက်သော်လည်း စိတ်မဆိုး၊ မထိတ်လန့်၊ မပြစ်မှားသည်းခံတတ်၏။ ထိုဇနီးမယားကား အစေခံ ကျွန်နှင့်တူ၏။

ထို (၇)ပါးအနက် သူသတ်သမားနှင့်တူသော၊ ခိုးသူနှင့်တူသော၊ အရှင်သခင်နှင့်တူသော ဇနီးမယားတို့မှာ သေလွန်လျှင် ငရဲကျ၏။ ကျွန် အမိနှင့်တူသော အဆွေခင်ပွန်းနှင့်တူသော အမေနှမနှင့်တူသော၊ အစေခံ ကျွန်နှင့်တူသော ဇနီးမယားတို့ သေလွန်လျှင်မူ နတ်ပြည်သို့ လားကြရကုန်၏။

❐

www.burmeseclassic.com

www.burmeseclassic.com



## သီပေါဘုရင်ရဲ့သမက်က အင်္ဂလန်ဘုရင်ခံကို ဘယ်လိုစိန်ခေါ်ခဲ့သလဲ

'သီပေါဘုရင်၏ သမက်မှာ ဦးခင်မောင်လတ်ခေါ် လတ်သခင်ဖြစ်ပြီး သီပေါဘုရင်၏ ဒုတိယသမီးတော် ထိပ်စုမြတ်ဖုရားလတ်၏ ခင်ပွန်းဖြစ်ပါသည်။ ဦးခင်မောင်လတ်ခေါ် လတ်သခင်မှာ မြန်မာပြည်၏ အင်္ဂလန်ဘုရင်၏ မတရားဆုံးဖြတ်မှုကြောင့် မကျေမချမ်းဖြစ်ပြီး စိန်ခေါ်ခဲ့ပါသည်။ စိန်ခေါ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"နတ်ရွာစံလွန်တော်မူသော အရှင်နန်းမတော်ဘုရား၏ မသာတော်အရေးကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရတနာဂီရိမြို့၌ နတ်ရွာစံလွန်တော်မူသော သီပေါမင်းနှင့် မိဖုရားတို့၏ အလောင်းတော်များကို မြန်မာပြည်သို့ ဆောင်ကျဉ်းရန် အရေးကိစ္စနှင့်စပ်လျဉ်း ဆာဟာကုတ်ဘတ္တလာ အလွန်အမင်း မတရားပြုသည့်အတွက် အလောင်းတော်များကို ဘုံဘိုင်မြို့မှ မြန်မာပြည်သို့ တိုက်ရိုက်စစ်သဘောဖြင့် လည်းကောင်း၊ ကျွန်ုပ်တို့နှင့်တကွ မြန်မာလူမျိုးများနှင့် တိုင်ပင်၍ ဆောင်ကျဉ်းစေလိုသည်။ ဗြိတိသျှအစိုးရက အလောင်းများကို အထက်ပါနည်းအတိုင်း ငွေကုန်ကြေးကုန်ခံ၍ မယူဆောင်နိုင်လောက်အောင် သနားကြင်နာခြင်းကင်းမဲ့လျှင် ကျွန်ုပ်တို့ ခွင့်ပြုသောသူများ၏ရှေ့တွင် အရိုးများကို ထုတ်ယူပြီး သကာလ ကျွန်ုပ်တို့နှင့် မြန်မာလူမျိုးများထံသို့ ပါဆယ်ပြုလုပ်၍ ပေးပို့စေလိုပါသည်။

ကျွန်ုပ်တို့ တောင်းဆိုချက်များကို မတရားသဖြင့် စီမံပြုလုပ်သွားသော ဆာဟာကုတ်ဘတ္တလာနှင့် ကျွန်ုပ်ခင်မောင်လတ်သခင်တို့ နှစ်ဦးသဘောတူ သတ်ဖြတ်ထိုးခုတ်ရန် ခွင့်ပြုစေလိုပါသည်။ ကျွန်ုပ်တို့ ဆုံးဖြတ်ထားသည်ကိုလည်း ဘုရင်ခံချုပ်နှင့် အစိုးရတို့ သဘောတူလိမ့်မည်ဟု မျှော်လင့်သည်။

အကယ်၍ နှစ်ဦးသဘောတူ သတ်ဖြတ်ရန် သဘောတူပါက မည်သည့်လက်နက်ကို ကြိုက်သည်။ မည်သည့်နေရာကို ရွေးမည်။ မည်ကဲ့သို့ သတ်ဖြတ်မည်။ မည်သည့်အချိန်တွင် သတ်ဖြတ်ထိုးခုတ်မည် အစရှိသည်တို့ကို ဆာဟာကုတ်ဘတ္တလာနှင့် တွေ့ဆုံဆုံးဖြတ်မည်။ ကျွန်ုပ်မှာ ဟိမဝန္တာတောင်တွင်သုံးသော လေးနှင့်မြားရှိသည်။ ဆာဟာကုတ်ဘတ္တလာမှာ ကြိုက်ရာရွေးပါစေ။ ဆာဟာကုတ်ဘတ္တလာက ၎င်းလက်နက်ကို မကြိုက်လျှင် သေနတ်ကို အသုံးပြုနိုင်သည်။ ကျွန်ုပ်သည် သေနတ်နှင့်ပင် တိုက်ခိုက်ပါမည်။ တိုက်ခိုက်ရန်နေရာအတွက် ကာလကတ္တားနှင့် ကလင်ပုံတစ်မြို့မြို့ကို ရွေးချယ်စေလိုပါသည်"

ဟူ၍ ဖြစ်ပါကြောင်း။

❐

www.burmeseclassic.com

www.burmeseclassic.com



## သေနတ်မီးမကူး ကျည်မထွက်ဘူးဆိုတဲ့ ဆရာတော်ဟာ ဘယ်ဆရာတော် ဖြစ်ပါသလဲ

သာသနာတော်သမိုင်း၌ သေနတ် မီးမကူး၊ ကျည်မထွက် ဟူ၍ ထင်ရှားခဲ့သော ဆရာတော်မှာ ပဋိပတ္တိသာသနာ့ဝင် 'ထွင့်ခေါင်ဆရာတော်' ဖြစ်ပါသည်။ ထွင့်ခေါင်ဆရာတော်သည် ရဟန်းသီလကို လုံခြုံစွာဖြည့်ကျင့်၍ ဓုတင် (၁၃) ပါးကိုလည်း အလျဉ်းသင့်သလို ဆောင်ယူတော်မူသော ပုဂ္ဂိုလ်ဖြစ်၏။

အခါတစ်ပါး ပေါက်တောကန်တောရရှိ သစ်ပင်ရင်းဓုတင်၊ လွင်တီးခေါင်တင် ဓုတင်တို့ကို ကျင့်သုံးတော်မူစဉ်ကဖြစ်သည်။ တစ်နေ့သ၌ တောချုံတစ်ချုံ၌ နေသန့်၍ ကမ္မဋ္ဌာန်းတရား အားထုတ်နေစဉ် တောလိုက်မုဆိုးကြီး ဘိုးတက်ခါး၏ သားကောင်အမှတ်ဖြင့် ချောင်းပစ်ခြင်းကို ခံရလေ၏။ သို့ရာတွင် သေနတ်မှ မီးကူးခြင်းမရှိသကဲ့သို့ ကျည်ထွက်ခြင်းလည်း မရှိခဲ့။ ထိုသို့ဖြစ်စဉ် မုဆိုးကြီးဘိုးတက်ခါးမှ ရုတ်တရက် မူးမိုက်၍ လဲကျသွားတော့၏။ မုဆိုးကြီး သတိပြန်လည်လာ၍ ချုံတွင်းသို့ သေချာစွာကြည့်လိုက်သောအခါ ထွင့်ခေါင်ဆရာတော် အရှင်သူမြတ်ကို တွေ့လိုက်ရလေ၏။ ဤ၌ မုဆိုးကြီးလည်း ဆရာတော်၏ ခြေစုံကိုဖတ်ကာ ဝန်ချတောင်းပန်ရှာတော့သည်။

ထွင့်ခေါင်ဆရာတော်ကို သက္ကရာဇ် ၁၁၆၀ပြည့်နှစ် တပေါင်းလပြည့် အင်္ဂါနေ့တွင် ဟင်္သာခရိုင်၊ လေးမျက်နှာမြို့နယ်၊ မြင်းကုန်းရွာ၌ ခမည်းတော်ဦးလူကြီး၊ မယ်တော်ဒေါ်မေတို့မှ ဖွားသန့်စင်ခဲ့ပြီး ငယ်မည်မှာ မောင်စိုဖြစ်လေသည်။ မောင်စိုသည် လေးမျက်နှာမြို့နယ်၊ ငတရော်ကျွဲခေါင်းရွာ၌ အာဂန္တုသြ တင်းသုံးနေသော အင်းဝမှကျမ်းတတ်အကျော် မန်ကျည်းတောရ ဆရာတော်ကြီးထံ ရှင်သာမဏေပြုခဲ့၏။ ဘွဲ့မည်မှာ ရှင်ဉာဏဝံသ ဖြစ်၏။ ဆရာတော်ကြီး အင်းဝသို့ ပြန်ကြွသော် အတူလိုက်ပါသွားခဲ့ပြီး အင်းဝ၌ စာပေ ပရိယတ္တိများကို ဆည်းပူးသင်ယူခဲ့၏။ ရှင်သာမဏေဘဝမှာပင် ပထမကျော်အောင်မြင်ခဲ့၏။ ထိုဘွဲ့ကို အကြောင်းပြုလျက် အမရပူရနေပြည်တော် မိဖုရားခေါင်၏ ပင့်ဖိတ်ကိုးကွယ်ခြင်းကို ခံယူရရှိခဲ့၏။ ၁၁၈၁ ခုနှစ်သို့ ရောက်လေသော် ရဟန်းဖြစ်တော်မူပြီး ရဟန်းရှစ်ဝါအရ၌ အဖော်မဲ့ဘဲ တစ်ကိုယ်တည်း တောရဆောက်တည်ခဲ့သည်။ စစ်ကိုင်းတောင်ရိုး၊ ရတနာထွင့်ခေါင်စေတီအနီးသို့ ရွှေ့ပြောင်းကာ တောရခံနေသည်မှာ စတင်၍ 'ရတနာထွင့်ခေါင်ဘုန်းကြီးလေး' ဟု အမည်တွင်သည်။

နောင်အခါ ထွင့်ခေါင်တောရဆရာတော်ဟု အမည်တွင်လာပြီး မန္တလေးမြို့၊ မြို့တည်မင်းတည် ဘဝရှင်မင်းတရားကြီး ဖြစ်တော်မူသည့် မင်းတုန်းမင်းကြီး၏ မင်းဆရာတော်ဖြစ်လာခဲ့လေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## သီပေါမင်းလက်ထက် ထင်ရှားတဲ့ဝန်ကြီးမှူးကြီးတွေဟာ ဘယ်သူတွေလဲ

တိုင်းပြည်အုပ်ချုပ်သော မင်းဧကရာဇ်အဖို့ တိုင်းပြည်တိုးတက်ကြီးပွားရန် အေးချမ်းသာယာစေရန်အတွက် ပညာရှိဝန်ကြီး၊ မှူးကြီးတို့ကို ခန့်ထားရစမြဲ ဖြစ်သည်။ ဘုရင်၏ ခန့်ထားခြင်းခံရသော ဝန်ကြီးမှူးကြီးများအနေဖြင့်လည်း ဘုရင်အကျိုး၊ တိုင်းပြည်အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ရစမြဲ ဖြစ်၏။

ဤသို့ သီပေါမင်းလက်ထက်၌ ထင်ရှားသော ဝန်ကြီးမှူးကြီးတို့မှာ–

၁။ တိုင်တားမင်းကြီး

၂။ ရေနံချောင်းဝန်ကြီး

၃။ ကင်းဝန်မင်းကြီး

၄။ ရွှေပြည်ဝန်ကြီး

၅။ ခန်းပတ်ဝန်ကြီး

၆။ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီး

၇။ ဝက်မစွတ် ဝန်ထောက်မင်း

၈။ ယောအတွင်းဝန် ဦးဘိုးလှိုင်



စသူတို့ ဖြစ်ကြ၏။ ၎င်းတို့အပြင် အလားတူပညာရှိ မှူးကောင်းမတ်ကောင်းများလည်း အတော်များများ ကျန်ရှိနေပေသေးသည်။ ၎င်းတို့အနက် အချို့အချို့သော မှူးကြီးမတ်ကြီးများသည် ခမည်းတော်ဘဝရှင် မင်းတုန်းမင်းကြီး လက်ထက်က အမှုတော် ထမ်းဆောင်လာကြသည့် ပုဂ္ဂိုလ်ကြီးများလည်း ပါရှိကြသည်။

အချို့မှာ သီပေါမင်းလက်ထက်တွင်မှ ဘုရင့်အလိုကျ ချီးမြှောက် ခန့်အပ်ပေးထားသော မှူးကြီးမတ်ကြီးများ ဖြစ်ကြ၍ အရည်အချင်းနည်းပါးသော မှူးမတ်တော်တော်များများ ပါရှိနေကြောင်း အချို့ရာဇဝင်ဆရာတို့က ဆိုကြသည်။ ဤတွင် ရေနံချောင်းဝန်နှင့် ရွှေပြည်ဝန်ကြီးတို့မှာ ပညာရှိသူများ ဖြစ်ဝါလျက် သီပေါမင်းလက်ထက်တွင် အစဦးဆုံး ရာထူးမှ ချထားခံရပြီး ၁၂၄၁ ခုနှစ်တွင်လည်း ခန်းပတ်ဝန်ကြီးကို ရာထူးမှ နုတ်ပယ်ခဲ့ကြောင်း မှတ်သားရပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## သခင်ရယ်လို့ စတင်ဖြစ်လာအောင် တည်ဆောက်လိုက်တာ ဘယ်အဖွဲ့အစည်းလဲ

နယ်ချဲ့လက်အောက်ခံ ကိုလိုနီခေတ်၌ မြန်မာတို့၏ အမည်ရှေ့၌ သခင်စတင်ဖြစ်ပေါ်ရန် တည်ထောင်လိုက်သော အဖွဲ့အစည်းမှာ ၁၉၃၀ ပြည့်နှစ်၌ ဖွဲ့စည်းလိုက်သော 'တို့ဗမာအစည်းအရုံး' ပင် ဖြစ်၏။

သီချင်းရေးဆရာ ဝိုင်အမ်ဘီဆရာတင်သည် 'တို့ဗမာ' သီချင်းကို ကိုယ်တိုင်ရေးစပ် သီဆိုပြီးနောက် တို့ဗမာအစည်းအရုံး၏ ပထမဆုံး အမှုဆောင်အဖွဲ့ကို ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

ထိုအမှုဆောင်အဖွဲ့၌–

| | |
|---|---|
| သခင်ဘသောင်း | ဥက္ကဋ္ဌ |
| သခင်သိန်းမောင် | အတွင်းရေးမှူး |
| သခင်ဗတင် | အမှုဆောင် |
| သခင်ထွန်းရွှေ | အမှုဆောင် |
| သခင်ဟန် | အမှုဆောင် |
| သခင်လှဘော် | အမှုဆောင် |
| သခင်သိန်းဟန် | အမှုဆောင် |



တို့ ဖြစ်ကြပြီး ပထမဆုံး တို့ဗမာအစည်းအရုံး တည်ရာဌာနမှာ ဗဟန်းရေတာရှည် ခြံအမှတ် ၃၃ ရှိ သခင်ဘသောင်း၏အိမ် ဖြစ်လေသည်။

တို့ဗမာအစည်းအရုံးကြောင့် သခင်တပ်ခဲ့ရာ 'သခင်အစ ဘသောင်းက' ဟု တွင်ခဲ့ပြီး ပထမဆုံး သခင်အမည် ပြောင်းကြသူများမှာ သခင်ဘသောင်း၊ သခင်လှဘော်၊ သခင်သိန်းမောင်၊ သခင်ထွန်းရွှေ၊ သခင်သိန်းဟန်၊ သခင်တင်စိန်တို့ ဖြစ်ကြ၏။ သခင်အမည်မခံဘဲ ပါဝင်လုပ်ဆောင်နေကြသူများမှာ မောင်ဘချို၊ မောင်ဘခိုင်၊ မောင်စိန်၊ မောင်ရှိန်၊ မောင်စိုးခိုင်နှင့် သီချင်းရေးဆရာ ဝိုင်အမ်ဘီ ဆရာတင်တို့ ဖြစ်ကြ၏။

ထိုအဖွဲ့အစည်းသည် တဖြည်းဖြည်း ကျယ်ပြန့်လာပြီး တက္ကသိုလ်ကျောင်းသားများ၊ အလုပ်သမားများ၊ လူငယ်များပါ ပါဝင်ခဲ့ကြသည်။ ဦးနုနှင့် ကိုအောင်ဆန်းတို့သည် တက္ကသိုလ်မှ နောက်ဆုံးထွက်ခဲ့သည့်အခါ တို့ဗမာအစည်းအရုံး၌ အလုပ်အမှုဆောင်များ ဖြစ်လာခဲ့ကြသည်။ အစည်းအရုံးတွင် သခင်နုနှင့် သခင်အောင်ဆန်းအပြင် သခင်သန်းထွန်းကဲ့သို့သော လက်ဝဲသမားများလည်း ပါဝင်ခဲ့ကြသည်။ သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံး၏ အတွင်းရေးမှူးဖြစ်လာ၍ သခင်နုသည် ငွေထိန်းဖြစ်လာခဲ့၏။ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်လာသူများကိုလည်း သခင်အမည်ခံစေခဲ့၏။

□

www.burmeseclassic.com

www.burmeseclassic.com



## သီပေါမင်းလက်ထက် တိုင်းပြည်ကို ဌာနဘယ်နှခုထားပြီး ဖွဲ့စည်း အုပ်ချုပ်ခဲ့သလဲ

ကုန်းဘောင်ခေတ်၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်၌ နိုင်ငံအုပ်ချုပ်ပုံ စနစ်သစ်တို့မှာ အပိုင်းပိုင်းခွဲခြား၍ ဌာန (၁၄) ခု ထားရှိပြီး အုပ်ချုပ်ခဲ့သည်။ မျုးမတ်ပညာရှိများက အချင်းချင်း တိုင်ပင်ညှိနှိုင်း၍ သီပေါဘုရင်အားတင်ပြရာ ဘုရင်ကိုယ်တိုင် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်၏။ အဆိုပါ (၁၄) ဌာနမှ အောက်ပါအတိုင်းဖြစ်၏။

၁။ တရားရေးဌာန (တရားစီရင်မှုဆိုင်ရာ)

၂။ နိုင်ငံတော်အုပ်ချုပ်ရေးပိုင်းဆိုင်ရာဌာန

၃။ ဘဏ္ဍာရေးဌာန

၄။ အခွန်တော်ဌာန (အခွန်ကောက်ခံရေးဆိုင်ရာ)

၅။ ရာဇဝတ်မှုခင်းဆိုင်ရာဌာန

၆။ ကာကွယ်ရေးဆိုင်ရာ စစ်ဘက်ဌာန (ကြည်းတပ်)

၇။ ကုန်သန်းရောင်းဝယ်ရေးဌာန



၈။ ရေကြောင်းဘက်ဆိုင်ရာ ကာကွယ်ရေးဌာန (ရေတပ်)

၉။ နိုင်ငံခြားရေးဌာန
(နိုင်ငံခြား သံတမန်ဆက်သွယ်မှုနှင့် အထွေထွေနိုင်ငံခြားရေးဆိုင်ရာ)

၁၀။ နိုင်ငံသားအုပ်ချုပ်ရေးဌာန

၁၁။ လယ်ယာစိုက်မျိုးရေးနှင့် ဆည်မြောင်းဌာန

၁၂။ အလုပ်ဘက်ဌာန
(ယခုခေတ် အလုပ်သမားရေးရာဌာနသဘော)

၁၃။ စက်ရုံ၊ အလုပ်ရုံများဆိုင်ရာ အုပ်ချုပ်မှုဌာန
(စက်မှုလက်မှုဌာန)

၁၄။ သာသနာစည်ပင် သန့်ရှင်းရေးဘက်ဆိုင်ရာ သာသနာရေးဌာန

စသည်တို့ ဖြစ်ကြပြီး နေရာဌာနအလိုက် အကြီးအကဲများခန့်ထားလျက် အမှုထမ်းအရာထမ်း အသီးသီးတို့အား သူ့အဆင့်အလိုက် လစရိက္ခာများ ထုတ်ပေးပြီး အမှုတော်ကို ကျေပွန်အောင်ထမ်းရွက်စေခဲ့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## အနာမျိုး (၉၆) ပါးဆိုတာ ဘာတွေလဲ

ဘုရားရှိခိုးပြီး ဆုတောင်းသောအခါပဲဖြစ်ဖြစ်၊ လူကြီးမိဘ ဆရာသမားများက ဆုပေးသောအခါမှာဖြစ်ဖြစ်၊ 'အနာမျိုး ၉၆ ပါးမှ ကင်းလွတ်ရပါလို၏။ ကင်းလွတ်ပါစေ' ဆိုသည့် စကားကလေးကို ကြားနေရသည်။ သို့ဆိုလျှင် အနာမျိုး ၉၆ ပါးဆိုသည်မှာ ဘာတွေတဲ့နည်း။

သည့်အတွက် ဗဟုသုတဖြစ်ဖွယ်ရာအဖြစ် လေ့လာတင်ပြလိုက်ရပါသည်။ 'အနာမျိုး ၉၆ ပါးကား

(၁) ဖဝါးပူပါဒရက်နာ၊ (၂) ဘိန်းပြဲကိုယ်ရောင်နာ၊ (၃) ကုတ်ဟီးချောင်းဆိုးနာ၊ (၄) ဝက်ရူးနာ၊ (၅) ရူနာ၊ (၆) ဖက်သကပ်နာ၊ (၇) ကြို့ထိုးနာ၊ (၈) စိမ်ရေသင့်နာ၊ (၉) ကြွက်နို့နာ၊ (၁၀) ထွတ်မြင်းနာ၊ (၁၁) ခူကိုက်နာ၊ (၁၂) သနပတ်နာ၊ (၁၃) မှည့်နာ၊ (၁၄) တင်းတိပ်နာ၊ (၁၅) သင်းခွေချပ်နာ၊ (၁၆) မွေးညှင်းနာ၊ (၁၇) ရေယုန်နာ၊ (၁၈) အသားမာနာ၊ (၁၉) ကြက်လည်ပင်းကြီးနာ၊ (၂၀) အနဝမှောက်ခုံ၊ (၂၁) ရမ်းနမဲနာ၊ (၂၂) မွေးကျွတ်နာ၊ (၂၃) သွေးစုနာ၊ (၂၄) ဝက်ခြင်နာ၊ ဝက်ချုပ်နာ၊ (၂၅) တောင်စဉ်ခုနစ်ထပ်နာ၊ (၂၆) အနာပဆုပ်၊ (၂၇) ဆင်ကူလည် ပြတ်နာ၊ (၂၈) ဖွတ်သိုနာ၊ (၂၉) အနာသစ်ငုတ်၊ (၃၀) ရေရူနာ၊ (၃၁) အိုင်းနာ၊ (၃၂) အိုင်ငယ်ရေမြွေဆိပ်နာ၊ (၃၃) ခရုဘောနာ၊ (၃၄) သက်တံခေါင်းလျှိုနာ၊ (၃၅) သတပိုနာ၊ (၃၆) မြွေလက်ပတ်နာ၊ (၃၇) ဆံကျင်နာ၊ (၃၈) မှန်ကင်းနာ၊



(၃၉) အနာပတ္တမြား၊ (၄၀) မင်နာ၊ (၄၁) ဂရင်ဂျီအနာမီး၊ (၄၂) နဂါးပွက်နဂါဖုံးနာ၊ (၄၃) ရှေ့ဉ်ပွက်နာ၊ (၄၄) ကိန္နရာနာ၊ (၄၅) မုတ္တာကိတ်နာ၊ (၄၆) ထွက်နာ၊ ဝက်အူနာ၊ (၄၇) သရက်ကင်းနာ၊ (၄၈) အနာထွက်၊ (၄၉) အထင်ကလိနာ၊ (၅၀) မုက္ခစိုနာ၊ (၅၁) ကာလနာ၊ (၅၂) မြင်းသုရိက်ပိတ်ဝမ်းပျက်နာ၊ (၅၃) မျက်စိနာ၊ (၅၄) သွေးကျနာ၊ (၅၅) ခေါင်းခဲဦးယဉ်းနာ၊ (၅၆) အမူးနာ၊ (၅၇) နှလုံးသွေးနာ၊ (၅၈) တကျည်းနာ၊ (၅၉) ဂူနာ၊ (၆၀) ကျပ်သဖိနာ၊ (၆၁) မေစုန်သနပတ်နာ၊ (၆၂) သွေးပျက်နာ၊ (၆၃) နူနာ၊ (၆၄) ဝဲနာ၊ (၆၅) အင်ပြင်နာ၊ (၆၆) မြေပြုတ်ရုပ်နာ၊ (၆၇) သွေးကင်ပိန့်နာ၊ (၆၈) ဝက်ခမ်းနာ၊ (၆၉) လိင်ဆေးနာ၊ (၇၀) မုဿနာ၊ (၇၁) လေပူလောင်နာ၊ (၇၂) ရိစ္ဆနာ၊ (၇၃) ဆီးအောင့်နာ၊ (၇၄) အော့နာ၊ (၇၅) မြွေငန်းသွေးငန်းနာ၊ (၇၆) ဠူမ်းခိုက်နာ၊ (၇၇) သွေးမွှန်နာ၊ (၇၈) အတွင်းသွေးပျက်နာ၊ (၇၉) သွေးသဖုံးနာ၊ (၈၀) ကလမ္ဘနာ၊ (၈၁) နို့ယဉ်နာ၊ (၈၂) ကျဗဟုံးကြက်ညှာနာ၊ (၈၃) နို့မြွေသူငယ်နာ၊ (၈၄) ကျောက်နာ၊ (၈၅) ဝက်သက်နာ၊ (၈၆) မီးယပ်နာ၊ (၈၇) မြူနာ၊ (၈၈) မြေသလိပ်နာ၊ (၈၉) သည်းခြေနာ၊ (၉၀) လေနာ၊ (၉၁) တုတ်သံနာ၊ (၉၂) ဒူလာသရောသွေးသွန်နာ (၉၃) ဥတုယာဉ်ငယ်မန်းနာ၊ (၉၄) ပယောဂနာ၊ (၉၅) လောဘ, ဒေါသ, မောဟနှင့် ယှဉ်သောအနာ (၉၆) ကိလေသာနှင့် ယှဉ်သောအနာ --

စသည်တို့ ဖြစ်ကြပါကြောင်း။

❐

www.burmeseclassic.com

www.burmeseclassic.com



## အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း နတ်တွေဆိုတာ ဘာတွေတဲ့လဲ

မိမိတို့ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံဖြစ်သကဲ့သို့ မည်သူမဆို မိမိတို့ ယုံကြည်ရာ လွတ်လပ်စွာ ကိုးကွယ်ခွင့် ရရှိနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဤသို့ နတ်ကိုးကွယ်ကြသူများ၏ လက်သုံးစကားများ၌ အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း ဆိုသည် ဝေါဟာရသည် တွင်ကျယ်လျက်ရှိ၍ ၎င်းတို့မှာ ဘာတွေဖြစ်ကြသည် ဆိုခြင်းကိုမူ တိကျသေချာစွာ ပြောနိုင်သူမှာ နည်းလှ၏။ သည့်အတွက် စာအုပ်စာပေများမှ လေ့လာပြီး တိကျစွာ တင်ပြလိုက်ပါသည်။ အတွင်း(၃၇) မင်းမှာ–

(၁) သိကြား၊ (၂) ဓတရဋ္ဌ၊ (၃) ဝိရူဠှက၊ (၄) ဝိရူပက္ခ၊ (၅) ကုဝေရ၊ (၆) ဇမ္ဗူဒီပ၊ (၇) ဇမ္ဗူတတ်ဆိပ်၊ (၈) ဇမ္ဗူချမ်းသာ၊ (၉) ဇမ္ဗူကြက်သရေ၊ (၁၀) ဇမ္ဗူသပြေ၊ (၁၁) ဇမ္ဗူတာန်ဆောင်၊ (၁၂) ဇမ္ဗူတာမွတ်၊ (၁၃) ဇမ္ဗူရန်အောင်၊ (၁၄) ရွှေသက်စိုး၊ (၁၅) ဗျာသ်ဂီ၊ (၁၆) မဟောသရ၊ (၁၇) ရွှေပြည်သင်၊ (၁၈) ရွှေညီသင်၊ (၁၉) ရွှေစကား၊ (၂၀) ပွဲစားကြီး၊ (၂၁) ခရားပင့်စောင့်၊ (၂၂) အင်ကြင်းပင်စောင့်၊ (၂၃) ယင်နှင်၊ (၂၄) အာဠဝက၊ (၂၅) ကြေးစန္ဒီ၊ (၂၆) ကြေ့ာစန္ဒီ၊ (၂၇) ဆင်ဖြူရှင်၊ (၂၈) ဆွေ့ယ်သင်၊ (၂၉) ဖက်ပသင်၊ (၃၀) မြင်းဖြူရှင်၊ (၃၁) မာရ်နတ်၊ (၃၂) မန်ကျည်းပင်စောင့်၊ (၃၃) သူရဿတီ၊ (၃၄) ငွေ့ယ်သင်၊ (၃၅) ထိုသင်းကြီး၊ (၃၆) မဟာပိန္နဲ၊ (၃၇) ရွှေမြို့ရှင် စသည်တို့ ဖြစ်ကြသည်။)



အပြင် (၃၇) မင်းကား–

(၁) မဟာဂီရိ၊ (၂) တောင်ကြီးရှင်၊ (၃) ရွှေနပေ၊ (၄) သုံးပန်လှ၊ (၅) မင်းခေါင်ကြီး၊ (၆) မင်းတရားကြီး၊ (၇) သံတော်ခံ၊ (၈) ရွှေနော်ရထာ၊ (၉) အောင်စွာမကြီး၊ (၁၀) ငါးစီးရှင်၊ (၁၁) ဆင်ဖြူရှင်၊ (၁၂) တောင်မကြီး၊ (၁၃) မြောက်မင်းရှင်ဖြူ၊ (၁၄) ရှင်တော်၊ (၁၅) ညောင်ချင်းအို၊ (၁၆) တပင်ရွှေထီး၊ (၁၇) မင်းရဲအောင်ထင်၊ (၁၈) ရွှေစစ်သင်၊ (၁၉) မောင်ပိုးတူ၊ (၂၀) မယ်တော်ရွှေစကား၊ (၂၁) ယွန်းဘုရင်၊ (၂၂) မောင်မင်းဖြူ၊ (၂၃) မန္တလေးဘိုးတော်ကြီး၊ (၂၄) ရွှေဖျဉ်းကြီး၊ (၂၅) ရွှေဖျဉ်းငယ်၊ (၂၆) မင်းသားမောင်ရှင်၊ (၂၇) ထီးဖြူဆောင်း၊ (၂၈) သားတော်မင်းခေါင်၊ (၂၉) မယ်တော်ရွှေအိမ်စီ၊ (၃၀) မင်းစည်သူ၊ (၃၁) ဘိုးမင်းကျော်၊ (၃၂) မြောက်ဘက်ရှင်မ၊ (၃၃) အနောက်မိဖုရား၊ (၃၄) ရှင်ကုန်း၊ (၃၅) ရှင်ကွ၊ (၃၆) ရှင်နဲမိ၊ (၃၇) ကိုးကျောင်းတကာ–

စသည်တို့ ဖြစ်ကြသည်။ (မြန်မာ့စွယ်စုံကျမ်း၌ ၁၂၁၈ ခုနှစ်၊ မန္တလေးရတနာပုံ ပထမမြို့တည် နန်းတည်အခါတော်တွင် ပသပူဇော်ရန် ဒီပဲယင်းဆရာတော်၊ စံကျောင်းဆရာတော် စသော ဆရာတော်ကြီး နှစ်ပါးနှင့် သတိုးမင်းကြီး မဟာမင်းလှစည်သူ စသော ပညာရှိ ၁၃ ဦးစီမံထားသော 'မန္တလေး ရွှေမြို့တော်တည်စာတမ်း' လာစာရင်းဟု ဖော်ပြထားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားနေ့ဖြစ်ပေါ်လာဖို့ အဆိုတင်သွင်းခဲ့သူဟာ ဘယ်သူဖြစ်သလဲ

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့ကို ရောက်လျှင် အမျိုးသားနေ့အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုတင်သွင်းသူမှာ သပိတ်မှောက်ကျောင်းသား ၁၁ ဦးအနက်မှ တစ်ဦးဖြစ်သူ နေရှင်နယ် ဦးမြင့် ဖြစ်သည်။

ရန်ကုန်ကောလိပ်ကျောင်းသားများက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ပထမ ကျောင်းသားသပိတ်ကြီးကို စတင်လိုက်သည်။ အဆိုပါကျောင်းသား သပိတ်ကြီးသည် မြန်မာနိုင်ငံတော်၏ အမျိုးသားလွတ်လပ်ရေးနှင့် နယ်ချဲ့တိုက်ပွဲအဖြစ် သမိုင်းဝင်ခဲ့သည်။ သပိတ်မှောက်ကောင်စီကို ကျောင်းသားကြီး ၂၆ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

အဓိကခေါင်းဆောင် ၁၁ ဦးမှာ ဦးဘဦး၊ ဦးဖိုးကွန်း၊ ဦးဘရှင်၊ ဦးညီပိတ်၊ ဦးအေး၊ ဦးလှတင်၊ ဦးဖေသိန်း၊ ဦးထွန်းဝင်း၊ ဦးဘခင်၊ ဦးအောင်ဒင်၊ ဦးဘရှင် (ထားဝယ်)တို့ ဖြစ်ကြ၏။ ရန်ကုန်ကော လိပ်မှ ကျောင်းသားများသည် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့ ညနေတွင် ရွှေတိဂုံစေတီတော်ကြီး၏အနီး ဦးအရိယ ကျောင်းတွင် သပိတ်စခန်းကို ဖွင့်ခဲ့ကြသည်။

ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်ကို မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပြီး၊ ယင်းကွန်ဖရင့်တွင် 'အမျိုးသားနေ့' သတ်မှတ်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ဤတွင် သူရိယသတင်းစာ ဦးတုတ်ကြီးမှ သီပေါမင်းပါတော်မူသောနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အဆိုပြုသည်။ ပျဉ်းမနား (ယခု နေပြည်တော်ပျဉ်းမနား)မှ ဆရာဒွေးသည် နယ်ချဲ့ဆန့်ကျင်ရေးတွင် ဦးဆောင်မှုပြုခဲ့သော ဆရာတော် ဦးဥတ္တမ ထောင်ချခံခဲ့ရသောနေ့ကို အမျိုးသားနေ့သတ်မှတ်ရန် အကြံပြုခဲ့သည်။ ရန်ကုန်ကောလိပ်ကျောင်း သပိတ်မှောက်ကိုယ်စားလှယ်အဖြစ် မြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်ကို တက်ရောက်ခဲ့သော ကျောင်းသားကိုယ်စားလှယ် ဦးမြင့်က အဆိုတစ်ခုတင်ပြရာတွင် 'ပါတော်မူနေ့'၊ ထောင်ကျနေ့များသည် အမင်္ဂလာနေ့၊ မြန်မာနိုင်ငံသားတို့ ရှုံးနိမ့်ရသောနေ့များဖြစ်ကြောင်း၊ ပထမအကြိမ် ကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနိုးကြားလာစေကြောင်း ဝံသာနုရက္ခိတ တရားများလည်း ထွန်းကားလာခဲ့ကြောင်း၊ တစ်မျိုးသားလုံးလည်း ညီညွတ်ခဲ့ကြကြောင်း သို့ဖြစ်ပါ၍ ပထမကျောင်းသားများ သပိတ်မှောက်သောနေ့ကို 'အမျိုးသားနေ့'အဖြစ် ရွေးချယ်သင့်ပါကြောင်း အဆိုတင်သွင်းခဲ့ပါသည်။

ကိုယ်စားလှယ်အားလုံးတို့က ဦးမြင့်၏ အဆိုကို တစ်ခဲနက်ထောက်ခံကြလေသည်။ သို့ဖြစ်၍ ဦးမြင့်တင်ပြသော တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့သည် အမျိုးသားနေ့အဖြစ် သမိုင်းတွင် ရစ်ခဲ့တော့သည်။

ပထမဦးဆုံး အမျိုးသားနေ့ (နေရှင်နယ်ဒေး) ကို စည်းရုံးလှုံ့ဆော်ခဲ့သော ဦးမြင့်လည်း 'နေရှင်နယ်ဦးမြင့်' ဦး၍ အမည်တွင်သွားခဲ့ပါတော့၏။

❐

www.burmeseclassic.com

www.burmeseclassic.com

## အရိယာဝိဇ္ဇာလမ်း ပေါက်ရောက်ထမြောက်ဖို့ ဘယ်အင်္ဂါတွေလိုသလဲ

အရိယာဝိဇ္ဇာလမ်း ပေါက်ရောက်ထမြောက်ဖို့ရာအတွက် အင်္ဂါရပ် (၅) ရပ်နှင့် ကိုက်ညီဖို့လိုအပ်ကြောင်း ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ၎င်း၏ 'ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း' တွင် ဖော်ပြထားသည်ကို ကောက်နုတ် တင်ပြရလျှင်

**၁။ ဘုရား၌ ယုံကြည်ခြင်းအင်္ဂါတစ်မျိုး**

– မြတ်စွာဘုရားရှင်၏ အဟုတ်အမှန် ထိုးထွင်းသော ဉာဏ်တော်အား အပြည့်အဝ ယုံကြည်မှု ရှိရပါမည်။

**၂။ ကိုယ်လက်အင်္ဂါ ကျန်းမာကြံ့ခိုင်ခြင်း အင်္ဂါတစ်ပါး**

– အရိယာဝိဇ္ဇာလမ်း ဆုံးခန်းတိုင်ရောက် ထမြောက်သည့်တိုင်အောင် အနာရောဂါကင်းရှင်းဖို့ လိုပါသည်။

**၃။ ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်း' အင်္ဂါတစ်ပါး**

– မိမိ၏ စိတ်သန္တာန်၌ရှိသော မကောင်းသောအမူအရာ အကြံအစည် ဝါသနာစရိုက်၊ ကောင်းသောအမူအရာ၊ အကြံအစည်၊ ဝါသနာစရိုက်တို့ မထိမ်မချန် ဖြောင့်မှန်စွာ သိထားရပါသည်။ ဖြောင့်ဖြူးဖြူစင်သော စိတ်နှလုံးရှိရပါမည်။

**၄။ ဝီရိယထက်သန်ခြင်း အင်္ဂါတစ်ပါး**

မိမိသန္တာန်ရှိသမျှသော အဝိဇ္ဇာ၊ တဏှာအစရှိသည့်



အကုသိုလ်တရားတို့ကို ယခုဘဝ နေ့ချင်း၊ ညချင်း သမုစ္ဆေဒပဟာန်ဖြင့် အကုန်အစင် ပယ်ဖြတ်ခြင်းငှာ ကာမကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာ ကုသိုလ် တို့ကို ရပြီးရောက်ပြီး ဖြစ်စေခြင်းငှာ စိတ်စွမ်း၊ ကိုယ်စွမ်း၊ ဝီရိယစွမ်း အလွန်ထက်သန်စွာဖြင့် မဂ်စခန်း၊ ဖိုလ်စခန်းသို့ မဆိုက်ရောက်သမျှ ကာလပတ်လုံး မလျှော့သောလုံ့လ၊ မလျှော့သော ဝီရိယနှင့် ပြည့်စုံဖို့လိုပါသည်။

**၅။ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပွားမှု ချုပ်ကွယ်မှုတို့၌ ဉာဏ်၏ စူးစမ်းခြင်း အင်္ဂါတစ်ပါး**

– ရုပ်ခဲ၊ နာမ်ခဲတို့ကို ရက်ရက်ရဲရဲ ဝက်ဝက်ခွဲနိုင်သည့် အစွမ်းရှိသော၊ ဝဋ်ဒုက္ခအပေါင်းတို့ လုံးဝဥဿုံ ကင်းစင်ရာ စခန်းသို့ မတွေ့မကောက် ဖြောင့်တန်းစွာ ဆိုက်ရောက်စေနိုင်သော ဉာဏ်အထူးနှင့် ပြည့်စုံဖို့ လို၏။

(အဆိုပါ အင်္ဂါရပ်များအနက် နောက်ဆုံးအင်္ဂါရပ်သည် တိဟိတ်ပုဂ္ဂိုလ်တို့၌သာ ရထိုက်သော အင်္ဂါဖြစ်၏။ အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့နှင့် ထိုက်တန်သော အင်္ဂါမဟုတ်။ ဤအင်္ဂါနှင့် ပြည့်စုံသောသူသာလျှင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ချေ၏။) အဆိုပါ အင်္ဂါငါးပါးအား 'ပဓာနိယင်္ဂတရားငါးပါး' ဟူလည်း ဆိုကြလေ၏။

□

www.burmeseclassic.com

www.burmeseclassic.com



## အရုဏ်တက်တာ ဘယ်လတွေမှာ ဘယ်အချိန်လဲ

မိမိတို့ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် အရုဏ်တက်ချိန်ကို လွန်စွာမှ အလေးထားကြပါသည်။ အထူးသဖြင့် သာသနာ့အကျိုး ထမ်းရွက်သယ်ပိုးနေကြသည့် ရဟန်းသံဃာတော်များဆိုလျှင် ပို၍ပင် အလေးထားကြပါ၏။ ဤသို့ အရုဏ်တက်ချိန်ကို နံနက် (၄း၀၀) နာရီဟု ထင်မှတ် နေတတ်ကြပါသည်။ တကယ်တော့ မဟုတ်ပါ။ တစ်လနှင့်တစ်လ၊ တစ်ရာသီနှင့် တစ်ရာသီဆိုသည်မှာ နေ့တာတိုခြင်း၊ ရှည်ခြင်းများ ရှိနေကြပါသည်။ သည့်အတွက် အရုဏ်တက်ချိန်အတိအကျကို လေ့လာရှာဖွေ ဖော်ပြလိုက်ပါသည်။

၁။ တန်ခူးလ၌
(၅း၃၆) နာရီတွင် အရုဏ်တက်၏။
၂။ ကဆုန်လ၌
(၅း၂၆) နာရီတွင် အရုဏ်တက်၏။



၃။ နယုန်လ၌
(၅း၁၆) နာရီတွင် အရုဏ်တက်၏။
၄။ ဝါဆိုလ၌
(၅း၀၆) နာရီတွင် အရုဏ်တက်၏။
၅။ ဝါခေါင်လ၌
(၅း၁၆) နာရီတွင် အရုဏ်တက်၏။
၆။ တော်သလင်းလ၌
(၅း၂၆) နာရီတွင် အရုဏ်တက်၏။
၇။ သီတင်းကျွတ်လ၌
(၅း၃၆) နာရီတွင် အရုဏ်တက်၏။
၈။ တန်ဆောင်မုန်းလ၌
(၅း၄၆) နာရီတွင် အရုဏ်တက်၏။
၉။ နတ်တော်လ၌
(၅း၅၆) နာရီတွင် အရုဏ်တက်၏။
၁၀။ ပြာသိုလ၌
(၆း၀၆) မိနစ်တွင် ရုဏ်တက်၏။
၁၁။ တပို့တွဲလ၌
(၅း၅၆) နာရီတွင် အရုဏ်တက်၏။
၁၂။ တပေါင်းလ၌
(၅း၄၆) နာရီတွင် အရုဏ်တက်၏။

❒

www.burmeseclassic.com

www.burmeseclassic.com



## အလောင်းမင်းတရားကြီး လက်ထက်က ကျမ်းပြုပညာရှင် စာဆိုတော်တွေဟာ ဘယ်သူတွေပါလဲ

ကုန်းဘောင်ခေတ် အလောင်းမင်းကြီးကား တတိယအကြိမ် မြန်မာနိုင်ငံတော်အား စုစည်းတည်ဆောက်နိုင်ခဲ့သည့် ဘုန်းလက်ရုံးရှိသည့် မင်းကောင်းမင်းမြတ်တစ်ဦး ဖြစ်၏။ အလောင်းမင်းတရားကြီး၏ လက်ထက်တွင် စာပေကျမ်းဂန်များ ဖွံ့ဖြိုးရှင်သန်တိုးတက်ရေးအတွက် ကျမ်းပြုပညာရှင် စာဆိုတော်တို့အား တာဝန်ပေးခဲ့၏။ ထိုကျမ်းပြုပညာရှင် စာဆိုတော်တို့မှာ အမတ်ကြီး မဟာသီရိဥတ္တမဇေယျသင်္ကြံ၊ အမတ်တရားသူကြီး လက်ဝဲဘိနန္ဒသူ၊ စစ်သူကြီးရန်အောင်ဗလအမတ်၊ စိန္တကျော်သူဦးဩ၊ လက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီးဦးမြတ်စံတို့ ဖြစ်ကြ၏။

၁။ အမတ်ကြီးမဟာသီရိဥတ္တမဇေယျ သင်္ကြံသည် ပါဠိဘာသာ၊ သက္ကတဘာသာများဖြင့် ရှိနေသော မနုကျယ်ဓမ္မသတ်ကျမ်းကို မြန်မာစကားပြေသက်သက်ဖြင့် ပြန်ဆိုရေးသားပြုစုခဲ့၏။

၂။ အမတ်တရားသူကြီး လက်ဝဲဘိနန္ဒသူသည် အလောင်းမင်းတရားကြီးလက်ထက် တရားဓမ္မ သတ်ဖြတ်ထုံးများဖြင့် အမှုတော်များကို ထမ်းရွက်ရင်း 'ဓမ္မဝိနိစ္ဆယ' ဖြတ်ထုံးကျမ်းကို ပြုစုရေးသားခဲ့၏။



၃။ စစ်သူကြီးရန်အောင်ဗလ အမတ်သည် တန်ဆာပွတ္တိ ဉာဏ်ကောင်းသူဖြစ်၍ လက်တန်းကဗျာစာပေတို့ကို စပ်ဆိုနိုင်သူဖြစ်၏။ သို့ရာတွင် ပြုစုခဲ့သော ကျမ်းမှာမူ မတွေ့ရှိရ။

၄။ စိန္တကျော်သူဦးဩကား 'ကဝိလက္ခဏာ သတ်ပုံကျမ်း' ကို ရေးသားပြုစုခဲ့၏။ ထိုကျမ်းကို ယခုကာလတိုင် ပညာရှင်များအနေဖြင့် မှီငြမ်းကိုးကား လက်ကိုင်ထားနေကြဆဲ ဖြစ်၏။ ထို့ပြင် စိန္တကျော်သူဦးဩသည် ရတနာသိခ်ကန်တော် ဘွဲ့ရတုနှင့် အခြားအခြားသော ချင်းလင်္ကာ၊ ကဗျာရတုများစွာကိုလည်း ရေးသားပြုစုခဲ့၏။

၅။ လက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီး ဦးမြတ်စံကား အာဒါသမုခပျို့၊ သေနင်္ဂဗျူဟာပျို့၊ သာမိနပျို့ အစရှိ~~ာ ကျမ်းကြီးများအပြင် နောင်အခါ မဲဇာတောင်ခြေ ပိုဒ် စုံရတု၊ ဝေဠုန်းစန္ဒာရတုတို့ဖြင့် ထင်ရှားကျော်ကြားခဲ့၏။

ဤကဲ့သို့ စာဆိုပညာရှင်ကြီးများဖြင့် စာပေအကျိုးတိုးပွားစေလိုသော အလောင်းမင်းတရားကြီးသည် ၁၁၂၂ ခုနှစ်၊ နန်းသက် ၈ နှစ်၊ လူသက် ၄၆ နှစ်၌ သထုံနယ်ကင်းရွာ၌ နတ်ရွာစံကံတော်ကုန်ခဲ့၏။

❐

www.burmeseclassic.com

www.burmeseclassic.com



## အမတ်ကြီးဦးပေါ်ဦး၊ လယ်တီပဏ္ဍိတဦးမောင်ကြီးနဲ့ ရွှေစကြာဦးစိုးမြင့်တို့ သေတမ်းစာ ဘယ်လိုရေးခဲ့ကြသလဲ

သေတမ်းစာ (သေတမ်းစကား)နှင့် စပ်လျဉ်း၍ မြန်မာအဘိဓာန်ကျမ်းက 'မိမိဆန္ဒအတိုင်း ဆောင်ရွက်ရန် မကွယ်လွန်မီက ရေးသားထားသည့် စာ (စကား)'ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

လူမှန်သမျှ တစ်နေ့နေ့ တစ်ချိန်ချိန်ကျ သေဆုံးရမည့် ဇကန်ဖြစ်၏။ ဤသို့ 'သေဆုံးခဲ့သည်ရှိသော် ကျန်ရစ်သူတို့အနေဖြင့် သေဆုံးသူမှာကြားခဲ့သမျှကို ဖြစ်မြောက်အောင် စွမ်းဆောင်ပေးရလေသည်။ အထူးသဖြင့် အမွေခွဲဝေမှုပိုင်းဆိုင်ရာ ဖြစ်၏။ ဤသို့ သေတမ်းစာသည် အနောက်တိုင်းအတွက် ဥပဒေသဘောဝင်သော်လည်း မိမိတို့ မြန်မာ့စီရင်ထုံးအနေနှင့်မူ သေတမ်းစာသည် အကျိုးမဝင်သကဲ့သို့ ဖြစ်နေ၏။ အမွေခွဲဝေမှု မဟုတ်ဘဲ ဆုံးမဩဝါဒပေးမှု၊ မှာကြားစရာရှိသည်တို့ကိုမူ သေတမ်းစာနှင့်အညီ လုပ်ဆောင်နိုင်ပါသည်။ ဤတွင် အမတ်ကြီးဦးပေါ်ဦး၊ လယ်တီပဏ္ဍိတဦးမောင်ကြီးနှင့် ရွှေစကြာဦးစိုးမြင့်တို့ ရေးခဲ့သော သေတမ်းစာများမှာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် တင်ပြလိုက်ပါသည်။

ဘိုးတော်ဘုရားလက်ထက်က ထင်ရှားကျော်ကြားခဲ့သော အမတ်ကြီး ဦးပေါ်ဦးက သေတမ်းစာတွင် သူကွယ်လွန်သော အခါ–



၁။ လက်ယာဘက်လက်ဖဝါးကို အခေါင်းတလားအပြင်သို့ ဖောက်၍ ထုတ်ပေးထားရန်

၂။ အဆိုပါလက်ဖဝါး ကားကားဖောင်းသော်သဂြိုဟ်ရန်

ဟူ၍ ရေးခဲ့ပါသည်။ မြန်မာစာပေပညာရှိတစ်ဦးဖြစ်သော လယ်တီပဏ္ဍိတဦးမောင်ကြီးကမူ သူကွယ်လွန်သည့်အခါ–

၁။ ကရဝိက်ဖောင်ဖြင့် သဂြိုဟ်ရန်

၂။ သလ္လာဝတီမြစ်သောင်ပြင်သဲခုံပေါ်တွင် သဂြိုဟ်ရန်

၃။ အရိုးမှုမကျန် အမှုန့်ကျအောင် မီးရှို့ရန်

၄။ မသာပို့သူများ အဝတ်ဆင်တူဝတ်နိုင်လျှင် ဝတ်ရန်

ဟူ၍ ရေးသားခဲ့ပါသည်။ ရာဇဝင်ဝတ္ထုကြီးများ ရေးသားရာ၌ သူမတူအောင် ထူးချွန်လှသော စာရေးဆရာကြီး ရွှေစကြာဦးစိုးမြင့်ဆိုလျှင် ၎င်းကွယ်လွန်သည့် အခါ၌

၁။ ကွယ်လွန်သူ၏ ရုပ်ကလာပ်အလောင်းကို တန်ဆာမဆင်ဘဲ ဖျာလိပ်ဖြင့် ဖြစ်စေ၊ ဂုန်နီအိတ်ဖြင့် ဖြစ်စေ၊ သို့မဟုတ် ခွေးသေကောင်ပုပ်ကို ဆွဲချသကဲ့သို့ပြင်းစွာ မသာချမှုပြုလုပ်ရန်

၂။ သူ့အား မကြာမကြာ ဆွမ်းသွတ်၍ အမျှဝေပေးရန်

၃။ ဆွမ်းသွတ်သည့်အခါ 'ပုဂ္ဂလိကဒါန' အဖြစ် မဟုတ်ဘဲ 'သံဃိကဒါန'အဖြစ် လှူဒါန်းကာ အမျှပေးဝေရန်

စသည့် သေတမ်းစာကို ရေးသားခဲ့ပါကြောင်း။

❐

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂလိပ်ခေတ်က အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ လူပညာရှိ ငါးဦးဟာ ဘယ်သူတွေတဲ့လဲ

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ဆိုသည်မှာ ရှေးခေတ် ဆရာတော် သံဃာတော်များအဖို့ သာသနာတော်တွင် အမြင့်ဆုံးဘွဲ့ဖြစ်၍ အလွန်ရနိုင်ခဲသော ဘွဲ့လည်းဖြစ်၏။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာခြင်း စသော အရည်အချင်းကို အင်္ဂလိပ်ခေတ်တွင် အင်္ဂါခုနှစ်ရပ်တို့နှင့် ညီညွတ်ပြည့်စုံ၍ ပိဋကတ္တယဓရ (ပိဋကတ်သုံးပုံ၌ ကျွမ်းကျင်လိမ္မာသူ)၊ ပရိယတ္တိဝိသာရဒ (စာပေ ပရိယတ်ဘက်၌ ရဲရဲတောက် တတ်ကျွမ်းသူ)၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တဖြစ်သည့် ဆရာတော်ကြီးများသာ အဂ္ဂမဟာပဏ္ဍိတ မြင့်မြတ်ကြီးကျယ်သော ပညာရှိဘွဲ့ကို ရရှိတော်မူနိုင်ကြပါသည်။

မြန်မာအဘိဓာန်အကျဉ်း၌ အဂ္ဂမဟာပဏ္ဍိတကို

"အကျင့်သိက္ခာနှင့် ပြည့်စုံ၍ ပိဋကတ်ကျမ်းတတ်၊ ကျွမ်းပြုပုဂ္ဂိုလ်များကို ကြီးမြတ်သော ပညာရှိအဖြစ် နိုင်ငံတော်အစိုးရက ဆက်ကပ်အပ်နှင်းသည့် ဘွဲ့တံဆိပ်"

ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါ၏။ အဆိုပါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ခရစ်နှစ် ၁၉၁၅ ခုနှစ်တွင် အင်္ဂလိပ် လက်ထက်၌ စတင်ပေးအပ်ခဲ့ရာ ယခုဆိုလျှင် သက်တမ်းတစ်ရာဝန်းကျင်သို့ ရောက်ရှိပါတော့မည်။ ပထမဆုံး ဆရာတော်များတွင် သာသနာတော်၌ ထင်ရှားတော်မူကြသော လယ်တီဆရာတော်



ဘုရားကြီး၊ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးတို့ ပါဝင်ကြ၏။ အင်္ဂလိပ်ခေတ် ၁၉၁၅ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်း အဂ္ဂမဟာပဏ္ဍိတဘွဲ့အား ဆရာတော်ကြီး ၈၉ ပါးနှင့် လူပညာရှိငါးဦးတို့ကို ဆက်ကပ်ခဲ့ပါသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်ကြီးကြောင့် ဘွဲ့ဆက်ကပ်မှု ဆယ်နှစ် ရပ်ဆိုင်းသွားခဲ့ရ၏။ လွတ်လပ်ရေးရပြီးနောက် ဖ-ဆ-ပ-လ အစိုးရလက်ထက် ၁၉၅၃ ခုနှစ်မှ ပြန်လည်၍ ဆက်ကပ်အပ်နှင်းခဲ့၏။

ရဟန်းတော်များပင်လျှင် အဆိုပါဘွဲ့တံဆိပ်တော်ကို ရရန်ခက်ခဲသည့်ကြားမှ လူပညာရှိ ငါးဦးအား ဆက်ကပ်ခဲ့သည်မှာ ထူးခြားလွန်း၍ အံ့သြဖွယ်ပင်ကောင်းလှပါ၏။ အဆိုပါဘွဲ့ရခဲ့သည့် လူပညာရှိ ငါးဦးတို့မှာလည်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ရရှိထိုက်သည့် ပညာရှင်များ အစစ်အမှန် ဖြစ်ကြပါ၏။

ထို့ကြောင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ထိုလူပညာရှိငါးဦးအား ဖော်ပြရပါလျှင်

၁။ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးဖြေ

၂။ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးအုန်းညွန့်

၃။ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်း

၄။ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးမြို့

၅။ အဂ္ဂမဟာပဏ္ဍိတ မွန်ပညာရှိဆရာကြီး ဦးရွှေ[illegible]တို့ ဖြစ်ကြပါကြောင်း။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဦးသန့်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဘယ်တုန်းက စပြီး အစမ်းခန့်အပ်ခဲ့တာလဲ

မြန်မာနိုင်ငံသား စစ်စစ်ဖြစ်သော ဦးသန့်ကို ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် (အစမ်းခန့်)အဖြစ် စတင်ခန့်အပ်ခဲ့သည်။ ၃၀-၁၁-၁၉၆၂ ရက်နေ့ ရောက်သောအခါ အတည်ပြုခန့်အပ်ခဲ့ပါသည်။

ဦးသန့်သည် ထိုစဉ်က ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ သူသည် တတိယမြောက်ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ပြီး ပထမ ၅ နှစ် သက်တမ်းကုန်းဆုံးသွားပြီးနောက် ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒုတိယ ၅ နှစ်သက်တမ်းအတွက် ထပ်မံခန့်အပ်ခြင်းခံရပြန်ပါသည်။ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ရောက်လေမှ အထွေထွေ အတွင်းရေးမှူးချုပ်ရာထူးမှ အငြိမ်းစားယူခဲ့သည်။



ဦးသန့်ကို ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဧရာဝတီတိုင်း ပန်းတနော်မြို့၌ ဦးဘိုးနှစ်၊ ဒေါ်နန်းသောင်တို့မှ ဖွားမြင်ခဲ့၏။ ၁၉၂၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်း အောင်မြင်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ်၌ အထက်တန်းဆရာအဖြစ် စာမေးပွဲအောင်မြင်ကာ အထက်တန်းပြဆရာ ဖြစ်လာခဲ့သည်။ ထို့နောက် ပန်းတနော်အထက်တန်းကျောင်းအုပ်၊ ဖဆပလပြန်ကြားရေးအရာရှိ၊ မြန်မာနိုင်ငံရုပ်ရှင်၊ အကယ်ဒမီရွေးချယ်ရေးအဖွဲ့ဝင်၊ ဝန်ကြီးချုပ်ရုံး စီမံကိန်းအတွင်းဝန်၊ မြန်မာ့သမိုင်းကော်မရှင်အဖွဲ့ဝင် စသော တာဝန်များကို ထမ်းဆောင်ခဲ့၏။ ၁၉၅၇ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းသံအမတ်ကြီး ဖြစ်လာခဲ့သည်။

ဦးသန့်သည် ဝဏ္ဏကျော်ထင်ဘွဲ့၊ သီရိပျံချီဘွဲ့နှင့် မဟာသရေစည်သူဘွဲ့များအပြင် ယူဂိုဆလားဗီးယားသမ္မတ မာရှယ်တီတိုး၏ Yugoslav Banner ဘွဲ့ကို ရရှိခဲ့သည်။ ထို့အပြင် နိုင်ငံအသီးသီးမှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ၁၇ ဘွဲ့ကိုလည်း ရရှိခဲ့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



# ဥပါသကာ စစ်စစ်ဖြစ်ဖို့ ဘယ်လိုအရည်အချင်းတွေ လိုအပ်သလဲ

ဥပါသကာဟူသည် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်ပေးရသူ ဖြစ်၏။ ဘုရားလှူကြီး၊ ဓမ္မာရုံလှူကြီး၊ ဆွမ်းလောင်းအသင်းလူကြီး၊ တရားပွဲများကို ဦးဆောင်ကျင်းပသော လူကြီးတို့မှာလည်း သာသနာ့အကျိုးတော်ဆောင် ဥပါသကာပင် ဖြစ်ပါသည်။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ စသော ရတနာသုံးပါး၏ ဝေယျာဝစ္စများကို ဆောင်ရွက်ကာ ကိုယ်ကျင့်သီလကို စောင့်ထိန်းကြသည်မို့ ဥပါသကာစစ်စစ် ဖြစ်မြောက်ရန် မလွယ်ပါ။ ဥပါသကာစစ်စစ် ဖြစ်မြောက်ရန်အတွက် အောက်ပါအင်္ဂါအရည်အချင်း (၁၀) ချက်နှင့် ပြည့်စုံရန် လိုအပ်ပါသည်။ ၎င်းတို့မှာ–

၁။ ဘုရားသားတော် ရဟန်းသံဃာတော်များနှင့် အတူဆင်းရဲချမ်းသာ မျှဝေခံစားနိုင်သူဖြစ်ခြင်း၊

၂။ ဗုဒ္ဓတရားတော်အတိုင်းသာ အလေးထား ဆောင်ရွက်တတ်သူ ဖြစ်ခြင်း၊

၃။ မိမိ၏စည်းစိမ်ဥစ္စာကို မျှတစွာခွဲခြမ်းလျက် အကျိုးရှိအောင် လှူဒါန်းတတ်သူဖြစ်ပြီး

၄။ သာသနာတော်အား ထိခိုက်ပျက်သုဉ်းမည့်အရေးကို မြင်ပါက သာသနာကြီးပွားရာ ကြီးပွားကြောင်းကိုသာ



ထောက်ထား၍ မနားမနေ ကြိုးစားအားထုတ်သူဖြစ်ခြင်း

၅။ အယူဖြောင့်မှန်ပြီး အခြားအခြားသော လောကီမင်္ဂလာကိစ္စတို့၌ ပါဝင်ပတ်သက်ခြင်းမရှိ၊ မိစ္ဆာဒိဋ္ဌိ အယူကိုဆန့်ကျင်ခြင်း၊ တိတ္ထိကိုးကွယ်မှုမှ ကင်းဝေးခြင်း

၆။ ကံသုံးပါးဖြစ်သည့် ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှုတို့ကို ကျူးလွန်ခြင်းမရှိအောင် ထိန်းသိမ်းတတ်ခြင်း

၇။ အတူနေ အိမ်သူအိမ်သားတို့နှင့်လည်းကောင်း၊ အပေါင်းအသင်း၊ ရောင်းရင်း၊ လုပ်ကိုင်ဖော်လုပ်ကိုင်ဖက်တို့နှင့်လည်းကောင်း၊ ကျောင်းနေသံဃာတော်တို့နှင့်လည်းကောင်း ရန်သူတွေ့ရမရှိ၊ ငြူစူခြင်းကင်းလျက် သာသနာတော်ကို ခုတုံးမလုပ်ခြင်း၊ မလွှားကြွားခါမှုမရှိခြင်း

၈။ ဘုရားရတနာကို ကိုးကွယ်ခြင်း

၉။ တရားရတနာကို ကိုးကွယ်ခြင်း
(ပရိယတ္တိ၊ ပဋိပတ္တိတို့၌ မွေ့လျော်ခြင်း)

၁၀။ သံဃာရတနာကို ကိုးကွယ်ခြင်း
(သံဃာ၏ ဂုဏ်တော်ကို နားလည်ခြင်း)

စသော အခြေခံအရည်အချင်း ၁၀ ချက်နှင့် ကိုက်ညီမှုပြည့်စုံမှုရှိမှသာလျှင် ဥပါသကာဂုဏ်ရည်နှင့် ပြည့်စုံသော ဥပါသကာ စစ်စစ် ဖြစ်လေ၏။

❐

www.burmeseclassic.com

www.burmeseclassic.com


## ကျမ်းကိုးစာရင်း


၁။ ကြေးမုံသတင်းစာ (၉. ၅. ၂၀၁၀)

၂။ ကလျာမဂ္ဂဇင်း (၁၀နှစ်ပြည့်)၊ ၁၉၉၅ ဇန်နဝါရီလ

၃။ ကုန်းဘောင်ခေတ် ပုဂံမြေ *(တင်နိုင်တိုး)*

၄။ ခေတ်ဟောင်းသတင်းစာများကပြောသော ၁၂ လရာသီ အဖြစ်အပျက်များ *(တင်နိုင်တိုး)*

၅။ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ *(ချမ်းမြေ့ဆရာတော်)*

၆။ ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းများ

၇။ ဂန္ဓာရီမဂ္ဂဇင်း (၂၀၁၀၊ စက်တင်ဘာလ)

၈။ စံမြင့်မှတ်စု *(မင်းလူစံမြင့်)*

၉။ စာပေဝိဉာဉ်လိပ်ပြာများ၏ အရှုဏ်သစ်များ *(မော်ဝန်းကြည်မြတ်)*

၁၀။ ဆရာမြတ်ဂုဏ်ရည် *(မဟာသဒ္ဓမ္မဇောတိကဓဇ၊ တက္ကသိုလ်သျှင်သီရိ–ဓမ္မာစရိယ၊ ဘိအေ)*

၁၁။ ဆရာတော်ကြီး (၁၄) ပါး၏ ဝိပဿနာဩဝါဒများ *(အမရပူရဦးတော်)*

၁၂၊ ဉာဏ်လင်း ဓမ္မစာပဒေသာ (၁၉၉၅၊ ဧပြီလ)

၁၃။ နွေတပေါင်းမိုး ပြန်ပြောင်းအောက်မေ့ *(မကြွယ်ကြွယ်)* ကနောင်ဂျာနယ်၊ အတွဲ(၁၂)၊ အမှတ် (၉)

၁၄။ နိုင်ငံသမိုင်း၊ သုတေသနစာစောင် (၂)

၁၅။ နှစ် (၉၀) ပြည့်အထိမ်းအမှတ်၊ ရွှေလက်ဆင့်မဂ္ဂဇင်း

၁၆။ နဝရတ်ရတု ဂုဏပ္ပဘာ

၁၇။ ပေါ်ပြူလာဂျာနယ်

၁၈။ ပထမမြန်မာများ *(မင်းယုဝေ)*

၁၉။ ဖွားဦးဖွန်း အတ္ထုပ္ပတ္တိ *(စာပေဗိမာန်)*

၂၀။ ဗုဒ္ဓဝင်ရုပ်စုံ *(မင်းယုဝေ)*

၂၁။ ဗမာပြည် နှစ်ပေါင်း ၂၀၀– မှတ်တမ်းကြီး *(ကမ္ဘောဇ မြင့်လွင်)*

၂၂။ ဘုန်းရောင်ဂျာနယ်

၂၃။ မြကေတု၏ ဆောင်းပါးများ

၂၄။ မုန်တိုင်းအကြောင်း သိကောင်းစရာ *(ဒေါက်တာထွန်းလွင်၊ မိုးလေဝသပညာရှင်)*

၂၅။ မြန်မာ့အလုပ်သမား လှုပ်ရှားမှု (၁)

၂၆။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ စာဆိုတော်နေ့ သမိုင်းအကျဉ်း (၁၃၆၁ ခုနှစ်၊ မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနား[illegible])

၂၇။ မြန်မာနိုင်ငံ စာနယ်ဇင်းမှတ်စုများ (သခါ)

၂၈။ မန္တလေးအဘိဓာန် *(နေထွတ်)*


www.burmeseclassic.com

www.burmeseclassic.com

၃၀။ မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း (၂၀၁၀၊ မေလ)
၃၁။ မြတ်ရွှေတိဂုံ *(မောင်ဆုရှင်)*
၃၂။ မော်နီတာ သတင်းဂျာနယ်
၃၃။ မဏိဇောတ မဂ္ဂဇင်း
၃၄။ မြတ်ပန်းရဂုံ ဘာသာရေးမဂ္ဂဇင်း
၃၅။ မြန်မာနိုင်ငံသမိုင်းသစ် *(ဦးအောင်သိန်းဟန်)*
၃၇။ ရဟန္တာစစ်တမ်း *(ဓမ္မာစရိယ ဦးအောင်ဆန်း)*
၃၈။ ရတနာမွန်မဂ္ဂဇင်း
(၁၉၉၀၊ ဩဂုတ်၊ ၁၉၈၈ နိုဝင်ဘာ)
၃၉။ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး
သမိုင်းသစ် (ကျော်ခင်ဟန်- **B.A, Dip.Ed.**)
၄၀။ လယ်တီမဟာထေရုပ္ပတ္တိကထာ
၄၁။ ဝိဇ္ဇာစရ ပကာသနီကျမ်းရင်းကြီး
၄၂။ သုပဏ္ဏက၊ ဂဠုန်ရာဇာသန္ဓေစရာ ဖြူးမြို့ရဲ့ လက်ဖွဲ့
ရိုးပေါ်ကရွာ *(ပုဂံပျံ့ချို)*
(နှစ် ၉၀ ပြည့် ရွှေလက်ဆင့်မဂ္ဂဇင်း)
၄၃။ သခင်ကိုယ်တော်မှိုင်း (ဦးလွန်းအတ္ထုပ္ပတ္တိ)
*(သိန်းဖေမြင့်)*
၄၄။ သိဒ္ဓိဝင်ဂါထာတော်များနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
*(သုသုက)*
၄၅။ အပ္ပုပိုင်းဒေသ၏ အိုအေစစ် (ပုပ္ပား) *(တင်နိုင်တိုး)*
၄၆။ ဦးသန့်အတ္ထုပ္ပတ္တိ *(တက္ကသိုလ်စိန်တင်)*

www.burmeseclassic.com